# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၁၅ ခုနှစ်၊ ဧပြီ ၁၈ ရက်၊ စနေနေ့၊ | အတွဲ [၅၄]၊ အမှတ် [၁၉၅]


**အပ္ပမာဒ မင်္ဂလာ**

**ကုသိုလ်ကောင်းမှုတရားတို့၌ မမေ့မလျော့ခြင်း၊ အမြဲသတိရနေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-အာဖရိက ထိပ်သီး အစည်းအဝေး တက်ရောက်မည်

**နေပြည်တော် ဧပြီ ၁၈**

အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကို ဝီဒိုဒို၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့များတွင် ကျင်းပပြုလုပ်မည့် အာရှ-အာဖရိက ထိပ်သီးအစည်းအဝေး၊ ၁၉၅၅ အာရှ-အာဖရိက ညီလာခံ (ဘန်ဒေါင်းညီလာခံ)၏ နှစ် (၆၀)မြောက် အထိမ်းအမှတ်နှင့် အာရှ-အာဖရိက မဟာဗျူဟာမိတ်ဖက်သစ် (၁၀) နှစ်မြောက် အထိမ်းအမှတ်တို့သို့ တက်ရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရမည်းသင်းမြို့နယ် ထိန်ကန်ကျေးရွာအုပ်စု ညောင်ပင်ကိုင်းကျေးရွာ၌ ယဉ်ကျေးလိမ္မာသင်တန်းကျောင်းမှ ကျောင်းသူများက သက်ကြီးအဘွားများအား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ခြေသည်းညှပ်ပေးခြင်းဖြင့် ကုသိုလ်ယူစဉ်။

ဓာတ်ပုံ-အတ်ကလေး(ရမည်းသင်း)

# ကုသိုလ်ကောင်းမှု အစဉ်အလာမပျက် နှစ်ဆန်း ၁ ရက်


စာမျက်နှာ-၁၁

**မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ မရှိနိုင်**

(Admin Head, KTN Logistic & Transportation)

(EATON LOGISTIC CO.,LTD.)

# အောင်မြင်တိုးတက်သောနှစ်

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်သည်ကား ကုန်လွန်ခဲ့လေပြီ။ ၁၃၇၇ ခုနှစ်တည်းဟူသော ကာလအပိုင်းအခြားသို့ စတင်ကူးပြောင်းလေပြီ။ ဤသို့ တစ်နှစ်ကုန်၍ တစ်နှစ်ကူးပြောင်းခဲ့ခြင်းနှင့်အတူ နှစ်သစ်အခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်းတို့အနေဖြင့် ကောင်းသောအမှု၊ ကောင်းသောအလုပ်၊ ကောင်းသောအကြံအစည်တို့ဖြင့် ကုန်လွန်ကြ၊ ဖြတ်သန်းကြရပေဦးမည်။ တစ်နည်းအားဖြင့် နှစ်သစ်အခါသမယမှသည် နှစ်ဟောင်းက ညစ်ညမ်းသောအမှုကိစ္စမှန်သမျှ သန့်ရှင်းစင်ကြယ်ပြီးသကာလ စိတ်သစ်လူသစ် အကြံအစည်သစ်တို့ဖြင့် ကြီးပွားတိုးတက်အောင် ကြံစည်အားထုတ်သွားကြရမည် ဖြစ်ပါသည်။

လူတို့မည်သည် အမှားအယွင်းများ၊ အားနည်းချက်များ ရှိတတ်ပါသည်။ ထိုအမှားအယွင်းများ နှစ်သစ်တွင် ပါမသွားရလေအောင် သတိပြုကြရမည်ဖြစ်ပါသည်။ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း မည်သည့်အလုပ်၊ မည်သည့်အမှုကိစ္စ၊ မည်သည့်အကြံအစည်အလုပ်အကိုင်တို့သည် အားနည်းချက်များ၊ အားသာချက်များရှိသည်ကို ပြန်လည်ဆင်ခြင်သုံးသပ်နိုင်ရမည်ဖြစ်ပါသည်။ အားနည်းချက်များကို ပြုပြင်ပြီး အားသာချက်များကို ဆက်လက်တိုးတက်အောင် ကြိုးစားအားထုတ်ကြရပါမည်။ သို့မှသာ တိုးတက်သော၊ အောင်မြင်သောနှစ်ဆီသို့ ဆောက်ကြဉ်းနိုင်ကြမည်ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်သည်ကား မြန်မာပြည်သူပြည်သားအားလုံးအတွက် တိုးတက်ကောင်းမွန်သော နှစ်ကောင်းနှစ်သစ်ပင်ဖြစ်ပါသည်။ ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်နှင့်အတူ ပြည်သူပြည်သားအားလုံးကလည်း ကောင်းသောအကြံအစည်တို့ဖြင့် ပြုမူလုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပြီးခဲ့သည့် တစ်နှစ်တာအတွင်း လူတစ်ဦးတစ်ယောက်မှအစ တစ်နိုင်ငံလုံးအတိုင်းအတာအထိ မည်ရွေ့မည်မျှတိုးတက်ခဲ့သည်ကို ပြန်လည်ဆင်ခြင်စဉ်းစားသုံးသပ်ပြီး ရှေ့ဆက်ကောင်းအောင် ကြိုးစားသွားပါမည်ဟူသော ခံယူချက်များထားရှိကာ ယနေ့မှစကာ အရှိန်အဟုန်ပြင်းစွာ လုပ်ကိုင်သွားကြရမည်ဖြစ်ပါသည်။ နှစ်တစ်နှစ်ကို အချည်းအနှီးမကုန်လွန်စေ သင့်ပါ။ အကျိုးရှိသောနှစ်၊ တိုးတက်သောနှစ် ဖြစ်သင့်ပါသည်။ လူသည် တစ်နှစ်ပြီးတစ်နှစ် အသက်ကြီးလာသကဲ့သို့ တိုးတက်အောင်မြင်မှုများလည်း တိုးလာရမည်ဖြစ်ပါသည်။

သို့ရာတွင် ကျွန်ုပ်တို့မြန်မာလူမျိုးများသည် အေးအေးလူလူနေတတ်ကြသူများပီပီ တစ်နှစ်တာအတွင်း ရည်မှန်းချက်များ အစီအမံများထားရှိကာ ကြိုးစားအားထုတ်ကြသူများကား အလွန်ပင်နည်းပါသည်။ အများစုမှာ ပေါ့ပေါ့ဆဆနေထိုင်သွားကြပြီး နှစ်တစ်နှစ်ကို အချည်းအနှီးကုန်လွန်စေလျက် ရှိပါသည်။ လူဆိုသည်မှာ တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာရမည်ဖြစ်ပါသည်။ သို့မှသာ လူ့ဘဝနေရခြင်းသည် အမြတ်ရှိလိမ့်မည်ဖြစ်ပါသည်။ သို့ပါ၍ လူတိုင်းလူတိုင်းသည် ရှင်မဟာရဋ္ဌသာရ၏ "ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို စွဲသုံးသောဆွေ မှန်လှစေ"ဟူသော ဆုံးမစာအတိုင်း ၁၃၇၇ ခုနှစ်ကို အောင်မြင်တိုးတက်သောနှစ်အဖြစ် ကြိုးစား အားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။

## ယာဉ်မောင်းလိုင်စင်စစ်ဆေးဖြေဆိုမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ဒုတိယဝန်ကြီး ဦးချန်မောင်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး၌ ယာဉ်မောင်းသင်တန်းတက်ရောက်မည့်သူများအား ကွန်ပျူတာစနစ်ဖြင့် စာရင်းသွင်းခြင်း၊ ယာဉ်မောင်းဖြေဆိုသူများအား Webcam ဖြင့် မှတ်တမ်းတင်ခြင်း၊ ရေးဖြေစစ်ဆေးခြင်းတွင် Computer Scanner ဖြင့် စစ်ဆေး၍အောင်စာရင်းထုတ်ပြန်ပေးခြင်း၊ ယာဉ်မောင်းလက်တွေ့စစ်ဆေးခြင်း လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ယာဉ်မောင်လိုင်စင်လာရောက်ဖြေဆိုသူများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အခက်အခဲများ ရှိ/မရှိကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံမေးမြန်းခဲ့ပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်းများနှင့်လည်း ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**

**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တကောကျေးရွာအုပ်စု တကောရေထိန်းတံခါး၌ ဇီဝိတဒါနငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်း ၁ ရက်ကကျင်းပရာ သုံးခွမြို့နယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများက ငါးအကောင်ရေ ၁၀၀၀၀ ကို တကောချောင်းအတွင်းသို့ လွှတ်ပေးစဉ်။ ကိုကျော်(သုံးခွ)**

## တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဧပြီ ၁၇**

၁၃၇၆ ခုနှစ်တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဆုရရှိသူများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အကဲဖြတ်ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပေးပြီး ဆုရရှိသည့် ကျောင်းယိမ်းအဖွဲ့နှင့် ရပ်ကွက်ယိမ်းအဖွဲ့တို့က ကပြဖျော်ဖြေတင်ဆက်ကြကြောင်းသိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၁၃၇၆ ခုနှစ် တောင်ကြီးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ပိတ်သိမ်းလိုက်ကြောင်း ပြောကြားသည်။ သင်္ကြန်ပိတ်ပွဲတွင် ရက်မြတ်သင်္ကြန် တေးသီချင်းဖြင့် တေးသံရှင် အောင်အောင်နှင့် နွေးနွေးသီရိမောင်တို့ကသီဆို၍ ယိမ်းအဖွဲ့များအားလုံးအဖွဲ့လိုက် တူညီကကွက်များဖြင့် ကပြကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဝါးခယ်မမြို့ ကျေးရွာချောင်းကူးတံတားဆောက်လုပ်

**ဝါးခယ်မ ဧပြီ ၁၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ဆောက်လုပ်မည့် ဝါးခယ်မမြို့နယ် ဂရမ်းကျေးရွာအုပ်စု ဂရမ်းချောင်းမကြီးချောင်းကူးတံတား ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဧပြီလ ပထမပတ်က အဆိုပါတံတားမြေနေရာ၌ ကျင်းပသည်။

အဆိုပါဂရမ်းချောင်းမကြီး ချောင်းကူးတံတားမှာ (၁၄၈× ၈×၁၅) ပေ သံကူကွန်ကရစ်တိုင် (၆×၁၂)လက်မ သံပေါင်ရက်မသံကူကွန်ကရစ်ကြမ်းခင်းတံတား အမျိုးအစားဖြစ်ကြောင်း သိရသည်။ **ဝါးခယ်မ-မြင့်ဦး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၁၇-၄-၂၀၁၅

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၃၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၄၃၀၀ |

**စက်သုံးဆီစျေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်စျေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၀-၁၀၈၅ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ကုန်စည်ဒိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။**

## လျှပ်စစ်ဓာတ်အားသုံးလျှင်

- ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများကို လဲလှယ်ပေးပါ။
- လျှပ်စစ်ဒဏ်ခံကြိုး (Fuse)များကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
- လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင်(သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
- လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သောအဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်၊ ဖုံးအုပ်ငြိမ်းသတ်ပါ။
- လျှပ်စစ်ဝိုင်ယာကြိုးများကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
- ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

# မြန်မာနှစ်ဆန်း ၁ ရက် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၇

၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ မှခ်ဦးဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဂဏမဟာဝိနာယက သကျသီဟ သာသနဟိတ ဝုဏဝိသိဋ္ဌသာသနဓဇ၊ သိရိပဝရ ဓမ္မာစရိယ ဘဒ္ဒန္တ ကဝိသာရအမျိုးပြုသော သံဃာတော် အရှင်မြတ်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ဖွင့်လှစ်ပြီး နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမစျေး ကုန်းကျောင်းတိုက်ပဓာနနာယက ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော် အရှင်မြတ်များက အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်မြတ်များ ထံ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းအမှူးပြုသော ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံး အသီးသီးမှ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြပြီးနောက်**(ယာပုံ)**လှူဒါန်း မှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ နှစ်သစ်မင်္ဂလာအန္တရာယ် ကင်းပရိတ်တရားတော်နာ အခမ်း အနားသို့ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေး သက်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုး သားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌ များ၊ ပြည်သူ့လွှတ်တော်ဥပဒေ ရေးရာနှင့် အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ ဝင်များနှင့် လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြ သည်။ **(သတင်းစဉ်)**

## သက်ကြီးရွယ်အို ပူဇော်ပွဲကျင်းပ

**မြောက်ဦး ဧပြီ ၁၇**

ဧပြီ ၁၇ ရက် နံနက် ၈ နာရီက မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ကြီးရွယ်အိုပူဇော်ပွဲကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တစ်ဦးလျှင် အလှူငွေကျပ် ၁၅၀၀၀ နှင့် စောင်တစ်ထည်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခင်မောင်ထွန်း**

## သင်္ကြန်အတက်နေ့ ဂန့်ဂေါ၌ သင်္ကြန်မိုးရွာသွန်း

**ဂန့်ဂေါ ဧပြီ ၁၇**

ဂန့်ဂေါမြို့နယ်တွင် သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှစတင်ကာ အေးချမ်းစွာရေကစားခြင်း၊ ရပ်ကွက်/ကျေးရွာများ၌ တရားဓမ္မဆောက်တည် ခြင်း၊ သင်္ကြန်ယိမ်းများကပြဖျော်ဖြေတင်ဆက်ကြခြင်း၊ စတုဒိယာကျွေးမွေး လှူဒါန်းခြင်းတို့ဖြင့်ကျင်းပလျက် သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲလျက်ရှိရာ သင်္ကြန်အတက်နေ့ ညနေထိတိုင် ရေကစားကြပြီး သင်္ကြန်အတက်နေ့ ညဦးပိုင်းတွင် မိုးအနည်းငယ်ရွာသွန်းသဖြင့် အေးမြစေခဲ့သည်။ **(၁၀၁)**

## မန္တလေး၌ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။**

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။**

**မြန်မာနှစ်ဆန်း ၁ ရက်က နတ်မောက်မြို့ မြို့ပေါ်ရှိ ကျောင်းတိုက် ၁၄ တိုက်မှ သံဃာတော် ၅၃၄ ပါးအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ ရာ ပျော်ဘွယ်-နတ်မောက်-တောင်တွင်းလမ်းတစ်လျှောက် စည်ကားစွာ လောင်းလှူကြစဉ်။**

ဥမ္မာခင်

## မြန်မာနှစ်ဆန်း ၁ ရက် အမှတ်(၃၁)နှင့် အောင်သိဒ္ဓိယာဉ်လိုင်း အခမဲ့ကုသိုလ်ယူပြေးဆွဲ

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ ဘေလီတံတားဂိတ်စမှ ရန်ကုန် မြို့တွင်းလမ်းမတော်-ဘုန်းကြီးလမ်း- စံပြရုပ်ရှင်ရုံ ဂိတ်ဆုံးထိပြေးဆွဲနေ သည့် အမှတ်(၃၁) မထသယာဉ်လိုင်း မှ ယာဉ် ၁၅ စီးသည် ယနေ့နံနက်ပိုင်းမှ ညနေပိုင်းအထိ ခရီးသည်များထံမှ စီးနင်းခမယူဘဲ အသွား/အပြန် အခမဲ့ကုသိုလ်ယူပြေးဆွဲပေးသည်ကို ကိုယ်တိုင်စီးနင်းခွင့်ရခဲ့သည်။

ထို့အတူ ရန်ကုန်အရှေ့ပိုင်းခရိုင် အောင်သိဒ္ဓိယာဉ်လိုင်းမှ ယာဉ် ခြောက်စီးသည် နံနက်ပိုင်းမှ ညနေ ပိုင်းအထိ မြောက်ဒဂုံဘုန်းကြီးကျောင်း ဂိတ်စမှ ရန်ကုန်မြို့တွင်း လမ်းမတော်- ကျုံးကြီး-မော်တင် ဂိတ်ဆုံးအထိ အသွား/အပြန် ခရီးစဉ်အတွင်း လိုက်ပါစီးနင်းကြသည့် ခရီးသည်များ ထံမှစီးနင်းခမယူဘဲ အခမဲ့ကုသိုလ်ယူ ပြေးဆွဲပေးသည့်အပြင် ခရီးသည် တစ်ဦးချင်းစီကို သကြားလုံးများ ဝေငှ လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်မြို့ တာမွေ မြို့နယ် ကျောက်မြောင်းရပ်ကွက် လွယ်အိတ် ပရဟိတအသင်းလူမှုကူညီ ရေးနှင့် သွေးလှူရှင်များအဖွဲ့သည် ငါးနှစ်မြောက်အလှူဒါနအဖြစ် ယနေ့ မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်း မှ မွန်းလွဲပိုင်းအထိ ဘုရားဖူးခရီးသည် ၃၀ ဆံ့ မော်တော်ယာဉ်ငယ်နှစ်စီး ဖြင့် ရွှေတိဂုံစေတီတောင်ဘက်မုခ်မှ သိမ်ကြီးဈေး-ဗိုလ်တထောင်စေတီသို့ အသွား/အပြန်အခကြေးငွေမယူဘဲ ကုသိုလ်ယူပို့ဆောင်ပေးသည့်အပြင် ယာဉ်စီးနင်းသူ တစ်ဦးချင်းအား သောက်ရေသန့်တစ်ဘူးစီ လှူဒါန်း ခဲ့ကြောင်း သိရသည်။

**ကိုချစ်**

*✻ ကျော်ဖုံးမှ*

အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမျိုးပြုသည့် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဓမ္မစကြာဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိ သူများက နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော် များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ သည်။

အလားတူ နေပြည်တော်သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ရှိ မင်္ဂလာရေကန်တော်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ နေပြည်တော် ကောင်စီဝင်များ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးမှ ဝတ်အသင်းအဖွဲ့များက မဟာဗောဓိမင်္ဂလာ ရေကန်တော်အတွင်းသို့ ဇီဝိတဒါန ငါးကောင်ရေ နှစ်သောင်းငါးထောင်အား ဘေးမဲ့သက်လွှတ် ကုသိုလ်ပြုကြ သည်။

ထို့အတူ နေပြည်တော်ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာ၌ ရှိုင်ရယ်မြန်မာတီးမစ်ကဦးစီး၍ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ လူငယ်မောင်မယ်များက အဘိုးအဘွား ၃၅ ဦးအား ခြေသည်း၊ လက်သည်းများ ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ နှိပ်နယ်ပေးခြင်းစသည့် လုပ်အား ဒါနများဖြင့် ကုသိုလ်ယူကြသည်။ **(ယာပုံ)**

နှစ်သစ်ကူးအခါသမယနေ့ အထိမ်းအမှတ်အဖြစ် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ ကိုးခန်းဘုရားကြီး၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီ တော်စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလ ခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်း သူများဖြင့် ကုသိုလ်ဒါန ပြုလုပ်ပွားများနေကြသည်ကို လည်း တွေ့မြင်ကြရသည်။

နှစ်သစ်ဦးမင်္ဂလာနေ့ ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်များ၊ ဝန်ကြီးဌာနများ၊

အသင်းအဖွဲ့များ၌ ဆရာတော် သံဃာတော်များပင့်ဖိတ်ပြီး ပရိတ်တရားတော်များ၊ အနန္တရာယိက ကမ္မဝါစာများ နာကြားကြ၍ ကောင်းခြင်းမင်္ဂလာများပွားများကြရာ ကုသိုလ်ဒါနပြုလုပ်သူများ၏ ကောင်းမှုဒါန အောင်စည် အောင်မောင်းသံများသည် ဘဝဂ် လျှံတက်လျက်ရှိနေ ပေသည်။ **(သတင်းစဉ်)**

# ယီမင်တောင်ပိုင်းရှိ လေဆိပ်အယ်လ်ခိုင်ဒါများသိမ်းပိုက်

**ဆာနား ဧပြီ ၁၇**

အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါ စစ်သွေးကြွများသည် ယီမင်တောင်ပိုင်းရှိ လေဆိပ်တစ်ခုကို သိမ်းပိုက်လိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဟာဒရာမောပြည်နယ် မူခါလာမြို့ အဓိကလေဆိပ်ရှိ အစောင့်တပ်ဖွဲ့ဝင်များ ထွက်ပြေးခဲ့ရကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ အယ်လ်ခိုင်ဒါစစ်သွေးကြွများကြောင့် ယီမင်နိုင်ငံအတွင်း မငြိမ်မသက်မှုများ ပို၍ဆိုးရွားလာကြောင်း၊ ယခုလအစောပိုင်းက မူခါလာမြို့ကို သိမ်းပိုက်ခဲ့ကြောင်းနှင့် အကျဉ်းစခန်းတစ်ခုမှအကျဉ်းသားများလည်း ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့သည် ယီမင်နိုင်ငံအတွင်း အင်အားကြီးထွားလာသော ရှီးယိုက်ဟူသီသူပုန်များအပေါ် ဗုံးကြဲတိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

ဟူသီသူပုန်များသည် ပြီးခဲ့သည့် စက်တင်ဘာလက မြို့တော်ဆာနားကို တိုက်ခိုက်သိမ်းပိုက်ခဲ့သဖြင့် သမ္မတမန်ဆောဟာဒီ ထွက်ပြေးခဲ့ရသည်ဟုဆိုသည်။ အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများသည် ယီမင်တောင်ပိုင်း ဆိပ်ကမ်းနှင့် ရေနံတင်ဆိပ်ကမ်းတို့ကိုလည်း သိမ်းပိုက်ထားသည်။ **(ဘီဘီစီ)**

# အမေရိကန်ကျောင်းသားများအကြား အီး-စီးကရက်သောက်နှုန်းမြင့်တက်လာ

**နယူးယောက် ဧပြီ ၁၇**

၂၀၁၄ ခုနှစ်၌ အမေရိကန် အထက်တန်းနှင့် အလယ်တန်းကျောင်းသားများကြား အီး-စီးကရက်သောက်သုံးမှုသည် သုံးဆမြင့်တက်ခဲ့ပြီး ပုံမှန်ဆေးလိပ်သောက်သုံးမှု လျော့ကျခဲ့ကြောင်း အချက်အလက်သစ်များအရ သိရသည်။

ရောဂါဗေဒ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနမှ အချက်အလက်များအရ အထက်တန်းကျောင်းသားများကြား အီး-စီးကရက်သောက်သုံးခြင်းသည် ၂၀၁၃ ခုနှစ်၌ ၄ဒသမ ၅ ရာခိုင်နှုန်းမှ ၂၀၁၄ ခုနှစ်တွင် ၁၃ ဒသမ ၄ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်ကို သိရသည်။ အလားတူပင် ပုံမှန်ဆေးလိပ်သောက်သုံးမှုမှာ ၁၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၉ ဒသမ ၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

အထက်တန်း ကျောင်းသားများကြား ဆေးရွက်ကြီးသောက်သုံးမှုသည် ၂၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၂၄ ဒသမ ၆ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်။ ပုံမှန်ဆေးလိပ်သောက်သုံးသူများ နီကိုတင်းစွဲလမ်းလာမည်ကို စိုးရိမ်သည့်အတွက် အီး-စီးကရက်သောက်သုံးခြင်းကို အစားထိုးပြောင်းလဲလာခဲ့သည်။ဆေးလိပ်သောက်သုံးသူများသည် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေပြီး ပိုမိုစွဲလမ်းလာစေကာ ဆေးလိပ်သောက်သုံးမှုကို ဖြတ်တောက်ရန် မလွယ်ကူတော့ကြောင်း CDC မှ ဒေါက်တာ Tom Freden က ပြောခဲ့သည်။

အီး-စီးကရက် သောက်သုံးခြင်းသည် သာမန်ဆေးလိပ်သောက်သုံးခြင်းကို အစားထိုးပြောင်းလဲပေးသည်ကိုမူ လက်ခံရမည်ဖြစ်ကြောင်း Duke တက္ကသိုလ် ဆေးဘက်ဆိုင်ရာဌာန ဆေးလိပ်သောက်သုံးရေး ထိန်းချုပ်ရေးဌာနမှ အကြီးအကဲ Jed Rose က ပြောခဲ့သည်။ **(ရိုက်တာ)**

# တရုတ်ထိပ်တန်းသတင်းစာဆရာတစ်ဦး နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုဖြင့် ထောင်ဒဏ်ခုနစ်နှစ်ကျခံရ

**ပေကျင်း ဧပြီ ၁၇**

တရုတ်က ထိပ်တန်းသတင်းထောက်တစ်ဦးအား နိုင်ငံတော်လျှို့ဝှက်ချက်များပေါက်ကြားစေမှုဖြင့် ထောင်ဒဏ်ခုနစ်နှစ် ချမှတ်လိုက်သည်။

အသက် (၇၁ နှစ်)အရွယ် ဂေါက်ယုအား နိုင်ငံတော်လျှို့ဝှက်ချက်များကို နိုင်ငံခြားသားများသို့ ဝက်ဘ်ဆိုက်မှတစ်ဆင့် တရားမဝင်ပေးအပ်ခဲ့မှုဖြင့် ထောင်ဒဏ်ခုနစ်နှစ်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ပေကျင်းတရားရုံးက ပြောကြားသည်။

သို့သော်လည်း အဆိုပါကိစ္စနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုမူ တရုတ်နိုင်ငံက အတည်ပြုပြောကြားခြင်းမရှိဟု ဆိုသည်။ သို့သော်လည်း မှတ်တမ်းဖိုင်အမှတ် ၉ ဟု လူသိများသည့် ကွန်မြူနစ်ပါတီ မဟာဗျူဟာစာတမ်းဖြစ်နိုင်ဖွယ်ရှိသည်ဟု ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အလွန်စိတ်ပျက်မိကြောင်း၊ အယူခံဝင်သွားမည်ဖြစ်ကြောင်း ၎င်း၏ရှေ့နေ ရှန်ဘော်ဂျွန်းက ပြောသည်။ ဂေါက်အား ၂၀၁၄ ခုနှစ် ဧပြီလက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ သီတင်းပတ်များစွာအကြာ စီစီတီဗွီမှ ဂေါက်၏ဗီဒီယိုကိုထုတ်လွှင့်ခဲ့ရာ သူမက ကြီးမားသောအမှားတစ်ခုကို ကျူးလွန်မိကြောင်း ဝန်ခံပြောဆိုခဲ့သည်။

သူသည် သမ္မတဟောင်းကျန်ဇီမင်း၏ မိန့်ခွန်းအပါအဝင် ပါတီ၏မှတ်တမ်းမှတ်ရာများကို ဟောင်ကောင်သတင်းစာတစ်စောင်သို့ ပေးပို့ခဲ့သည်ဟု ဆိုသည်။

တရုတ်သတင်းထောက်များ အကာအကွယ်ပေးရေးကော်မတီ၏ အဆိုအရ ယင်းအမျိုးသမီးအပါအဝင် တရုတ်နိုင်ငံ၌ ဖမ်းဆီးခံထားရသော သတင်းထောက် ၄၄ ဦးရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# ရီယိုဒီဂျနေရိုအိုလံပစ်လှေပြိုင်ပွဲ ပြုလုပ်မည့်နေရာမှ ငါးသေတန်ချိန်များစွာဖယ်ရှား

**ရီယိုဒီဂျနေရိုး ဧပြီ ၁၇**

ဘရာဇီးအလုပ်သမားများသည် ၂၀၁၆ ခုနှစ်အတွက် လှေလှော်ပြိုင်ပွဲနှင့် ကနူးလှေပြိုင်ပွဲကျင်းပမည့် ရီယိုဒီဂျနေရိုးရှိ သတ်မှတ်နယ်မြေ၌ ငါးသေတန်ချိန်ပေါင်း ၃၃ ခန့်ကို ဖယ်ရှားခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက လာဂိုဝါရော်ဒရီဂိုဒီဖရိတ်တက်စ်၌ ငါးသေများရှင်းလင်းရေးလုပ်ငန်းကို လူ ၆၀ ပါဝင်သောအဖွဲ့က လုပ်ဆောင်လျက်ရှိကြသည်။ ရေထုညစ်ညမ်းမှုကြောင့် ငါးများအောက်ဆီဂျင်ငတ်မွတ်ကာ သေဆုံးခဲ့သည်ဟု သိပ္ပံပညာရှင်များက ဆိုသည်။

အိုလံပစ်ရွက်လွှင့်ပြိုင်ပွဲကျင်းပရန်စီစဉ်ထားသည့် ဂူရာနာဘရာပင်လယ်အော်ရှိ ရေအရည်အသွေးပြည့်မီခြင်းမရှိကြောင်းဖြင့်လည်း ပွဲတော်စီစဉ်သူများက ပူပန်ကြောင့်ကြလျက်ရှိသည်။ ရီယိုပတ်ဝန်းကျင်ဆိုင်ရာ အတွင်းရေးမှူးရုံးက ရေအပူချိန် ရုတ်တရက်ပြောင်းလဲမှုကြောင့် ငါးများသေဆုံးခြင်းဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားခဲ့သော်လည်း သိပ္ပံပညာရှင်များကမူ အဆိုပါရှင်းလင်းချက်ကို ပယ်ချခဲ့သည်။

အဏ္ဏဝါဗေဒပညာရှင် ပေါလ်ရိုစ်မန်က ရေညှိရေမှော်များ ပွင့်ဖူးလာခြင်းသည် ရေထဲရှိ ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏကို တိုးပွားလာစေသည်ဟု ပြောခဲ့သည်။ **(ဘီဘီစီ)**

# တောင်တရုတ်ပင်လယ် အငြင်းပွားကျွန်းတွင် တရုတ်လေယာဉ်ပြေးလမ်းတည်ဆောက်

**ပေကျင်း ဧပြီ ၁၇**

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်ရှိ အငြင်းပွားလျက်ရှိရာ ကျွန်းပေါ်တွင် လေယာဉ်ပြေးလမ်းတစ်ခု တည်ဆောက်နေပုံကို ဂြိုဟ်တုဓာတ်ပုံများက ပြသထားကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်၏ လေယာဉ်ပြေးလမ်းတည်ဆောက်ရေးလုပ်ငန်းကို စပရက်လေကျွန်းရှိ သန္တာကျောက်တန်းပေါ်တွင် လုပ်ဆောင်ထားခြင်းဖြစ်သည်ဟု ဂြိုဟ်တုဓာတ်ပုံများက ဖော်ပြသည်။

ပြေးလမ်း မီတာ ၃၀၀၀ ထိ ရှည်လျားသော တရုတ်နိုင်ငံ၏ လေယာဉ်ကွင်း တည်ဆောက်မှုလုပ်ငန်းနှင့်ပတ်သက်ပြီး အာရှ-ပစိဖိတ်ဒေသတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်စေခဲ့သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နှင့် ဖိလစ်ပိုင်အပါအဝင် အာရှနိုင်ငံအတော်များများက မိမိတို့၏ ပိုင်နက်ဖြစ်သည်ဟု တစ်ထပ်တည်းပြောဆိုနေသည့် တောင်တရုတ်ပင်လယ်တစ်ခုလုံးနီးပါးကို မိမိ၏ ပိုင်နက်အဖြစ် ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင် စစ်စခန်းအဖြစ် အသုံးပြုဖွယ်ရှိသည့် လူလုပ်ကျွန်းတစ်ခုကို ဖန်တီးရန် စီစဉ်နေသည်ဟု အခြားအာရှနိုင်ငံများက တရုတ်နိုင်ငံကို စွပ်စွဲလျက်ရှိသည်။

တရုတ်က ၎င်း၏လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းသည် တရားဝင်ကြောင်း၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်းဖြင့် ပြောသည်။ **(ဘီဘီစီ)**

တရုတ်နှင့်ဖိလစ်ပိုင် အငြင်းပွားနေသော စပရက်လေကျွန်းကိုတွေ့ရစဉ်။

# နတ်မောက်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသည့် ကျေးရွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**နတ်မောက် ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ဧပြီ ၁၃ ရက်ည ၁၀ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးသည့် ပ-ငွေးချိုကျေးရွာအုပ်စု ပင်းမြို့ကျေးရွာသို့ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်၍ ဧပြီ ၁၅ ရက် ညနေ ၃ နာရီက အဆိုပါကျေးရွာ မဟာဗောဓိရွှေညောင်တော်ကျောင်းတိုက်၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် သုံးသိန်းနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ်နှစ်သိန်း စုစုပေါင်း ငါးသိန်းကို ကျေးရွာပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများလန်၍ ပျက်စီးသွားသော စာသင်ကျောင်းကို တွေ့ရစဉ်။

လေပြင်း တိုက်ခတ်မှုကြောင့် ပင်းမြို့ကျေးရွာ အထက(ခွဲ)ကျောင်းဝင်းအတွင်းရှိ မူလတန်းကျောင်းဆောင်(၁၀၀×၂၄)ပေမှာ ပေ ၂၀ ငါးခန်း အမိုးလန်ခဲ့ပြီး ခြောက်ပေသွပ် ၂၀၈ ချပ်၊ ဒိုင်းမြား(၄×၂)လက်မ ၂၅ ချောင်း၊ (၃×၂) လက်မ ၁၀၃ ချောင်း ပျက်စီးလေလန်ခဲ့ပြီး ကျောင်းဆောင် ပြန်လည်ပြုပြင်ခြင်းအား အများပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှုဖြင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အမီ ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ပင်းမြို့ကျေးရွာ၌ သွပ်မိုးအုတ်ညှပ်သုံးအိမ်၊ သွပ်မိုးထရံကာ ၄၅ အိမ်၊ ထန်းရွက်မိုးထရံကာနှစ်အိမ်၊ အိမ်ခြေ ၅၀ တွင် နှစ်အိမ်မှာ အိမ်ခေါင်မိုးလေလန်ခဲ့ပြီး ကျန်အိမ်များမှာ သွပ်အချပ်ရေ အနည်းငယ်လေလန်ခဲ့သဖြင့် မိမိတို့၏ အစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပ-လက်ခုတ်ပင် ကျေးရွာအုပ်စု ပ-လက်ခုတ်ပင်ရွာမှ သွပ်မိုးထရံကာ သုံးအိမ်၊ သွပ်မိုးအုတ်ညှပ်တစ်အိမ်၊ စရံအိုင့်ကျေးရွာမှ သွပ်မိုးထရံကာ သုံးအိမ်၊ သင်ပန်းတောကျေးရွာမှ သွပ်မိုးထရံကာနှစ်အိမ် စုစုပေါင်း အိမ်ခြေ ၅၉ အိမ်၊ သွပ်အချပ်ရေ ၁၁၄၉ ချပ် ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပင်းမဟာဗောဓိရွှေညောင်တော် အရှေ့မြောက်ဘက်ကိုင်း ကျိုးကျမှုကြောင့် ဉာဏ်တော် ၁၅ ပေရှိ စေတီမှာ ထီးတော်ပြုတ်ကျခဲ့ပြီး ၎င်းစေတီကို ပင်မစစ်လက်နက်ပစ္စည်း (နတ်မောက်)တပ်မှူး ဗိုလ်မှူးချုပ် လှဇော်က ပြန်လည်ပြုပြင်မွမ်းမံသွားမည်ဖြစ်သည်။ စေတီငယ်နှစ်ဆူမှာ အနည်းငယ် တိမ်းစောင်းခဲ့သဖြင့် ပြန်လည်ပြုပြင်ခြင်းကို အလှူရှင်ဒါယကာများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုဒဏ်ခံရသည့်ကျေးရွာများသို့ နယ်မြေခံတပ်မှ စစ်သည်ရဲမေများ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့များ၊ ကျေးရွာအုပ်စုအရန်မီးသတ်တပ်ဖွဲ့များဖြင့် ကျေးရွာဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် ကျေးရွာအတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ရေပက်ခံထွက်လည်သည့်ကား တောင်ညွန့်၌တိမ်းမှောက် လူနှစ်ဦးသေဆုံး၊ ၁၄ ဦးဒဏ်ရာရ

**ရန်ကုန် ဧပြီ ၁၇**

ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ ညနေ ၃ နာရီ ၄၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်းရှိ ယောမင်းကြီးလမ်း ဘတ်စ်ကားမှတ်တိုင်အနီးတွင် သင်္ကြန်ရေပက်ခံထွက်လည်သော လိုက်ထရပ်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်ကာ လူနှစ်ဦး အခင်းဖြစ်နေရာတွင်ပင် သေဆုံးပြီး တစ်နှစ်ခွဲအရွယ် ကလေးငယ်နှစ်ဦး အပါအဝင် အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးလေးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

ဖြစ်ပွားပုံမှာ အဆိုပါညနေက မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ကွင်း အနောက်ဘက် တစ်လမ်းမောင်းဖြစ်သော ဂျိုးဖြူလမ်းကျယ်တွင် တောင်မှမြောက်သို့ ဒဂုံ(အရှေ့)မြို့နယ် (၁၂၅)ရပ်ကွက် မြသိင်္ဂီလမ်းနေ ယာဉ်မောင်း အောင်စံအေး (၄၀ နှစ်) မောင်းနှင်လာသော ရေပက်ခံထွက်သည့် အပြာရောင်စူဇူကီး အမျိုးအစား လိုက်ထရပ်ယာဉ်အမှတ် ၂ဂ/------ သည် ကွေ့ယာဉ်ကြောဖြစ်သည့် ယောမင်းကြီးလမ်း ဘတ်စ်ကားမှတ်တိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လူသွားပလက်ဖောင်းကို ကာရံထားသော သံလက်ရန်းကများကို တရှွတ်တိုက်ပွတ်ဆွဲကာ တစောင်းတိမ်းမှောက်သွားခဲ့သည်။ ယာဉ်ပေါ်ပါ စိုးသီဟ(၂၀ နှစ်)နှင့် ကြည်မင်းစိုး( ၂၅ နှစ်)တို့မှာ ယာဉ်ပေါ်မှလွင့်စဉ်ပြီး အခင်းဖြစ်နေရာတွင်ပင် ဒဏ်ရာများဖြင့်သေဆုံးသွားခဲ့သည်။ ကျန်အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး လေးဦးတို့မှာ ဒဏ်ရာရရှိကြ၍ စံပြဖဆပလရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဦးအောင်သစ်နှင့် ရပ်ကွက်ပြည်သူများက သက်ဆိုင်ရာများသို့ သတင်းပေးပို့ပြီး ဒဏ်ရာရလူနာများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကြက်ခြေနီ သူနာပြုယာဉ်များဖြင့် ပေးပို့ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ယာဉ်မတော်တဆ တိမ်းမှောက်ရာတွင် အသက် တစ်နှစ်ခြောက်လအရွယ်ရှိ စုသန္တာလင်းနှင့် အသက်တစ်နှစ်ရှစ်လအရွယ်ရှိ ကြယ်စင်တို့ ပါရှိသော်လည်း ကံအားလျော်စွာ အနည်းငယ်သာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ မင်္ဂလာတောင်ညွန့် မြို့မရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ဇော်မျိုးကျော်က တရားလိုပြုလုပ်ကာ ယာဉ်မောင်းသူ အောင်စံအေး(၄၀ နှစ်)ကို အမှုဖွင့်အရေးယူထားသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ဟင်္သာတ-ပုသိမ် ကားလမ်းပေါ်တွင် တံတားပေါ်မှ ကားထိုးကျတိမ်းမှောက် ယာဉ်ပေါ်ပါသူ တစ်ဦးသေဆုံး

**ဟင်္သာတ ဧပြီ ၁၇**

ဟင်္သာတမြို့နယ် ကျောင်းကွင်းကျေးရွာအလွန်၌ ဧပြီ ၁၇ ရက် နံနက် ၅ နာရီက ကားတစ်စီးအရှိန်လွန်၍ တံတားအောက်သို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နိဗ္ဗာန်နယ်မြေရဲစခန်းမှ ဒုရဲအုပ်တင်မောင်စိုး လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဧပြီ ၁၇ ရက် နံနက် ၅ နာရီတွင် ကားတစ်စီးအရှိန်လွန်၍ တံတားအောက်သို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိ၍ သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဟင်္သာတမြို့နယ် ကျောင်းကွင်းကျေးရွာ ဟင်္သာတ-ပုသိမ် ကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၀)ကွန်ကရစ်တံတားပေါ်မှ ဟင်္သာတမှ ပုသိမ်သို့ ခရီးသည်များတင်ပြီး ယာဉ်မောင်း သက်ဝေယံ(၁၉ နှစ်) (၁)ရပ်ကွက် ပုသိမ်မြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် တင်စိုး(၃၉ နှစ်) ဇောတိကလမ်း ကနောင်စုရပ်ကွက် ဟင်္သာတမြို့နေသူ လိုက်ပါမောင်းနှင်လာသည့် ယာဉ်အမှတ် ၉က/----- အမျိုးအစား CANTER(ဖြူပြာကျား)မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ခြမ်းကို ထိုးဆင်းသွားရာ တံတားပေါင်ကို တိုက်မိပြီး တံတားအောက်သို့ ထိုးကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါသူ ဝေယံစိုး(၁၉ နှစ်) ဇောတိကလမ်း ကနောင်စုရပ်ကွက် ဟင်္သာတမြို့နေသူမှာ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး အခြားခရီးသည်များတွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ သက်ဝေယံကို နိဗ္ဗာန်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ထူးခြားသည့် နေ့အပူချိန်များ

မင်းဘူးမြို့ ၄၃ ဒီဂရီစင်တီဂရိတ်
မကွေးမြို့ ၄၃ ဒီဂရီစင်တီဂရိတ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

ကျောက်ဆည်မြို့
၁ ဒသမ ၅၇ လက်မ

ကျောက်မဲမြို့
၀ ဒသမ ၇၅ လက်မ

ပလက်ဝမြို့
၀ ဒသမ ၂၄ လက်မ

# မင်းတပ်မြို့ စံပြရပ်ကွက်၌ အိမ်ခြောက်လုံးမီးလောင်

**မင်းတပ် ဧပြီ ၁၇**

ချင်းပြည်နယ် မင်းတပ်မြို့ စံပြရပ်ကွက် ကွက်စိပ်(၇)တွင် ဧပြီ ၁၆ ရက် ည ၁၀ နာရီခွဲက ပုဂ္ဂလိကနေအိမ်မှစ၍ မီးလောင်ရာ ဈေးဆိုင်ကြီးတစ်ဆိုင် အပါအဝင် ပုဂ္ဂလိကအိမ်ခြောက်လုံး မီးလောင်ကျွမ်းသွားသည်။ **(ယာပုံ)**

ဒေါ်ရှီလိုင်း၏နေအိမ်တွင် ဖယောင်းတိုင်မီးထွန်းရာမှ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားကြောင်းနှင့် ဧပြီ ၁၇ ရက် နံနက် ၀၀း၄၅ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အိမ်ထောင်စု ရှစ်စုရှိ မီးဘေးဒုက္ခသည် ၃၈ ဦးကို ၎င်းတို့၏ မိဘဆွေမျိုးသားချင်းများအိမ်၌ ယာယီနေထိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သတ္တသတ္တာဟကို အနီးကပ်ဖူးမြော်ခွင့်ရခဲ့ခြင်း

ပါမောက္ခ မင်းဓာတု

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်တစ်ခုအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်မှ မတ်လ ၄ ရက်အထိ သာကီနွယ်ဘုရားဖူးအဖွဲ့နှင့် စာရေးသူလိုက်ပါသွားခဲ့ပါသည်။ ဗုဒ္ဓဖွားတော်မူရာ၊ ပွင့်တော်မူရာ၊ ဓမ္မစကြာတရားဟောကြားတော်မူရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ဌာနများသာမက အခြားသော ဗုဒ္ဓဘုရားရှင်နှင့်သက်ဆိုင်သည့် နေရာဒေသများကိုပါ စုံလင်အောင် ပို့ဆောင်ပေးပါသည်။ ၁၅ ရက် ခရီးဖြစ်သောကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်နယ်နှစ်ခုဖြစ်သော ဘီဟာပြည်နယ်နှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်များအတွင်း မိုင်ပေါင်း ၁၇၀၀ မျှ မော်တော်ကားစီးပြီး လှည့်လည်ပူဇော်ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။ ထိုခရီးစဉ်ထဲတွင် နီပေါနိုင်ငံအတွင်းရှိ ဗုဒ္ဓဖွားတော်မူရာ လုမ္ဗိနီဥယျာဉ် ကပိလဝတ်နန်းတော်၊ နိဂြောဓာရုံကျောင်းနှင့် ရာဟုလာစေတီများကိုပါထည့်သွင်းရပါမည်။ အလွန်ဝေးကွာလှသည့် နယူးဒေလီမြို့တော်ရှိ မဟာသတိပဋ္ဌာန်သုတ္တံ ဟောကြားတော်မူသည့်နေရာကိုပါရောက်အောင် ပို့ဆောင်ပေးသဖြင့် ပြည့်စုံလှသည်ဟု ဆိုရပါလိမ့်မည်။ ခရီးစဉ်အတွင်း ဗုဒ္ဓဂယာ၊ ရာဇဂြိုဟ်၊ ပဋ္ဌနား၊ နာလန္ဒာ၊ ဝေသာလီ၊ ကုသိနာရုံ၊ လုမ္ဗိနီသာဝတ္ထိ၊ ကပိလဝတ်၊ သင်္ကဿနဂိုရ်၊ နယူးဒေလီ၊ ဗာရာဏသီနှင့်မိဂဒါဝုန်တို့ရှိ ဗုဒ္ဓဘုရားရှင်နှင့် ပတ်သက်ဆက်နွှယ်သော နေရာဒေသများ၊ အဆောက်အအုံများကို အသေးစိတ်လေ့လာခွင့်ရရှိခဲ့ပါ၏။ ထိုအထဲမှ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟဌာနများကို အနီးကပ်ဖူးမြော်မြင်တွေ့ရသည့် အနေအထားများကို အထူးပြုတင်ပြကုသိုလ်ပြုပါရစေ။

သတ္တသတ္တာဟဟူသည် ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်တော်မူပြီးစတွင် (၇)ဌာနတို့၌ ခုနစ်ရက်စီ စုစုပေါင်း ၄၉ ရက်တိုင်တိုင် သီတင်းသုံးတော်မူခဲ့သည့်နေရာများ ဖြစ်ကြပါသည်။ ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဝါဆိုလဆန်း ၅ ရက်နေ့အထိ ကြာမြင့်တော်မူခဲ့သည်ဟု ဆိုပါ၏။ သတ္တသတ္တာဟဌာနများသည် တစ်နေရာနှင့်တစ်နေရာ နီးကပ်စွာ တည်ရှိသည်ဟု စာရေးသူမထင်မိခဲ့ပါ။ ကိုယ်တွေ့ဖူးမြော်ခွင့်ရသောအခါ အလွန်တရာမှ နီးကပ်စွာတည်ရှိနေကြပြီး အားလုံးသည် မဟာဗောဓိစေတီတော်ကြီး၏ အနီးတစ်ဝိုက်တွင်ပင် ဖူးတွေ့ရပါသည်။ မဟာဗောဓိစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ရာလမ်းသည် အရှေ့မှအနောက်သို့ လှေကားထစ်အချို့ကို ဆင်းပြီးသွားရပါသည်။ မည်သည့်ခေတ်ကာလက မြေဖို့ပြုပြင်ထားခဲ့သည်ကို မသိရသော်လည်း ယခုအခါ မဟာဗောဓိစေတီတော်ကြီး ပတ်ဝန်းကျင်တစ်ဝိုက်သည် အနိမ့်ပိုင်းတွင်တည်ရှိနေသည်ကိုတွေ့ရပါ၏။ တံတိုင်းပတ်လည်၌ မြေကြီးမြင့်၍နေခြင်းမှာ အနီးရှိ နေရဥ္ဇရာမြစ်ရေလွှမ်းမည်စိုး၍ မြေဖို့ထားခြင်းဖြစ်ကြောင်း သိရသော်လည်း မည်သည့်ကာလတွင် မည်သူများဖို့ခဲ့သည်ကို မသိရှိခဲ့ရပါ။

အနီးကပ်ဖူးမြော်ခဲ့ရသော သတ္တဌာန(၇)ဌာနမှာ

**(၁) ပလ္လင်သတ္တာဟ**

ပလ္လင်သတ္တာဟသည် မဟာဗောဓိစေတီတော်၏ အနောက်ဘက်ကပ်လျက် မဟာဗောဓိပင်၏ အရှေ့ဘက်ကပ်လျက် တည်ရှိပါသည်။ ပလ္လင်တော်၏နေရာတွင် ဂျပန်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များက ထိန်းသိမ်းပြုပြင်ပူဇော်မှုရှိခဲ့သည်ဟု ဆိုပါသည်။ ထိုပလ္လင်တော်နေရာကို မဟာဗောဓိပင်နှင့်တကွ မဟာဗောဓိစေတီတော်ကြီး၏နံရံအထိ ဝင်းခတ်ထားပါသည်။ ထိုပလ္လင်တော်ထက်၌ ဗုဒ္ဓဘုရားရှင်သည် ပထမအကြိမ် ခုနစ်ရက်တိုင်တိုင် အရဟတ္တဖိုလ်ချမ်းသာ စံစားတော်မူခဲ့ပါသည်။ ဘုရားဖူးအများအပြား အချိန်ယူ၍ ပူဇော်သက္ကာယပြုကြသောနေရာဌာန ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**(၂) အနိမိသသတ္တာဟ**

အနိမိသသတ္တာဟသည် မဟာဗောဓိစေတီတော်ကြီး၏ အရှေ့မြောက်ထောင့် ပေ ၁၀၀ ခန့်အကွာ ကုန်းမြင့်နေရာတွင် တည်ရှိပါသည်။ မဟာဗောဓိစေတီတော်သို့ စာရေးသူတို့ လာရာလမ်း၏ လက်ယာဘက်တွင်ရှိပြီး အထိမ်းအမှတ်အဖြစ်တည်ထားသော စေတီတစ်ဆူရှိပါသည်။ ထိုနေရာမှ မဟာဗောဓိစေတီတော်ဝန်းကျင်တစ်ခုလုံးကို ချမ်းမြေ့စွာ ရှုမြင်ခံစားနိုင်ပါ၏။ ဗုဒ္ဓဘုရားရှင်သည် ထိုနေရာမှ ပလ္လင်တော်နှင့် မဟာဗောဓိပင်တို့ကို မမှိတ်မသုန်ရပ်တော်မူ၍ ဒုတိယခုနစ်ရက် စံတော်မူခဲ့ပါသည်။

**(၃) ရတနစင်္ကြံမသတ္တာဟ**

ရတနစင်္ကြံမသတ္တာဟသည် မဟာဗောဓိစေတီတော်ကြီး၏ မြောက်ဘက်တွင်ကပ်လျက် အရှေ့အနောက်စင်္ကြံလမ်း ပေ ၄၀ ခန့်ရှိသော နေရာဖြစ်ပါသည်။ ထိုနေရာတွင် အသောကမင်းကြီးက အထိမ်းအမှတ်အဖြစ် အင်္ဂတေကြာပွင့် ၁၉ ပွင့် ထုလုပ်ပူဇော်ခဲ့သည်။ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့်နှစ် အထိမ်းအမှတ်ဖြင့် မဟာဗောဓိစေတီတော်ကြီးနှင့် ပို၍နီးကပ်ပြီး ခါးအထိမြင့်သော အုတ်ခုံလမ်းသစ်တည်ထားပြီး အင်္ဂတေကြာပွင့် ၁၉ ပွင့် ထပ်မံပူဇော်ထားရာ မူလစင်္ကြံလမ်းနှင့် အပြိုင်တည်ရှိနေကြောင်း ဖူးတွေ့ရပါသည်။ စင်္ကြံလမ်းသစ်ပေါ်တွင် ပန်းများနှင့် မုန့်ဆွမ်းများ နေရာမလပ်အောင် ကပ်လှူပူဇော်ထားကြပါသည်။ ဗုဒ္ဓဘုရားရှင်သည် ထိုနေရာ၌ တတိယသတ္တာဟအဖြစ် ခုနစ်ရက်လုံးစင်္ကြံကြွလျက် သီတင်းသုံးတော်မူခဲ့ပါသည်။

**(၄) ရတနာဃရသတ္တာဟ**

ရတနာဃရသတ္တာဟသည် မဟာဗောဓိစေတီတော်ကြီး၏ အနောက်မြောက်ထောင့် ပေ ၇၀ ခန့်အကွာတွင် တည်ရှိပြီး အထိမ်းအမှတ်အဖြစ် တည်ဆောက်ကိုးကွယ်ထားသော စေတီတစ်ဆူရှိပါသည်။ အနီးဝန်းကျင်တွင် ဗောဓိပင်များစိုက်ပျိုးထား၍ အရိပ်အာဝါသကောင်းပြီး နေရာလည်း ကျယ်ဝန်းမှုရှိပါသည်။ ထိုနေရာတစ်ဝိုက်တွင် တိဘက် မဟာယာနဘုန်းတော်ကြီး အများအပြားနေရာယူထားကြပြီး မဟာဗောဓိစေတီတော်အား ဦးခိုက်ဒိုက်ထိုး ရှိခိုးပူဇော်နေကြသည်ကို တွေ့ရှိရပါသည်။ ၎င်းတို့၏ရှိခိုးပူဇော်ပုံမှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် ထူးဆန်းနေပါ၏။ ကိုယ်ပိုင်သစ်သားအခင်းပြားများထားရှိပြီး စောင်တစ်ထည်ကို အနည်းငယ်ခေါက်၍ ရင်ခေါင်းနှင့်ဝမ်းဗိုက်ထိခိုက်မည့်နေရာ၌ ခင်းထားပါသည်။ ခြေရင်းနေရာမှ မတ်တတ်ရပ်ပြီး ဘုရားကိုလက်အုပ်ချီရာတွင် ခေါင်းပေါ်တွင်တစ်ကြိမ်၊ မျက်နှာရှေ့တွင် တစ်ကြိမ်ပြုလုပ်ပြီး လက်နှစ်ဖက်ထောက်၍ ရှေ့သို့ဝပ်စင်းခါ၊ လက်အုပ်ချီရှိခိုးမှုတစ်ကြိမ် ထပ်မံပြုလုပ်ပါသည်။ ထို့နောက် ပြန်ထ၍ ယခင်အတိုင်းပင် ဆက်လက်ပြုလုပ်နေရာ

အကြိမ်ပေါင်းမည်မျှ လုပ်နေသည်ကို မသိရှိနိုင်တော့ပါ။ ထိုဌာနတွင် ဗုဒ္ဓဘုရားရှင်သည် စတုတ္ထသတ္တာဟအဖြစ် ပဋ္ဌာန်းကျမ်းကို သုံးသပ်လျက် ခုနစ်ရက်စံနေတော်မူခဲ့ပါသည်။

**(၅) အဇပါလသတ္တာဟ**

အဇပါလသတ္တာဟသည် မဟာဗောဓိစေတီတော်ကြီး၏ အရှေ့ဘက် ပေ ၇၀ ခန့်အကွာတွင်တည်ရှိပြီး မဟာဗောဓိစေတီတော်ကြီးအား လာရောက်ဖူးမြော်သူများအား ကြိုဆိုနေသယောင် လမ်းလယ်၌ တည်ရှိနေပါသည်။ အဇပါလညောင်ပင်နေရာတွင် အသောကမင်းကြီးက ကျောက်တိုင်စိုက်ထူထားပါသည်။ ကျောက်တိုင်မှာလုံးချောမဟုတ်ပါ။ အမြောင်များပါရှိပြီး ၁၂ ပေခန့်မြင့်ပါသည်။ မြန်မာဘုရားဖူးများက မိမိတို့ယူဆောင်လာသော ရွှေပြားစက္ကူများဖြင့် ရွှေချလေ့ရှိကြသဖြင့် အတော်ပင်ရွှေရောင်လွှမ်းနေပါပြီ။ ကျောက်တိုင်အနီးတွင် အင်္ဂတေကျောက်ပြားပေါ်၌ အင်္ဂလိပ်ဘာသာ၊ ဟင်ဒီဘာသာတို့ဖြင့် ရေးသားစိုက်ထူထားသည်ကို တွေ့ရှိရ၍ ဖတ်ရှုကြည့်ရာ ဤနေရာတွင် ဗုဒ္ဓကလူတို့၏ အဆင့်အတန်းသည် လုပ်ကိုင်ဆောင်ရွက်မှုအပေါ်တွင်သာမူတည်ပြီး မွေးဖွားရာဇာတ်ပေါ် မူမတည်ကြောင်း ပထမဆုံး ထုတ်ဖော်ဟောကြားခဲ့သည်ဟု သိရှိရသည်။ ဇာတ်မြင့်သူဖြစ်၍ မာနကြီးနေသော ဒိဋ္ဌမင်္ဂလပုဏ္ဏားအား ဗုဒ္ဓဘုရားရှင်ဟောကြားသည့်အချက်များမှ ကောက်နုတ်ထားချက်ဖြစ်ပါ၏။ အဇပါလညောင်ပင်ရင်းတွင် ဗုဒ္ဓဘုရားရှင်သည် မာရ်နတ်၏ သမီးသုံးယောက်က ဖြားယောင်းသွေးဆောင်သည်ကိုလည်း အောင်နိုင်တော်မူခဲ့ပါသေးသည်။ ထိုနေရာ၌ ဗုဒ္ဓဘုရားရှင်သည် ပဥ္စမသတ္တာဟအဖြစ် ခုနစ်ရက်သီတင်းသုံးနေထိုင်တော်မူခဲ့ပါ၏။

**(၆) မုစလိန္ဒသတ္တာဟ**

မုစလိန္ဒသတ္တာဟသည် မဟာဗောဓိစေတီတော်ကြီး၏ အရှေ့တောင်ဘက် ပေ ၂၀၀ ခန့်အကွာတွင်တည်ရှိပြီး ကုန်းမြေအနည်းငယ်မြင့်ပါသည်။ မဟာဗောဓိစေတီတော်ကြီးနှင့် အဝေးဆုံးတည်ရှိသော နေရာဌာနဖြစ်ပါ၏။ မုစလိန္ဒကန်မှာ ပြုပြင်ထားမှုကြောင့် အလျား ပေ ၂၀၀၊ အနံ ပေ ၁၀၀ခန့်ရှိသော သန့်ရှင်းသပ်ရပ်သည့်ကန်ကြီးဖြစ်ပြီး ကန်လယ်တွင် မြန်မာမှုပီပြင်လှသော နဂါးရုံဘုရားရှိပါသည်။ ရုတ်တရက်ဖူးမြော်လိုက်ရစဉ်မှာ စာရေးသူအနေဖြင့် မြန်မာနိုင်ငံပြန်ရောက်နေရသလို ခံစားရပါ၏။ ထိုနဂါးရုံဘုရားကို မြန်မာနိုင်ငံမှသာသနာပြု ဦးကျော်သိန်း ဦးဆောင်ပြီး မြန်မာမှုဖြင့် လှူဒါန်းပူဇော်ထားခြင်းဖြစ်ရာ၊ မြန်မာနိုင်ငံသားများအတွက် ဂုဏ်ယူစရာဖြစ်ပါ၏။ ဗုဒ္ဓဘုရားရှင်သည်ဆဋ္ဌမမြောက်သတ္တာဟအဖြစ် မုစလိန္ဒအိုင်အနီး ကျည်းပင်ရင်း၌ ခုနစ်ရက်စံတော်မူစဉ် မိုးကြီးစွေသဖြင့် နဂါးမင်းက ပါးပျဉ်းထောင်မိုးပြီး ကိုယ်ကိုခွေလျက် ပလ္လင်ပြုကာ လှူဒါန်းခြင်းကို ခံယူတော်မူရာဌာနဖြစ်ပါသည်။ ကျည်းပင်မရှိတော့ပါ။ အသစ်စိုက်ပျိုးလှူဒါန်းမည့်သူမရှိပါ။ အထိမ်းအမှတ်အဖြစ် နဂါးရုံဘုရားသာရှိပါတော့သည်။ စာရေးသူတို့ရောက်ရှိချိန်တွင် ချိန်ခါမဟုတ် မိုးရွာလာသဖြင့် မုစလိန္ဒကန်သို့ဆင်းရာ လှေကားတွင် တည်ဆောက်ထားသော အုတ်တိုက်ဇရပ်ငယ်တွင် ခေတ္တမိုးခိုခဲ့ရပါသေးသည်။

**(၂)ရာဇာယတနမူလသတ္တာဟ**

ရာဇယတနသည် ပါဠိစာပေအရ လင်းလွန်းပင်ကို ဆိုလိုခြင်းဖြစ်၍ လင်းလွန်းပင် သတ္တာဟဟုပင် ဆိုနိုင်ပါသည်။ ထိုဌာနသည် မဟာဗောဓိစေတီတော်ကြီး၏ တောင်ဘက်ပေ ၇၀ ခန့်အကွာတွင်တည်ရှိပြီး မြန်မာနိုင်ငံနှင့် အများဆုံးသက်ဆိုင်လျက်ရှိသော သတ္တာဟပင် ဖြစ်ပါသည်။ မူလလင်းလွန်းပင်နေရာတွင် လွန်ခဲ့သော နှစ် ၅၀ ခန့်က လင်းလွန်းပင် ထပ်မံ စိုက်ပျိုးထားရာ ယခုအခါ ကလေးတစ်ဖက်ခန့်မျှ လုံးပတ်ရှိနေပြီဖြစ်ပါ၏။ စိုက်ပျိုးသူမှာ မြန်မာနိုင်ငံသား ခြေလျင်တောင်တက်အသင်းဥက္ကဌကြီး ဗိုလ်မှူးကြီးလှအောင်ဖြစ်ပါသည်။ ဤနေရာတွင် မြန်မာနိုင်ငံသား တဖုဿနှင့်ဘလ္လိကတို့ ဗုဒ္ဓဘုရားရှင်ထံမှ ဆံတော်ရှစ်ဆူရယူခဲ့ကြောင်း အင်္ဂတေကျောက်ပြားပေါ်တွင် အင်္ဂလိပ်၊ ဟင်ဒီစာပေများဖြင့် ရေးသားထားသည်ကို တွေ့ရပါ၏။ တဖုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့သည် နောင်အချိန် ဗမာလူမျိုးဖြစ်လာမည့် သာကီဝင်လူမျိုးများ ဖြစ်ကြပါသည်။ ၎င်းတို့၏ ဘိုးဘေးဘီဘင်တို့မှာ ယခုအိန္ဒိယရှိ ဩရိဿပြည်နယ်မှ ဥက္ကလတိုင်း အသိတဉ္စနမြို့သားများ ဖြစ်ကြပါသည်။ ဥက္ကလတိုင်းသားအများအပြားမှာ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းကြရာမှ ယခုမြန်မာနိုင်ငံ ရန်ကုန်တစ်ဝိုက်တွင် အခြေစိုက်နေထိုင်လာကြပြီး ဥက္ကလာပတိုင်းအမည်ဖြင့် နယ်မြေသစ်ချဲ့ထွင်နေထိုင်ခဲ့ကြပါသည်။ ၎င်းတို့သည် လူမျိုးတူ၊ ဘာသာစကားတူသည့် မဇ္ဈိမဒေသနှင့် ကုန်စည်ရောင်းဝယ် ဖလှယ်မှုများ ရှိခဲ့ကြရာတွင် တဖုဿနှင့်ဘလ္လိကတို့လည်း အပါအဝင်ဖြစ်ကြပါသည်။ တဖုဿနှင့်ဘလ္လိကတို့ နေထိုင်ရာဒေသသည် ယခု တွံတေးမြို့အနီးရှိ ဗောင်းတော်ချုပ် သာသနာ့နယ်မြေတစ်ဝိုက်မှ ဇနပုဒ်ရွာကြီးဖြစ်ခဲ့ပါ၏။ ဆံတော်ရှစ်ဆူရယူခဲ့သော သာကီဝင်တဖုဿနှင့် ဘလ္လိကတို့ကြောင့် လည်းကောင်း၊ လင်းလွန်းပင်အသစ်စိုက်ပျိုးခဲ့သော ဗိုလ်မှူးကြီးလှအောင်ကြောင့်လည်းကောင်း မြန်မာနိုင်ငံနှင့် ရာဇယတနသတ္တာဟသည်ခွဲခြား၍ပင် မရနိုင်တော့ပါ။ ထိုဌာနတွင် ဗုဒ္ဓဘုရားရှင်သည် သတ္တမအကြိမ် (နောက်ဆုံးအကြိမ်)အဖြစ် လင်းလွန်းပင်ရင်း၌ ဖလသမာပတ်ချမ်းသာကိုခံစားလျက် ခုနစ်ရက်သီတင်းသုံးတော် မူခဲ့ပါကြောင်း။

**သတ္တသတ္တာဟဟူသည် ဗုဒ္ဓဘုရားရှင် ဘုရားဖြစ်တော်မူပြီးစတွင် (၇)ဌာနတို့၌ ခုနစ်ရက်စီ စုစုပေါင်း ၄၉ ရက်တိုင်တိုင် သီတင်းသုံးတော်မူခဲ့သည့်နေရာများ ဖြစ်ကြပါသည်။ ကဆုန်လပြည့်ကျော် ၁ ရက်နေ့မှစ၍ ဝါဆိုလဆန်း ၅ ရက်နေ့အထိ ကြာမြင့်တော်မူခဲ့သည်ဟုဆို**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဘုရားဖူးကုသိုလ်ယူ၊ အလှူဒါနပြုပုံရိပ်မြင်ကွင်းများ

ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်၌ ဘုရားဖူးပြည်သူများ ကောင်းမှုကုသိုလ်ပြုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၌ ဆရာတော် သံဃာတော်များထံမှ ပြည်သူများ ပရိတ်တရားတော်များ နာယူကြစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ရှင်ဥပဂုတ္တ မင်္ဂလာကန်တော်၌ ဇီဝိတဒါန ဘေးမဲ့ သက်လွှတ်ပွဲတွင် ငါးများလွှတ်ပေးစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် (၂၃)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဇီဝိတဒါနဘေးမဲ့သက်လွှတ်ပွဲတွင် ငှက်များလွှတ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်ရှိ မင်္ဂလာ ရေကန်တော် အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ပူတာအိုမြို့ ဟိုခိုရပ်ကွက်ရှိ နမ့်ခမ်တီတံတား နမ်ထွမ်ချောင်းတွင် နှစ်ဆန်း ၁ ရက်နေ့က ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပစဉ်။ ဖုန်ကန်(iprd)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖွား

**ရန်ကုန် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဝေဟင်မှ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ခန်းမဆောင်၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကုသလ အမျူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တကုသလအမျူးပြုသော ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်မြတ်များအား ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ နံနက် ၆ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် သံဃာတော် ၁၁ ပါးတို့က ရဟတ်ယာဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး ကောင်းကင်ယံတွင် အန္တရာယ်ကင်းပရိတ်တရားတော်မြတ်များအား ရွတ်ပွားချီးမြှင့်တော်မူကြပြီး **(ယာပုံ)** ဆရာတော်ကြီးများနှင့် တပည့်ဒါယကာများက ပရိတ်ဆန်၊ ပရိတ်ပန်းနှင့် ပရိတ်ရေများအား တိုင်းဒေသကြီးအတွင်း ကောင်းကင်ထက်မှ ပက်ဖျန်းသွန်းလောင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်ရေများ ရဟတ်ယာဉ်ဖြင့် ဖျန်းပက်မေတ္တာပို့သ

**နေပြည်တော် ဧပြီ ၁၇**

နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့နယ် မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမျူးပြုသော ဆရာတော်၊ သံဃာတော်များသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ကောင်းကင်ယံမှ ပရိတ်ရေတို့ဖြင့် ဖျန်းပက်ပေးကာ ဆုတောင်းမေတ္တာပို့သကြသည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# မြန်မာနှစ်သစ်ဆန်း ၁ ရက်နေ့ ပေါင်းလောင်းမြစ်ကြောင်းတစ်လျှောက် လာရောက်လည်ပတ်အပန်းဖြေသူများ စည်ကားများပြား

**နေပြည်တော် ဧပြီ ၁၇**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလ ပြီးဆုံးပြီဖြစ်၍ မြန်မာနှစ်သစ်ကူး ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ လေ့ခွင်းတောင် တန်ခိုးကြီးစေတီနှင့် ပေါင်းလောင်းမြစ်ဆိပ် အပန်းဖြေစခန်းတို့တွင် မြန်မာနိုင်ငံအနှံ့အပြားမှ ခရီးသွားများနှင့် ဒေသခံပြည်သူများ ထောင်ပေါင်းများစွာတို့ ပျော်ရွှင်စွာ လာရောက်အပန်းဖြေအနားယူကြရာ တိုးမပေါက်အောင်အထိ ကြိတ်ကြိတ်တိုး စည်ကားများပြားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်အပါအဝင် အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေသူများသည် မြန်မာနှစ်ကူးနှစ်ဆန်း ၁ ရက်နေ့တွင်သာ အဓိကလာရောက်ပြီး မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့်တစ်မျိုး ဒေသခံများအနေဖြင့် မိရိုးဖလာအတိုင်း နွားလှည်းများဖြင့်တစ်ဖုံ လာရောက်လည်ပတ်ကြကြောင်း သိရသည်။

လာရောက်လည်ပတ်သူများ အဆင်ပြေအေးချမ်းစွာ အပန်းဖြေအနားယူနိုင်ရန် လုံခြုံရေးများလည်းယခင်နှစ်ထက် နှစ်ဆတိုး၍ချထားပြီး မြစ်ကြောင်းတစ်လျှောက် ရေကစားအပန်းဖြေသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် အသက်ကယ်ပစ္စည်းများလည်း ကြိုတင်ပြင်ဆင်ထားကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေသူအဆင်ပြေစေဖို့ အစစအရာရာအားလုံး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားတာပါ။ ပေါင်းလောင်းမြစ်ကြောင်းတစ်လျှောက် ရေကစားတဲ့သူတွေလည်း မတော်တဆမှုတွေဖြစ်ရင် အသက်အန္တရာယ်ကြိုတင်ကာကွယ်နိုင်အောင် ရေကူးကျွမ်းကျင်သူတွေ၊ နောက်ပြီး အသက်ကယ်ပစ္စည်းတွေဖြစ်တဲ့ လေထိုးထားတဲ့ ကျွတ်လုံးတွေကို စက်လှေနှစ်စင်းနဲ့ တင်ဆောင်ပြီး မြစ်ကြောင်း အထက်နဲ့အောက်ကို အဆက်မပြတ် လှည့်လည်စောင့်ကြည့်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ ဇေယျာသီရိမြို့နယ် လေ့ခွင်းတောင်တန်ခိုးကြီးဘုရားကို လာရောက်ဖူးမြော်သူများနဲ့ ရိုးရာအစဉ်အလာအတိုင်း နှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပတဲ့ ကျည်တောင်ကန်ကျေးရွာ ရွှေဇေယျာမဏ္ဍပ်မှာ ရေကစားသူများနဲ့ ပေါင်းလောင်းမြစ်ကြောင်းတစ်လျှောက် လာရောက်အပန်းဖြေသူများ ယခုနှစ်ပိုမိုများပြားလာတဲ့အတွက် လုံခြုံရေးအင်အားကို နှစ်ဆတိုးပြီးချထားပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက မြန်မာ့အလင်းသို့ ပြော သည်။

ပွဲတော်ကာလအတွင်း လုံခြုံရေးပိုင်းအနေဖြင့် မြို့နယ်ထွေအုပ်မှ ၂၂ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၆၀၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်ခြောက်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ ၁၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ အပါအဝင် စုစုပေါင်း လုံခြုံရေးအင်အား ၃၀၀ကျော်ဖြင့် ကြပ်မတ်ဆောင်ရွက်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ပေါင်းလောင်းမြစ်ကမ်းဘေး၌ လာရောက်လည်ပတ်သူများ ပျော်ရွှင်စွာအပန်းဖြေရေကစားနေသည်ကို တွေ့ရစဉ်။**

"ဒီနှစ်ကတော့ အရင်နှစ်တွေကထက် အနယ်နယ်အရပ်ရပ်က လာရောက်ရေကစားအပန်းဖြေသူ ပိုပြီးစည်ကားတယ်။ လမ်းတွေမှာ လူတွေရော ယာဉ်တွေပါ တိုးလို့မပေါက်ဘူး။ မြစ်ဆိပ်မှာ ရေကစားသူတွေကလည်း နံနက် ၇ နာရီလောက်ကတည်း လာရောက်ရေကစားအပန်းဖြေကြတာ ညနေထိအောင်ပဲ။ တာဝန်ရှိသူတွေကတော့ အပျော်စီးဖို့ စက်လှေတွေတော့ မချပေးထားဘူး။ ကမ်းစပ်တွေမှာပဲ ရေကစားကြတာများတယ်"ဟု ကျည်တောင်ကန်ကျေးရွာ ဒေသခံတစ်ဦးဖြစ်သည့် ဦးဝင်းကိုကြီးက ပြောသည်။

ဒေသခံစားသောက်ဆိုင်ပိုင်ရှင်တစ်ဦးကလည်း "တစ်နှစ်ပတ်လုံးမှာ ဒီသင်္ကြန်ပွဲတော်အတွင်းနဲ့ နှစ်ဆန်း ၁ ရက်သာ အဓိကရောင်းရတယ်။ ရှုံးပိတ်ရက်တွေလည်း ရောင်းတော့ရောင်းရတယ်။ ဝယ်စားသူတွေများတော့ ရောင်းရတာလည်း စိတ်ချမ်းသာပါတယ်"ဟု ပြောသည်။

ဒေသခံပြည်သူများအနေဖြင့် နှစ်စဉ် လေ့ခွင်းတောင်တန်ခိုးကြီးဘုရားနှင့် အမေညိုနတ်နန်းတို့ကို လာရောက်ဦးခိုက်ပြီး နှစ်သစ်တွင် ဘေးအန္တရာယ်ကင်းဝေးရန်နှင့် အေးချမ်းစေရန် ဆုတောင်းခြင်းများ ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဇေယျာသီရိမြို့နယ် လေ့ခွင်းတောင် သင်္ကြန်ပွဲတော်ကို မြို့နယ် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီး ရိုးရာအစဉ် အလာမပျက် ကျင်းပခဲ့ရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ထိခိုက်သေဆုံး ဒဏ်ရာရသူမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းပျော်ရွှင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မောင်မွေး**

# မြန်မာနှစ်ဆန်း ၁ ရက် မန္တလေးမြို့၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကား

**မန္တလေး ဧပြီ ၁၇**

ယနေ့ ဧပြီ ၁၇ ရက်နေ့သည် မြန်မာကောဇာသက္ကရာဇ် ၁၃၇၇ ခု မြန်မာနှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်မင်္ဂလာ အခါသမယဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသော ယနေ့တွင် နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၊ မြို့နယ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာရုံးများတွင် နှစ်သစ်မင်္ဂလာအခါတော်ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ၊ အသက်ဂုဏ်ဝါကြီးမြင့်သည့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုပြုစုပေးခြင်း၊ ဘုရားပုထိုးစေတီ ကျောင်းကန်ဓမ္မာရုံများသို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ရဟန်းရှင်လူပြည်သူများအား စတုဒိသာအလှူဒါနပြုခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ် ဇီဝိတဒါနပြုခြင်း၊ သွေးလှူခြင်း စသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ ကုသိုလ်ပွားများရာ၌ ယနေ့ နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား သဲကုန်းကျောင်း တောင်ပြင်ထီးလင်းတိုက်ရေတော်ဆရာတော် သာသနဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြုသည့် မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ပန်း၊ ဆွမ်း၊ ရေချမ်းဆက်ကပ် ပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း **(အပေါ်ပုံ)**၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ဘုရားကြီးငါးကန်တွင် ဇီဝိတဒါနငါးလွှတ်ခြင်း၊ အစာကျွေးခြင်း၊ ငှက်လွှတ်ခြင်း စသည့် ကုသိုလ်ကောင်းမှုများပြုလုပ်ကြပြီး မန္တလေးတောင်၊ ရန်ကင်းတောင်၊ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ရွှေကျီးမြင့်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရားနှင့် မန္တလေးမြို့ ၆၃ လမ်းရှိ အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူ မြတ်စွာဘုရား အစရှိသည့်တန်ခိုးကြီးဘုရားတို့တွင်လည်း ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ စုပေါင်းငါးလွှတ်သူများ စသည်ဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့အပြင် ယနေ့နံနက် ၇ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဇီဝိတဒါန ငါး၊ ငှက်လွှတ်ပွဲအခမ်းအနားနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြပြီး မြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့ ကျုံးတောင်ဘက်၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဦးဆောင်၍ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးသားပေါက်တို့ကို ကျုံးရေပြင်အတွင်းသို့ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြသည်။ ဆက်လက်၍ မြို့တော်ခန်းမရှေ့၌ စာကလေးငှက်များကိုလည်း ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် မြို့တော်ခန်းမ၌ သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပရာ မန္တလေးခရိုင်အတွင်းမှ အသက် ၉၀ နှင့်အထက် ဘိုးဘွား ၁၉၃ ဦးတို့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက တစ်ဦးလျှင်အလှူငွေနှင့် ဂါရဝပြုပစ္စည်းများဖြင့် ရှိခိုးဦးချပူဇော်ကန်တော့ကြသည်။ ယနေ့မွန်းလွဲ ၁ နာရီတွင် မြို့တော်စည်ပင်သာယာရေးကော်မတီ မိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက် အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကို မြို့တော်ခန်းမ၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော် ဒေါက်တာပဏ္ဍိတဝရာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့တော်ဝန် ဦးအောင်မောင်းနှင့် ဇနီးအမှူးပြုသော ပရိသတ်တို့က ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အန္တရာယ်ကင်းပရိတ်ရေများကို မန္တလေးမြို့တော်သူမြို့တော်သားများ အန္တရာယ်ကင်းဝေးစေရေးအတွက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်းရှိ မလွန်အမှတ် (၁) ရေတွန်းစက်ရုံ ရေလှောင်ကန်အတွင်းသို့ သွန်းလောင်းပေးခဲ့သည်။ ယနေ့ ညနေ ၄ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ရှိ ကိုယ်ပွားသတင်း စာတိုက်ရုံးရှေ့ မျက်နှာစာတွင် အရာထမ်း၊ အမှုထမ်းဝန်ထမ်းမိသားစုများက အောင်မြေသာစံမြို့နယ် တိုက်တော်ကျောင်းဆရာတော် အမှူးပြုသော သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ညနေပိုင်းတွင် မန္တလေးမြို့ရှိ ရပ်ကွက်နှင့် လမ်းအသီးသီး၌ ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

**ရေး ဧပြီ ၁၇**

မွန်ပြည်နယ် ရေးမြို့ ကျက်သရေဆောင် သာသနာ ၂၅၀၀ စေတီတော် ရေလယ်ဘုရား (၅၃)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြန်မာနှစ်ဆန်း ၁ ရက် ညနေ ၄ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပင့်ဖိတ်ကျောင်းပေါင်း ၆၅ ကျောင်းမှ သံဃာအပါး ၄၃၂ ပါး၊ သီလရှင်အပါး ၈၀ တို့ကို သဒ္ဓါတတ်အားသရွေ့ စေတနာရှင် အလှူရှင်များကလည်း ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့်အတူ စာရေးတံမဲ ကန်တော့ပွဲများကိုလည်း လှူဒါန်းလျက်ရှိသည်။

**နေမျိုးထွဋ်(ရေး)**

# ရွှေကျင်မြို့နယ်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရွှေကျင် ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်၊ ဧပြီ ၁၇ ရက် နံနက် ၉ နာရီက သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းနိုင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်း၏ အကြောင်းအရင်းများကို ပြောကြားသည်။

ဆက်လက်၍ သက်တော်ရှည် ဘိုးဘွား စုစုပေါင်း ၂၀၆ ဦးကို ငွေကျပ်သိန်း ၃၀ ခန့် တန်ဖိုးရှိ ကန်တော့ခံပစ္စည်းများဖြင့် လှူဒါန်းပူဇော်ကန်တော့ကြပြီး သက်တော်ရှည် အဘိုး အဘွားများထဲမှ တစ်ဦးက ဆုတောင်းမေတ္တာများ ချီးမြှင့်ပြီးနောက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။ **ပိန်းဇလုပ်-သိန်းညွန့်**

# သင်္ကြန်ကာလ ပြင်ဦးလွင်ရေပြာအိုင်စခန်း၌ လာရောက်အပန်းဖြေသူ နည်းပါး

**ပြင်ဦးလွင် ဧပြီ ၁၇**

ပြင်ဦးလွင်တောင်ပေါ်စခန်းမြို့သည် လေ့လာလည်ပတ်ရန်နေရာများစွာရှိသည့်အလျောက် စနေ၊ တနင်္ဂနွေရက်များနှင့် အခါကြီးနေ့ကြီးရက်များတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ခရီးသွားအပန်းဖြေညည့်သည်များသာမက နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များပါနေ့စဉ်နှင့်အမျှ အမြဲဝင်ထွက်သွားလာလည်ပတ်ရာ မြို့တစ်မြို့ ဖြစ်သည်။

အထူးသဖြင့် မြန်မာနှစ်သစ်ကူး သင်္ကြန်ရက်များတွင် အထူးစည်ကားလျက်ရှိနေရာ မြို့တွင်း၊ မြို့ပြင်နှင့် နာမည်ကျော်အထင်ကရနေရာများ၌ တိုးမပေါက်လောက်အောင် စည်ကားလျက်ရှိနေကြောင်း တွေ့မြင်နေရသည်။

သို့သော်လည်း ပြင်ဦးလွင်၏ သာယာလှပပြီး လူကြိုက်များလှသည့် ရေပြာအိုင်စခန်းသို့ ယခုနှစ်သင်္ကြန်ကာလအတွင်း လာရောက်အပန်းဖြေသူနည်းပါးကြောင်း သိရသည်။

ပြင်ဦးလွင် ရေပြာအိုင်စခန်းသည် မန္တလေး-ပြင်ဦးလွင် ကားလမ်း ၁၆ မိုင် လမ်းခွဲမှ အတွင်းသို့ ၁၃ မိုင် ခရီးဝင်ရောက်ရပြီး သာယာပြန့်ပြူးသော ကွန်ကရစ်နှစ်လမ်းသွားဖြစ်၍ လမ်းခရီးတွင်ဆုတောင်းပြည့် ခိုနန်းရှင် သဘာဝလိုဏ်ဂူတော်ဘုရားကို ဝင်ရောက်ဖူးမြော်နိုင်သည်။

ထိုမှဆက်၍ ဒီးဒုတ်ချောင်းပေါ်တွင် တည်ဆောက်ပြုပြင်ထားသော ရေပြာအိုင်စခန်းသို့ ရောက်ရှိနိုင်သည်။ ဒီးဒုတ်ချောင်းသည် ပြင်ဦးလွင်မြို့နယ်အတွင်းမှ မြစ်ဖျားခံ၍ တောတောင်အထပ်ထပ်ကို အရှိန်ပြင်းစွာ ဖြတ်သန်းစီးဆင်းလာပြီး ဒုဋ္ဌဝတီမြစ်အတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ဒီးဒုတ်ချောင်း ဒုဋ္ဌဝတီမြစ်အတွင်းသို့ မဝင်ရောက်မီ ကျောက်ဆောင်၊ ကျောက်တုံး၊ ချိုင့်ဝှမ်းများအတွင်း၌ ကြည်လင်အေးမြစွာ တင်ကျန်ရှိနေသော ရေတို့သည် ရေကန်ကြီးများသဖွယ် ဖြစ်ပေါ်နေပြီး ပြာလဲ့လဲ့ရေများအတွင်း လာရောက်သူတို့ ဆော့ကစားကာ အပန်းဖြေကြသည်။

ယခုနှစ် သင်္ကြန်ကာလတွင် ရေပြာအိုင်များ၌ ရေအလွန်နည်းပါးနေခြင်း၊ ယာဉ်ရပ်နားခနှင့် လူတစ်ဦးချင်းဝင်ရောက်မှုနှုန်းထား များပြားနေခြင်း၊ အစားအသောက်များ ဈေးကြီးခြင်းစသည်တို့အပြင် ရေပြာအိုင်စခန်း၌ သက်ဆိုင်ရာတာဝန်ရှိသူတို့မှ စောင့်ကြပ်ကြည့်ရှုပေးခြင်းမရှိသည့်အတွက် အန္တရာယ်တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဒေသခံဈေးဆိုင်များသာရှိနေပြီး သွားရောက်လည်ပတ်သူများအတွက် လုံခြုံမှုမရှိခြင်းတို့ကြောင့် လာရောက်အပန်းဖြေသူ နည်းပါးလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ပျဉ်းမနားမြို့ ဘိုးဘွားရိပ်သာမှ နှစ်ဦးမင်္ဂလာ ကုသိုလ်ပုံရိပ်များ

သတင်း-မင်းမင်းဇော်(ကလေး)
ဓာတ်ပုံ-ထိန်နန်နော်

**အပေါင်းတို့ချုပ်ငြိမ်းသွားလျှင် အသစ်တို့ အစားထိုးဝင်ရောက်လာစမြဲဖြစ်သည်။ ထိုအသစ်အသစ်သောနေရာတို့၌ မကောင်းမှုများကို ရှောင်ကြဉ်ကြ၍ ကောင်းမှုများဖြင့် ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။ ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ကုန်ဆုံးပြီး နှစ်သစ် ၁၃၇၇ ခုနှစ်သို့ စတင်ဝင်ရောက်သည့် နှစ်ဦးမင်္ဂလာအခါသမယနေ့ဖြစ်သည်။ နှစ်ဦးမင်္ဂလာအခါသမယ နှစ်ဆန်း ၁ ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ကုသိုလ်ကောင်းမှုအမျိုးမျိုး အတန်းပေးဝေမှုများသည် ပန်းသတင်း လေချင်းဆောင်သည့်နှယ် ဝန်းကျင်အနှံ့ ပျံ့နှံ့လျက်ရှိနေတော့သည်။ ထိုပျံ့နှံ့လျက်ရှိသည့် ကောင်းမှုကုသိုလ်သံများအနက် နေပြည်တော် ပျဉ်မနားမြို့ ဘိုးဘွားရိပ်သာမှ ကောင်းမှုကုသိုလ်သံများကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါရန် ပြန်လည်ရေးသားတင်ပြလိုက်ရသည်။**

အဘိုး ဦးမြင့်မောင်

ဦးကျော်ရှင်း

ကိုမျိုးဇော်ထိုက်

**ကိုမျိုးဇော်ထိုက်**
**ရှိုင်းရယ်မြန်မာတီးမစ်ဖြန့်ဖြူးသူ**

မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ဘိုးဘွားတွေကို လုပ်အားဒါန၊ အလှူဒါနပြုတဲ့နေ့မှာ အားလုံးပါဝင်နိုင်အောင် အက်ဖ်အမ်ရေဒီယိုတွေမှာ ကြေညာဖိတ်ခေါ်ခဲ့ပါတယ်။ ကျွန်တော်တို့ ရှိုင်းရယ်မြန်မာတီးမစ်အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းက လူငယ်မောင်မယ် ၆၀ နဲ့ ပူးပေါင်းပြီးတော့ ဘိုးဘွားတွေကို လက်သည်းခြေသည်းတွေ ညှပ်ပေးမယ်၊ ခေါင်းလျှော်ပေးမယ်၊ ဘိုးဘွားတွေ အာဟာရဖြစ်စေဖို့ ရှိုင်းရယ်မြန်မာထုပ်ပစ္စည်းတွေကို လှူဒါန်းပြီး ဘိုးဘွားတွေအတွက် လိုအပ်တဲ့နေရာမှာ အသုံးပြုဖို့ ငွေကြေးလည်း လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ မန္တလေးမြို့ မန္တလေးတောင် ဘိုးဘွားရိပ်သာ၊ တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ၊ ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာနဲ့ မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာတွေမှာလည်း အလှူဒါနတွေ ပြုလုပ်မှာဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ နောင်သံသရာခရီးတွက် ရိက္ခာထုပ်တွေ ဖြစ်ပါတယ်။

**ဦးကျော်ရှင်း ဥက္ကဋ္ဌ**
**ပျဉ်းမနားဘိုးဘွားရိပ်သာ**

ဒီဘိုးဘွားရိပ်သာကို ခရစ်သက္ကရာဇ် ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်မှာ ပျဉ်းမနားမြို့နယ် ရွာသာရွာက ဦးသူတော်နဲ့ ဒေါ်စံမယ်တို့က မင်းကွန်းဘိုးဘွားရိပ်သာဒါယိကာမကြီး အဘွားဒေါ်ဦးဖွန်းရဲ့ ဩဝါဒကို ခံယူပြီး စတင်တည်ထောင်ခဲ့တာပါ။ ခေတ်အဆက်ဆက်မှာ ဘိုးဘွားတွေကို ပြုစုစောင့်ရှောက်လာခဲ့တာပါ။ အခု ဒီဘိုးဘွားရိပ်သာကို နာယကဆရာတော်သုံးပါးနဲ့ လူပုဂ္ဂိုလ် ၁၁ ဦး ပါဝင်တဲ့ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီက စီမံကွပ်ကဲလျက်ရှိပါတယ်။ ရိပ်သာမှာ လက်ရှိ အဘိုး ၁၀ ဦးနဲ့ အဘွား ၂၅ ဦးကို ပြုစုစောင့်ရှောက်ပေးလျက်ရှိပါတယ်။

**ဆုပန်ထွာ**
**ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်**

ပန်ပန်အတွက် သင်္ကြန်မှာရတဲ့ အနုပညာကြေးလေးတွေကို ဒီဘိုးဘွားရိပ်သာမှာ လာရောက်လှူဒါန်းခြင်းဖြစ်ပါတယ်။ ဒီလိုလှူဒါန်းရင်း ကိုယ်တိုင်ပဲ ဘိုးဘွားတွေကို ကုသိုလ်ယူဒါနလုပ်ပေးရတော့ ပန်ပန်စိတ်ထဲမှာ ပီတိဖြစ်မိတယ်။ နှစ်သစ်မှာ အားလုံးပဲ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းတွေနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**အဘိုး ဦးမြင့်မောင်**
**ပျဉ်းမနားဘိုးဘွားရိပ်သာ**

အဘိုးအသက်က ၇၇ နှစ်ရှိပါပြီ။ နှစ်တိုင်းပဲ အဖွဲ့တွေက လာရောက်ပြီး ဒီလိုကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပေးကြတယ်။ ဒီလိုသိုက်သိုက်ဝန်းဝန်းနဲ့ စည်းစည်းလုံးလုံးလာရောက်ပြီး ကုသိုလ်ဒါနတွေ ပြုလုပ်ပေးတာ အဘိုးတစ်ယောက်အနေနဲ့ အင်မတန်ဝမ်းသာရပါတယ်။

**အဘွားဒေါ်ခင်ရီ**
**ပျဉ်းမနားဘိုးဘွားရိပ်သာ**

အခုအဘွားအသက်က အသက် ၇၉ နှစ်ရှိပါပြီ။ အခုလို သားသမီးတွေက မိဘအရင်းတွေလို၊ အဘိုး အဘွားအရင်းတွေလို လာရောက်ပြုစုစောင့်ရှောက်ပေးတာအဘွားရင်ထဲမှာအတိုင်းမသိဝမ်းသာရပါတယ်။ အဘွားတို့ စားသောက်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေအတွက် အခုလိုလာရောက်ပြုစုပေးတာကျေးဇူးတင်ပါတယ်။

**မပြည့်မွန်စိုး**
**လယ်ဝေးမြို့**

သမီးက ဘိုးဘွားတွေကို အခုလိုလာရောက်ပြုစု စောင့်ရှောက်ပေးရတာ ဝမ်းသာတယ်။ နောင်နှစ်တွေမှာလည်း ဒီထက်ပိုပြီးလှူဒါန်းနိုင်အောင် ကြိုးစားမယ်၊ အခုလို လာရောက်လှူဒါန်းပေးသူတွေကိုလည်း နှစ်တိုင်းလာရောက်လှူဒါန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**ကိုအောင်ကျော်ထိုက်**
**ပျဉ်းမနားမြို့**

ဘိုးဘွားတွေကို တတ်နိုင်တဲ့ဘက်ကနေ ပြုစုစောင့်ရှောက်ခွင့်ရတာဟာ အင်မတန်ဝမ်းသာစရာပါ။ အခုဘိုးဘွားတွေကို ခြေသည်းလက်သည်းတွေ ညှပ်ပေးပြီးပြီ၊ ခေါင်းလည်း လျှော်ပေးပြီးပြီ၊ လှူဖွယ်ပစ္စည်းတွေလည်း လှူဒါန်းပြီးပါပြီ၊ ကျွန်တော်တို့လည်း နောင်တစ်နေ့မှာ အခုလိုပဲ ဘိုးဘွားတွေဖြစ်လာဦးမှာမို့ အခုလို ပြုစုလှူဒါန်းမယ့်သူတွေ ပေါ်ပေါက်လာပါစေဆိုတဲ့မျှော်လင့်ချက်ကလေးနဲ့ပေါ့။

"ရေဘူးနှင့် ထီးမပါလျှင် နွေခါမှသိလိမ့်မည်၊ ဒါနနှင့်သီလမပါလျှင် သေခါမှ သိလိမ့်မည်"ဟူသည့် ဆိုရိုးစကားပုံအတိုင်း အသိတရားတို့ မနှောင့်နှေးစေရန် ယခုပစ္စုပ္ပန်တည့်တည့်တွင် အလှူဒါနပြုလုပ်ခြင်းများ၊ သီလစောင့်ထိန်းခြင်းများကို အချိန်မဆိုင်းဘဲ လုပ်ဆောင်ကြရမည် ဖြစ်သည်။ နှစ်ဦးမှသည် နောင်နှစ်ဦးများစွာ၊ နောင်နှစ်များစွာမှသည် သံသရာအထိ ကုသိုလ်ဒါနများအား ပြုလုပ်စောင့်ထိန်းပွားများ အားထုတ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်------- ။

ဆုပန်ထွာ

မပြည့်မွန်စိုး

ကိုအောင်ကျော်ထိုက်

# ရန်ကုန်မြို့ အင်းလျားကန်၌ ဇီဝိတဒါနငါးလွှတ်

**ရန်ကုန် ဧပြီ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းအနီး အင်းလျားကန်ပေါင်တွင် ဇီဝိတဒါနငါးလွှတ်ကုသိုလ်ယူခြင်း၊ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း တွေ့ရသည်။

ငါးဘေးမဲ့လွှတ်ခြင်းဖြင့် ကုသိုလ်ယူသူများအနေဖြင့် အချို့မှာ မိမိအစီအစဉ်ဖြင့် ငါးသားပေါက်များ ယူဆောင်လာသူများရှိသကဲ့သို့ အချို့မှာ ကန်ပေါင်ပေါ်ရှိ ငါးသားပေါက်များ ရောင်းချသောဈေးသည်များထံမှ ဝယ်ယူ၍ ဘေးမဲ့လွှတ်ကုသိုလ်ယူခြင်းများလည်း ရှိသည်ကို တွေ့ရသည်။ ငါးသားပေါက်အရွယ်အစားပေါ်မူတည်၍ ကျပ်တစ်ထောင် တန်ဖိုးရှိလျှင် ၁၁ ကောင်၊ ၁၅ ကောင်၊ အကောင် ၃၀ စသည်ဖြင့် ရောင်းချလျက်ရှိသည်။

လာရောက်လေညင်းခံ အပန်းဖြေသူများသည်လည်း တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ မိသားစုလိုက်လည်းကောင်း လာရောက် အပန်းဖြေအနားယူလျက်ရှိသည်။ အင်းလျားကန်နှင့်ဆက်စပ်လျက်ရှိသော အနီးအနားမှ နေထိုင်သူများသာမက အခြားမြို့နယ်များမှလည်း လာရောက်လည်ပတ် အနားယူလျက်ရှိသည်ကို တွေ့ရသည်။ အင်းလျားကန်ပေါင်ပေါ်ရှိ စားသောက်ဆိုင်တန်းများတွင်လည်း နေရာလွတ်မရှိလောက်အောင်ပင် စားသုံးသူများ များပြားလျက်ရှိသည်။ တစ်ချိန်က နာမည်ကြီးခဲ့သော ရခိုင်မုန့်တီနှင့် ဘူးသီးကြော်ဆိုင်များအပြင် ရှမ်းရိုးရာ စားသောက်ဆိုင်များ၊ အဖျော်ယမကာဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။ ကန်ပေါင်အောက်ခြေလျှောက်လမ်းတွင်လည်း ဆိုင်ငယ်လေးများ ဖွင့်လှစ်ရောင်းချနေခြင်းကြောင့် အပန်းဖြေအနားယူသူများအနေဖြင့် ပျော်ရွှင်စွာ ဝယ်ယူစားသောက်လျက်ရှိသည်။ ငါးသားပေါက်များအပြင် အချို့က စာကလေးငှက်များ လွှတ်ခြင်းဖြင့် ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

အင်းလျားကန်ပေါင်တွင် စိုက်ပျိုးထားသော မြက်ခင်းစိမ်းစိမ်းတွင် ပြေးလွှားဆော့ကစားနေသော ကလေးငယ်များ၊ လူကြီး လူငယ်၊ အမျိုးသားအမျိုးသမီး အရွယ်စုံတို့သည် ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော အင်းလျားလေကို ရှူသွင်းကာ သစ်ပင်ပန်းမန်မြက်ခင်းစိမ်းများ၏ အေးမြသောအရသာကို ခံစားရင်း အနားယူအပန်းဖြေလျက်ရှိသည်။

(၁၆၃)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး ဒေါ်ဖြူဖြူညွန့် ဧပြီ ၁၃ ရက်က ဓနုကိုယ်ပိုင်အုပ် ချုပ်ခွင့်ရဒေသ ရွာငံမြို့ ဗထူးခန်းမ၌ကျင်းပသော မြို့ဦးမင်္ဂလာကျောင်းကြီးကျောင်းတိုက်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲနှင့် ရွာငံမြို့နယ်အတွင်းရှိ အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ ကန်တော့ပွဲတွင် ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်စဉ်။ မောင်မောင်သန်း(တောင်ကြီး)

(၁၃)ကြိမ်မြောက် အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွားများအား သက်ကြီးပူဇော်ကန်တော့ပွဲကို မြန်မာနှစ်ဆန်း ၁ ရက်နေ့က ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၅)ရပ်ကွက် စနေပါတ်ဆွမ်းလောင်း မဏ္ဍပ်ရုံ၌ ကျင်းပစဉ်။ (၀၂၈)

# မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါနငါးနှင့် ငှက်များ ဘေးမဲ့သက်လွှတ်

**နေပြည်တော် ဧပြီ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးများနှင့်ငှက်များ ဘေးမဲ့သက်လွှတ်ခြင်း ကုသိုလ်ကောင်းမှု ပြုလုပ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပေါင်းလောင်း မြစ် လှေခွင်းတောင်ခြေ ပရဝဏ်အတွင်း၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့်ဇနီး ဒေါ်မူမူဆွေ၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများက ပေါင်းလောင်းမြစ်အတွင်း ဇီဝိတဒါနငါးများ လွှတ်ပေးပြီး ငါးစာကျွေးခြင်း၊ ငှက်များ လွှတ်ပေးခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့ကြသည်။ **(ယာပုံ)**

မွန်းလွဲပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁)နှင့် ရုံးအမှတ်(၄၀)တို့တွင် နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကုသိုလ်ကောင်းမှု အစဉ်အလာမပျက် နှစ်ဆန်း ၁ ရက်

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဧပြီ ၁၇**

နှစ်သစ်ကူးခဲ့ပြီ။ မင်္ဂလာရှိသော၊ ကောင်းမွန်သည့် အကျိုးတရားများဖြင့် ပြည့်စုံမွမ်းထုံနေသော မင်္ဂလာနှစ်သစ်အဖြစ် စတင်ဖြတ်သန်းကြရန် မြန်မာနိုင်ငံတစ်ဝန်း ပြည်သူတိုင်း စိတ်သန္တာန်တွင် ကိန်းအောင်းနေချိန်ဖြစ်သည်။ နှစ်ဟောင်းအကုန် နှစ်သစ်အကူး အတာရေသဘင်ပွဲ ဆင်နွှဲခဲ့ကြသည့် မြင်ကွင်းနှင့် နှစ်သစ်ကူး နှစ်ဆန်း ၁ ရက်မြင်ကွင်းကား ပြောင်းလဲသွားခဲ့ပြီ။ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ သင်္ကြန်ပွဲတော်ကာလ လူငယ်များ ပျော်ရွှင်ခဲ့ကြသည်။ နှစ်ဆန်း ၁ ရက်တွင်မူ ဘုရားပုထိုး၊ စေတီ၊ ကျောင်းကန်များတွင် ကောင်းမှုကုသိုလ်များပြုလုပ်ကာ ဖြတ်သန်းခဲ့ကြသည့်မြင်ကွင်းကား ကြည်နူးဖွယ်ဖြစ်သည်။

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း မြို့ရွာများမကျန် ဘုရားပုထိုး၊ စေတီများအား ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ခြင်း၊ ပန်းဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ သတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း အပါအဝင်ကောင်းမှုကုသိုလ်များကို တတ်စွမ်းသမျှ ကောင်းမှုပြုကြသည်။

ရန်ကုန်မြို့တွင် တန်ခိုးကြီးဘုရားစေတီများဖြစ်သော ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေဘုရား၊ ကမ္ဘာအေးစေတီ၊ ကျိုက်ဝိုင်းဘုရားနှင့် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးစသည့် စေတီများတွင် နှစ်ဆန်း ၁ ရက်ဖြစ်သည့်အတွက် ဘုရားဖူးများ နံနက် ၄ နာရီခန့်ကတည်းကပင် တဖွဲဖွဲရောက်ရှိလာရာ နံနက် ၆ နာရီခန့်၌ပင် ဘုရားရင်ပြင်တော်တွင် ပြည့်ကျပ်နေပြီဖြစ်သည်။

ရွှေတိဂုံစေတီရင်ပြင်တွင် ဘုရားဖူးများဖြင့်စည်ကား ပြည့်လျှံနေပြီး ရေသန့်လှူဒါန်းသူများ၊ အအေးလှူဒါန်းသူများနှင့် စတုဒိသာကျွေးမွေးသူများ ပေါများလျက်ရှိသည်။ ရင်ပြင်တော်ရှိ တန်ဆောင်းများနှင့် နေရာအနှံ့တွင် ဘုရားဖူးများအပြည့်ရှိနေပြီး ရေသပ္ပာယ်သူများ၊ ဝတ်ပြုဆုတောင်းသူများ၊ ဆီမီးပန်းလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။ ချမ်းသာကြီးတန်ဆောင်းတွင် သွေးလှူဒါန်းသူများ စုပေါင်းသွေးလှူဒါန်းမှုပြုကြသည်။ ရွှေတိဂုံစေတီသို့ လာရောက်ဖူးမြော်သူများမှာ စောင်းတန်းများ၌ အဆင်းအတက်များဖြင့် ပြည့်ကျပ်လျက်ရှိသလို မော်တော်ယာဉ်များဖြင့် လာရောက်သူများမှာလည်း ရွှေတိဂုံစေတီကုန်းတော်ခြေရင်းမြောက်ဘက်မုခ်၊ တောင်ဘက်မုခ်၊ အရှေ့ဘက်မုခ်နှင့်အနောက်ဘက်မုခ်များတွင် များပြားနေသည်။ နှစ်သစ်အစ နှစ်ဆန်း ၁ ရက်တွင် ကောင်းမှုကုသိုလ်များဖြင့် စတင်ဖြတ်သန်းကြခြင်းဖြစ်သည်။

ကမ္ဘာအေးစေတီတွင်လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး ငါးများလွှတ်ခြင်း၊ ငှက်များလွှတ်ခြင်း၊ ဘုရားတွင် ရေ၊ ပန်း၊ ဆီမီးများပူဇော်သပ္ပာယ်ခြင်း၊ အလှူဒါနပြုကြခြင်းတို့ဖြင့် ဘုရားဖူးများပြည့်ကျပ်လျက်ရှိသည်။ ဆူးလေစေတီတွင်လည်း ဘုရားဖူးများ၊ ငှက်လွှတ်သူများ၊ ပန်း၊ ရေချမ်းဆက်ကပ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဗိုလ်တထောင်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ မဟာဝိဇယစေတီများအပါအဝင် တန်ခိုးကြီးဘုရားစေတီများတွင် ဘုရားဖူးများ အလှူဒါနပြုသူများဖြင့် စည်ကားနေပြီး ဘုရားဝတ်ပြုဆုတောင်းသံများ ပဲ့တင်ထပ်လျက်ရှိကာ ကောင်းမှုကုသိုလ်ပွားများကြရသည်။

တစ်ဖန် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် အခြားသက်ကြီးရွယ်အိုစောင့်ရှောက်ရေး ဂေဟာများတွင် နှစ်ဆန်း ၁ ရက်နေ့၌ လူငယ် လူရွယ်များက သက်ကြီးဘိုးဘွားများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းလှီးဖြတ်ခြင်း၊ ရေချိုးပေးခြင်း စသည့်ကောင်းမှုကုသိုလ်များ ဆောင်ရွက်ပေးကြသည်။ အချို့လူငယ်အဖွဲ့များက ဘိုးဘွားများအတွက် အဝတ်အထည်၊ အသုံးအဆောင်များ ပေးလှူကြသည်။ မင်္ဂလာရှိသောဆောင်ရွက်မှုများကို မွန်မြတ်သောစိတ်စေတနာကောင်းများဖြင့် လုပ်ကိုင်နေကြခြင်းမှာ ကြည်နူးဖွယ်မြင်ကွင်းပင်ဖြစ်သည်။

ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် တရားရိပ်သာများတွင် သင်္ကြန်ပွဲတော်ပိတ်ရက်များ စတင်ကတည်းက ရှင်သာမဏေပြုသူများ၊ ရဟန်းဝတ်သူများ၊ တရားရိပ်သာဝင်သူများဖြင့် များပြားလျက်ရှိပြီး တရားရိပ်သာအများအပြားမှာ ကြိုတင်စာရင်းလက်ခံခြင်းများဖြင့် ပြည့်လျက်ရှိနေသည်။ တရားရိပ်သာဝင်သူအများစုမှာ နှစ်ဆန်း ၁ ရက်နေ့အထိ တရားရိပ်သာဝင်ကြရာ တရားနာလုံးသွင်းခြင်း၊ ဝိပဿနာတရားပွားများခြင်း စသောကိုယ်၊ ကိုယ်စိတ်နှစ်ပါးကို ဆင်ခြင်နေထိုင်ကာ ငြိမ်းချမ်းသောအချိန်ကာလအဖြစ် ဖြတ်သန်းလျက်ရှိကြသည်။

မြန်မာနှစ်သစ်ကူးနေ့ရက်ဖြစ်သည့် ဧပြီ ၁၇ ရက်မှသည် လာမည့်တစ်နှစ်တာ ကာလပတ်လုံး မင်္ဂလာရှိသည့် ကောင်းကျိုးအဖြာဖြာဖြင့် ကြုံတွေ့ရနိုင်ရန် ရန်ကုန်မြို့တန်ခိုးကြီးဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများ၊ တရားရိပ်သာများ၊ ဘိုးဘွားရိပ်သာများတွင် ကောင်းမှုကုသိုလ်ပြုမှုများနှင့် အမျှဝေသံများလွှမ်းခြုံလွှင့်ပျံ့လျက်ရှိနေသည်။

**(မြန်မာ့အလင်း)**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့၌ သက်ကြီးပူဇော်ပွဲနှင့် စုပေါင်းငါးလွှတ်ပွဲများကျင်းပ

## တောင်ကြီး

ရှမ်းပြည်နယ် အစိုးရအဖွဲ့ကကြီးမှူးကျင်းပသော ပဥ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်ညနေ ၃ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီးဒေါ်ဖြူဖြူညွန့်တို့က ဦးဆောင်၍ အဘိုးအဘွားများအား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက စင်မြင့်ပေါ်ရှိ အဘိုးအဘွားများအား ပူဇော်ကန်တော့ငွေများနှင့် ဆေးပစ္စည်းများလှူဒါန်းကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**ကချင်ပြည်နယ်ပူတာအိုခရိုင် ပူတာအိုမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲကို နှစ်ဆန်း ၁ ရက်ကပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပရာကန်တော့ခံသက်ကြီး အဘိုးအဘွားများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာများ၊ အလှူရှင်များက သက်ကြီးဘိုးဘွား ၅၀ အား ပူဇော်ကန်တော့ခဲ့ကြစဉ်။**
ဖုန်ကန်(iprd)

## တာချီလိတ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်ဆန်း ၁ ရက် ဧပြီ ၁၇ ရက် နံနက် ၇ နာရီက ဇီဝိတဒါနအဖြစ်စုပေါင်းငါးလွှတ်ပွဲကို မယ်ခေါင်ရပ်ကွက် အမှတ်(၂)မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအနီး မယ်ခေါင်ချောင်းတွင် ကျင်းပသည်။

အဆိုပါဇီဝိတဒါနငါးလွှတ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးတင်ဝင်းရွှေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ပြီး ငါးအကောင်ရေ ၃၀၀၀ ကျော်အား စုပေါင်းလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(iprd)**

## ဂန့်ဂေါ

ဂန့်ဂေါမြို့နယ် မဟာအတာသင်္ကြန်ပွဲ ကျင်းပရေးကော်မတီကကြီးမှူး၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည့် ဧပြီ ၁၇ ရက်၌ သက်ကြီးပူဇော်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသက် ၈၀ ကျော်သက်ကြီးအဘိုးအဘွား ၆၀ တက်ရောက်ကြသည်။

ပူဇော်ပွဲတွင် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူးဦးမောင်မောင်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးလှိုင်တို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြ၍ လှူဖွယ်ပစ္စည်းများပေးအပ်ဂါရဝပြုကြရာ အဘိုးဦးကျော်အောင်၊ အဘိုးဦးရှန်းမော်၊ အဘွားဒေါ်သိန်းကြည်တို့က ဆုပေးစကားများပြောကြားကြကြောင်း သိရသည်။

(၁၀၁)

**မြန်မာနှစ်ဆန်း ၁ ရက်နေ့က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့အရှေ့ကျေးရွာ၌ ပဥ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပရာ ကျေးရွာအကျိုးတော်ဆောင် ဦးဌေးလွင်ဦးစီးသည့်အဖွဲ့က အသက် ၇၀နှင့်အထက် သက်ကြီးဘိုးဘွား ၄၀ ခန့်အား ထောက်ပံ့ငွေနှင့် အသုံးဆောင်ပစ္စည်းများဖြင့် ကန်တော့ကြစဉ်။**
မောင်လွင်(တပ်ကုန်း)

## ဟိုပုံး

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဟိုပုံးမြို့ သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၌ကျင်းပရာ သက်ကြီးဘိုးဘွားများအား ဩကာသကန်တော့ကျိုးဖြင့် ကန်တော့ကြကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဘိုးဘွားများအား ပူဇော်ကန်တော့ငွေများနှင့် အထည်များလှူဒါန်းကြပြီး မတက်ရောက်နိုင်သည့် ဘိုးဘွားများအားအိမ်တိုင်ရာရောက် ပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းဦးခမ်း(ဟိုပုံး)**

# သင်္ကြန်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ထားဝယ် ဧပြီ ၁၇**

၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူတံငါရပ်ကွက် ဆိပ်ကမ်းသာ ဗောတံတား၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ငါးလွှတ်ကုသိုလ်ပြုကြသည်။

ငါးလွှတ်ပွဲတွင် ကကတစ်ငါးအကောင်ရေ သုံးသောင်း၊ တီလားပီးယားငါးအကောင်ရေ ငါးထောင့်ငါးရာ၊ ကျောက်ငါးအကောင်ရေ ငါးရာ၊ ကဏန်းအကောင်ရေ နှစ်ရာ၊ စုစုပေါင်း အကောင်ရေ သုံးသောင်းခြောက်ထောင်နှစ်ရာကို ဆိပ်ကမ်းသာ မြစ်ထဲသို့ လွှတ်ပေးသည်။

သင်္ကြန်ကြီးပူဇော်ပွဲ အခမ်းအနားကို ထားဝယ်မြို့ သာသနဝ္ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဘိုးအဘွားများအား ပူဇော်ကန်တော့လွှာ ဖတ်ကြားပြီး တက်ရောက်လာကြသူများက ပူဇော်ကန်တော့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက အဘိုးအဘွား ၁၄၈ ဦးကို လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျန်းမာရေးဆေးစစ်ကုသပေးသည်။

ဆက်လက်၍ အန္တရာယ်ကင်း ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ညနေ ၄ နာရီက ထားဝယ်မြို့ သာသနဝ္ဗိမာန်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူသည်။ ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမှုအစုစုတို့အတွက် ဇေယျဝတီစာသင်တိုက်မှ ဘဒ္ဒန္တသူရိယ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးက ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

မြန်မာနှစ်ဆန်း ၁ ရက်နေ့က ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ရှိ သမိုင်းဝင် ဘုရားကြီးစေတီတော်သို့ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ပြီး ရွှေကျင်ချောင်းအတွင်း အပန်းဖြေအနားယူရေကစားနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

မြန်မာနှစ်ဆန်း ၁ ရက်နေ့က နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သူများ အေးချမ်းစွာ အပန်းဖြေအနားယူနေသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ-မောင်မွေး

## အမျိုးသမီးရေးရာအဖွဲ့ သင်္ကြန်ကြီးပူဇော်ပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

သာသနာရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ သင်္ကြန်ကြီးပူဇော်ပွဲအခမ်းအနားကို နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ မြန်မာနှစ်ဆန်း ၁ ရက် (၁၇-၄-၂၀၁၅)ရက်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဦးဆောင်သော သာသနာရေးဝန်ကြီးဌာန အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များမှ အဘိုး အဘွား ၄၃ ဦးအား ဦးခေါင်းသန့်စင်ခြင်း၊ ခြေလက်သန့်စင်ခြင်း၊ ခြေသည်းလက်သည်းညှပ်ခြင်း စသည့် သင်္ကြန်ကြီးပူဇော်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

**(မြန်မာ့အလင်း)**

## သင်္ကြန်တွင်း ဦးပိန်တံတား၌ လာရောက်အပန်းဖြေသူများပြား

**မန္တလေး ဧပြီ ၁၇**

မန္တလေးသင်္ကြန်သည် အလွန်စည်ကားသည်။ မန္တလေးသင်္ကြန်သို့ လာရောက်လည်ပတ်ကြသူတိုင်း ကားကြီး၊ ကားငယ်၊ ဆိုင်ကယ်အသွယ်သွယ်ဖြင့် တိုးမပေါက်အောင် အလွန်များပြားလှပြီး ကျုံးဘေးတစ်လျှောက် ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာရေကစားခြင်းနှင့် ရေပက်ခံခြင်းတို့ ပြုလုပ်လေ့ရှိကြသည်။

နေ့လယ်ရေကစားနားချိန်များတွင် မန္တလေးတောင် ကုသိုလ်တော်ဘုရား၊ အတုမရှိ ရွှေကျောင်းကြီး၊ မြို့တော်ဥယျာဉ် စသည့် ကျယ်ပြန့်သည့်နေရာများနှင့် သမိုင်းဝင် တောင်သမန်အင်းခေါ် ဦးပိန်တံတားတွင်လည်း ဝင်ရောက်နားခိုကြရာ သင်္ကြန်အကြတ်နေ့တွင် ဦးပိန်တံတားပေါ်၌ စည်ကားများပြားလှသော ဧည့်ပရိသတ်ကြီးကို တွေ့မြင်ခဲ့ကြရသည်။ **(ယာပုံ)** **သက်နိုင်(ပြင်ဦးလွင်)**

## ၁၆-၄-၂၀၁၅(မဟာသင်္ကြန်အတက်နေ့)တွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ သင်္ကြန်နှင့်ပတ်သက်သည့်မှုခင်းများ ဖြစ်ပွားမှုအခြေအနေ

ရက်စွဲ၊ ၁၇-၄-၂၀၁၅

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | လူသတ်မှု | | | [illegible] | ယာဉ်မတော်တဆမှု | | | ခိုက်ရန်ဖြစ်ပွားမှု | | | ဝတ္ထုရားနှောင့်ယှက်မှု | | ကာယိကခြေ ချက်ဆိုးမှု | | [illegible] | [illegible] | [illegible] | အခြားအမှု | | သေမှုသေခင်း | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ | ဖြစ်ပွားမှု | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ | ဖြစ်ပွားမှု | ဒဏ်ရာရ | ဖြစ်ပွားမှု | ဒဏ်ရာရ | ဖြစ်ပွားမှု | ဖြစ်ပွားမှု | ဖြစ်ပွားမှု | ဖြစ်ပွားမှု | ဒဏ်ရာရ | ဖြစ်ပွားမှု | သေဆုံး | ဖြစ်ပွားမှု | သေဆုံး | ဒဏ်ရာရ |
| ၁ | နေပြည်တော် | - | - | - | - | ၁ | - | ၅ | ၁ | - | ၂ | - | - | - | - | ၃ | - | - | - | - | - | - | ၅ | - | ၇ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး | - | - | - | - | ၁ | ၁ | - | - | - | - | ၂ | ၁ | - | - | - | - | - | ၁ | ၁ | - | - | ၄ | ၁ | ၂ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | ၂ | ၂ | ၃ | ၂ | - | ၂ | - | - | - | - | - | - | - | - | - | - | - | ၄ | ၂ | ၅ |
| ၄ | ပဲခူးတိုင်းဒေသကြီး | - | - | - | - | - | - | - | ၁ | - | ၂ | - | - | - | - | - | - | - | - | - | - | - | ၁ | - | ၂ |
| ၅ | မကွေးတိုင်းဒေသကြီး | ၁ | ၁ | - | - | ၁ | - | ၁ | ၄ | - | ၉ | - | - | - | - | - | ၁ | - | - | - | - | - | ၇ | ၁ | ၁၀ |
| ၆ | မန္တလေးတိုင်းဒေသကြီး | - | - | - | - | - | - | - | ၃ | - | ၇ | - | - | - | - | - | - | - | ၁ | - | - | - | ၄ | - | ၇ |
| ၇ | မွန်ပြည်နယ် | - | - | - | - | ၁ | ၁ | - | - | - | - | - | - | - | - | - | - | - | - | - | - | - | ၁ | ၁ | - |
| ၈ | ရခိုင်ပြည်နယ် | - | - | - | - | ၂ | - | ၇ | ၂ | - | ၄ | - | - | - | - | - | - | - | - | - | - | - | ၄ | - | ၁၁ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး | - | - | - | - | ၁ | ၂ | ၁၄ | ၄ | - | ၅ | ၁ | ၁ | ၂ | ၂ | ၂ | ၁၃ | - | ၁ | ၉ | - | - | ၂၅ | ၂ | ၃၁ |
| ၁၀ | ရှမ်းပြည်နယ် | - | - | - | - | ၃ | - | ၁၀ | - | - | - | - | - | - | - | - | - | - | - | - | ၂ | ၂ | ၅ | ၂ | ၁၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | - | - | - | - | - | - | - | ၂ | - | ၄ | - | - | - | - | - | - | - | - | - | ၁ | ၁ | ၃ | ၁ | ၄ |
| | စုစုပေါင်း | ၁ | ၁ | - | - | ၁၂ | ၆ | ၄၀ | ၁၉ | - | ၃၅ | ၃ | ၂ | ၂ | ၂ | ၅ | ၁၄ | - | ၇ | ၁၀ | ၃ | ၃ | ၆၂ | ၁၀ | ၈၉ |

## မြစ်သာမြစ်ကူးဝါးတံတားပေါ် ဖြတ်သန်းမောင်းနှင်စဉ် ဆိုင်ကယ်နှင့်လူ ပြုတ်ကျ

**နေပြည်တော် ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ဧပြီ ၁၆ ရက် မွန်းလွဲ ၂နာရီခွဲခန့်က ပြင်သာကျေးရွာ အနောက်ဘက် တစ်ဖာလုံခန့်အကွာရှိ မြစ်သာမြစ်ကူးဝါးတံတားပေါ်မှ ဆိုင်ကယ်နှင့် လူတစ်ဦးပြုတ်ကျ၍ သေဆုံးကြောင်း သတင်းအရ မင်းရွာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ မြစ်သာတမံ တည်ဆောက်ရေးလုပ်ငန်းခွင်မှ ဦးစိုးမြင့်(၅၅ နှစ်)သည် မြစ်သာတမံမှ ပြင်သာရွာသို့ သွားရောက်ရန် ကမ်ဘို ၁၁၀ အနက်ရောင် ဆိုင်ကယ်ဖြင့် အရှည်ပေ ၆၀၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်ပေရှိ မြစ်သာမြစ်ကူးဝါးတံတားကို ဖြတ်သန်းမောင်းနှင်စဉ် မြစ်အတွင်း ရေမရှိသည့်နေရာသို့ ဆိုင်ကယ်နှင့်အတူ ပြုတ်ကျရာက ကျောက်တုံးနှင့် ထိခိုက်မိပြီး ဦးခေါင်းဒဏ်ရာများ ရရှိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## စိတ်ကြွရူးသွပ်ဆေးပြားနှင့် WY တံဆိပ်ပါ သံမိုချောင်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၇**

ဧပြီ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု ဆိုက်ခေါင်ကျေးရွာ ရန်ကင်းရပ်နေ မောင်စိုး၏ နေအိမ်ကိုရှာဖွေရာ ၄င်းနှင့်အတူ မောင်ငဲကို တွေ့ရှိရပြီး မောင်ငဲ အိပ်သော အိပ်ရာခေါင်းရင်းတိုင်တွင် ချိတ်ဆွဲထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား လေးပြား၊ နေအိမ်အောက်ထပ်မှ စိတ်ကြွရူးသွပ်ဆေးပြားရိုက်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ သံမိုချောင်း ၁၈ ချောင်းနှင့် မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဘန့်ပွိုးကျေးရွာအုပ်စု ထိတယမ်းကျေးရွာနေ ခွန်မျိုးမြင့်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်အပေါ်ထပ် စတိုခန်းအတွင်းမှ အက်ဖီဒရင်း ၆ ဒသမ ၇ ကီလိုနှင့် သံသေတ္တာအတွင်းမှ ဘိန်းစိမ်း ၂ ဒသမ ၅ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိသဖြင့် မောင်စိုး (၅၄ နှစ်)၊ မောင်ငဲ(၄၃ နှစ်)နှင့် ခွန်မျိုးမြင့်(ခ)မောင်အော(၂၀ နှစ်)တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## လေပြင်းတိုက်ခိုက်မှုကြောင့် နေအိမ်၊ ကျောင်းနှင့် စေတီတော်ပျက်စီး

**မင်းလှ ဧပြီ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ရှိ အိုးဘိုကုန်းကျေးရွာနှင့် ရေပေါ်ကျေးရွာတို့တွင် ဧပြီ ၁၄ ရက်ညနေ ၄ နာရီခွဲမှ ၅ နာရီအထိ လေပြင်းတိုက်ခတ်ပြီး မိုးကြိုးများပစ်ချခဲ့မှုကြောင့် အိုးဘိုကုန်းကျေးရွာတွင် လူနေအိမ်အလုံး၂၀ အမိုးလန်ပျက်စီးခြင်းနှင့် ထိုကျေးရွာရှိ ပြည်လုံးအေးစေတီတော် ဉာဏ်တော် ၂၃ ပေ၏ ထီးတော်ပြုတ်ကျပျက်စီးခြင်း၊ ရေပေါ်ကျွန်းကျေးရွာတွင် လူနေအိမ်အလုံး ၃၀၊ အမိုးလန်ပျက်စီးခြင်းနှင့် ထိုကျေးရွာရှိ အမကကျောင်းအမိုးလန်ပျက်စီးခဲ့ပြီး အဆိုပါ အမိုးလန်ပျက်စီးမှုကို နေအိမ်ရှင်များက ကျေးရွာနေပြည်သူများနှင့်အတူ ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

## နေပြည်တော်သို့ ဘုရားဖူးလာသောယာဉ် တိမ်းမှောက်

**နေပြည်တော် ဧပြီ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုအုပ်စု ကြီးပွားရွာ၌ ယနေ့နံနက် ၃ နာရီခွဲက ဘုရားဖူးယာဉ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့မှ နေပြည်တော်သို့ လူဦးရေ ၂၆ ဦး တင်ဆောင်လာသည့် JAC အမျိုးအစား 5H/------ ဘုရားဖူးယာဉ်သည် ကြီးပွားကျေးရွာ ပင်းသီးပေါက်ကွေ့ မိုင်တိုင် (၂၀/၁)အနီး၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ လူကြီးနှစ်ဦးနှင့် ကလေးနှစ်ဦး ပွဲချင်းပြီးသေဆုံးကာ ဒဏ်ရာရရှိသည့် လူနာများအား နေပြည်တော် ခုတင် ၁၀၀၀ သို့ ဆက်လက်ပို့ဆောင်ခဲ့ရာ ဆေးရုံတွင် လူနာတစ်ဦး ထပ်မံသေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသည် တောင်ညိုကျေးရွာနှင့် အဝေးပြေးလမ်းမကြီးသို့ သွားသော သုံးပွင့်ဆိုင်လမ်းကြောဖြစ်သည့်အပြင် ယာဉ်မတော်တဆမှုများမှာ ယခင်က အကြိမ်(၃၀)ထက်မနည်း မကြာခဏဖြစ်ပွားခဲ့ကြောင်းနှင့် ယာဉ်ကြောလမ်းပြမှုစနစ် ထားရှိပေးမှုအားနည်းနေကြောင်း သိရှိရပြီး ယခုဖြစ်ပွားသည့် ယာဉ်တိမ်းမှောက်မှုမှာ အခြေအနေဆိုးရွားကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**(၄၀၆)**


### တိုင်းဒေသကြီးအစိုးရအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း မူလရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြောင်းမြဘဏ်ခွဲ ပင်မအဆောက်အအုံအသစ်ကို အောက်ပါလုပ်ငန်းများဖြင့် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း စံချိန်၊ စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောက်လုပ်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဘဏ်ခွဲအဆောက်အအုံသစ်(၆၀×၄၀)ပေ သံကူကွန်ကရစ်(၂)ထပ် ဆောက်လုပ်ခြင်း။
(ခ) အုတ်ခြံစည်းရိုးကာရံ၍ ဝင်ပေါက်တွင် သံပန်းတံခါးမကြီး တပ်ဆင်ခြင်း။
(ဂ) အဝင်/အထွက်လမ်း ကွန်ကရစ်ခင်းခြင်း။
(ဃ) ၂၂ ပေအမြင့် ဂါလန်(၄၀၀)ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း။
(င) (၁၅×၅)ပေ သံကူကွန်ကရစ် (၃)ခန်းတွဲ ရေလောင်းအိမ်သာ(၁)လုံး ဆောက်လုပ်ခြင်း။ (မိလ္လာကန်အပါအဝင်)
(စ) ပြတင်းပေါက်အားလုံးတွင် သံပန်းတပ်ဆင်ခြင်းနှင့် ရှေ့/နောက် ဝင်ပေါက်တို့တွင် သံဘာဂျာတံခါးတပ်ဆင်ခြင်း။
(ဆ) အဆောက်အအုံဘေးပတ်လည် Drain & Apron ပြုလုပ်ခြင်း။
(ဇ) မန်နေဂျာခန်းနှင့် Banking Hall တွင် ကြွေပြားခင်းခြင်း။
(ဈ) ငွေကြေးခန်း(၂၀×၁၀)ပေ ဖွဲ့စည်းခြင်း။
(ည) Strong Room (၂၀×၁၀)ပေ ဖွဲ့စည်းခြင်း။
(ဋ) ကောင်တာပြုလုပ်ခြင်း၊ မန်နေဂျာအခန်း(၁၀×၁၀)ပေ ဖွဲ့စည်းခြင်း။
(ဌ) လျှပ်စစ်မီးသွယ်တန်းခြင်း။
(ဍ) ဆိုင်းဘုတ်ပြုလုပ်ခြင်း။
(ဎ) အလံတိုင်ပြုလုပ်ခြင်း။

၂။ ဆောက်လုပ်လိုသည့်ကုမ္ပဏီများသည် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီက သတ်မှတ်ထားသောဒီဇိုင်းပုံစံနှင့်ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန် ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းသည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် Profile တင်ပြရမည်။
၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၁၂-၄-၂၀၁၅ ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါများကို ၁၂-၅-၂၀၁၅ ရက် ၁၆း၃၀ နာရီအချိန် နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၃၆၄၁ နှင့် မြန်မာ့စီးပွားရေးဘဏ်၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ ဖုန်း-၀၄၂-၂၃၈၉၇၊ ၀၄၂-၂၃၈၉၈၊ ၀၄၂-၂၂၈၀၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



### တနင်္သာရီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထားဝယ်ခရိုင်အတွင်း ဆောင်ရွက်မည့်နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော မြေသားလမ်း(၂)လမ်း၊ ကျောက်လမ်း(၅)လမ်း၊ သံကူကွန်ကရစ်တံတား(၂၆)စင်း၊ ဘာသာရေး(၃)ခု၊ အိမ်ယာဆောက်လုပ်ရေး(၃)လုံး၊ သောက်သုံးရေရရှိရေးကျေးရွာ(၉)ရွာနှင့် ဆိုလာမီးရရှိရေးကျေးရွာ(၈)ရွာ၊ လုပ်ငန်းများအားဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်းခေါ်ယူမည်ဖြစ်ပါသဖြင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းတင်သွင်းနိုင်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့် ရက်/အချိန်** | - | ၁၈-၄-၂၀၁၅ရက် (စနေနေ့) နံနက် ၀၉း၃၀ နာရီ |
| **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၉-၅-၂၀၁၅ရက် (စနေနေ့) ညနေ ၁၆း၀၀ နာရီ |
| **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** | - | ထားဝယ်ခရိုင်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အာဇာနည်လမ်း၊ ဗျောတောဝရပ်ကွက်၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၁၀၀၅၊ ၀၅၉-၂၁၁၅၇၊ |

**ထားဝယ်ခရိုင်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



### မွန်ပြည်နယ်လွှတ်တော်ရုံး
### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်လွှတ်တော်ရုံးဝင်းအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် အောက်ဖော်ပြပါ လုပ်ငန်း(၃)မျိုးအတွက် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ပါသည်-
(က) ကိုယ်စားလှယ်များ တည်းခိုဆောင် ဆောက်လုပ်ခြင်း(၄၄'×၅၀')
(ခ) ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးနေအိမ်(၂)လုံးဆောက်လုပ်ခြင်း (၄၀'×၅၈')
(ဂ) ၄ခန်းတွဲ ၄ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (၄၀'×၈၀')
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၄-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်အတွင်း မွန်ပြည်နယ် လွှတ်တော်ရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ တင်ဒါတင်သွင်းရမည့်ရက်မှာ ၁၈-၅-၂၀၁၅ရက် (တနင်္လာနေ့) ၁၃း၀၀ နာရီ အထိဖြစ်ပါသည်။ သတ်မှတ်ရက်ထက် နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မွန်ပြည်နယ်လွှတ်တော်ရုံး**
**ဖုန်း-၀၅၇-၂၇၄၉၃**



### စေ့စပ်ကြောင်းလမ်းမှုဖျက်သိမ်းခြင်း

မန္တလေးမြို့၊ သဘော်တန်းရပ်နေ ဦးဘီမောင်-ဒေါ်ခင်ရီတို့၏သား မောင်လှကိုကိုနှင့် ကလောမြို့နေ ဦးဝင်းသန့်-ဒေါ်ခင်ခင်ဝင်းတို့၏သမီး မယဉ်မင်းအေးတို့၏ နှစ်ဖက်သဘောတူ စေ့စပ်ကြောင်းလမ်းမှုအား စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့် ဖျက်သိမ်းလိုက်ပါသည်။

နှောင့်ယှက်မှုပြုလာပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**မယဉ်မင်းအေးနှင့်မိဘညီအစ်ကိုမောင်နှမဆွေမျိုးသားချင်းများ**

Hotel Esperado
Yangon

နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

၁၃၇၉ မြန်မာ့နှစ်သစ်မှာ
မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးကျန်းမာချမ်းသာ၍
မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်း တောင်းအပ်ပါသည်

HOTEL ESPERADO
YANGON

NO.23 ,U AUNG MYAT STREET, MINGALAR TAUNG NYUNT TOWNSHIP
YANGON , MYANMAR

PHONE : 95 8619 486-9
EMAIL : info@hotelesperado.com
WEBSITE : www.hotelesperado.com

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက်သုံးစွဲသူ ၁၅ရာခိုင်နှုန်းရှိလာ ပိုမိုကျယ်ပြန့်စွာသုံးစွဲနိုင်ရေး စိန်ခေါ်မှုများရှိနေသေး

သွန်းဝသန်

**ရန်ကုန် ဧပြီ ၁၇**

ဆက်သွယ်ရေး အော်ပရေတာများ၏ ဈေးကွက်ပြိုင်ဆိုင်မှုအခြေကျလာချိန်ဝယ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက်သုံးစွဲမှု မြင့်တက်လာသော်လည်း ကျယ်ပြန့်စွာသုံးစွဲနိုင်ရေးအတွက် စိန်ခေါ်မှုများ ကျန်ရှိနေသေးကြောင်း နည်းပညာပညာရှင်များက ခန့်မှန်းထားသည်။

"၂၀၁၃ခုနှစ်မှာ အင်တာနက်အသုံးပြုသူ ၁ ဒသမ ၂ သန်းသာရှိခဲ့ပေမယ့် အခု ၂၀၁၅ ခုနှစ်အရောက်မှာ ၁၅ ရာခိုင်နှုန်းအထိ အင်တာနက်သုံးစွဲသူဦးရေက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ များပြားလာခဲ့တာဖြစ်ပါတယ်။ သို့သော် ရာနှုန်းပြည့်သုံးစွဲနိုင်ဖို့အရေးကတော့ အလှမ်းဝေးနေပါတယ်။ အဓိကက အခြေခံအဆောက်အအုံတွေဖြစ်ပြီး လိုအပ်ချက်တွေအတွက် ပညာရှင်၊ လုပ်ငန်းရှင်နဲ့ နိုင်ငံတော်တို့အကြား သွေးစည်းစွာနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအားကိုယူပြီး ပူးပေါင်းလုပ်ဆောင်မယ်" ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက ပြောကြားသည်။

ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှုန်းထားသက်သာသည့် အင်တာနက်သုံးစွဲနိုင်ရေးအတွက် ကမ္ဘာ့အကျယ်ပြန့်ဆုံး နည်းပညာအဖွဲ့အစည်းတစ်ခုဖြစ်သည့် A4AI နှင့် ပူးပေါင်းကာ ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိမြန်မာ့လူဦးရေ ၅၁ ဒသမ ၄ သန်းအနက် အင်တာနက်သုံးစွဲသူမှာ ၁၅ ရာခိုင်နှုန်းသာရှိနေခြင်းကြောင့် ကမ္ဘာပေါ်တွင် အင်တာနက်အသုံးပြုမှုအနည်းပါးဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသေးသည့်အပြင် Broadband အင်တာနက်သုံးစွဲမှုတွင် ဈေးနှုန်းမြင့်မားဆုံးနိုင်ငံများတွင် ပါဝင်နေဆဲဖြစ်ကြောင်း International Communication Union က ထုတ်ပြန်ထားသည်။

"အင်တာနက်သုံးစွဲမှုကို လူတိုင်းလက်သင့်ခံရရှိအောင် ကျွန်တော်တို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ အခုလည်း မြန်မာနိုင်ငံဟာ နှုန်းထားသက်သာတဲ့ အင်တာနက်လိုင်းတွေရရှိနိုင်ဖို့ အလေးထားဆောင်ရွက်နေတဲ့ A4AI အဖွဲ့အစည်းရဲ့ ပဉ္စမမြောက်နိုင်ငံဖြစ်လာပြီး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့နဲ့ စတင်ပူးပေါင်းနေပါပြီ" ဟု အသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးကပြောကြားသည်။

ယင်းအဖွဲ့အစည်း၏ အဓိကရည်မှန်းချက်မှာ လူတိုင်း၏ လစဉ်ဝင်ငွေ ငါးရာခိုင်နှုန်း သို့မဟုတ် ငါးရာခိုင်နှုန်းထက် နည်းပါးသည့် နှုန်းထားဖြင့် အင်တာနက်သုံးစွဲခွင့်ရရှိရေးဖြစ်သည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာနမှ လုပ်ဆောင်ဆဲ ဥပဒေ၊ နည်းဥပဒေများနှင့် ပေါ်လစီရေးရာများအတွက် အကြံဉာဏ်ကောင်းများ ပိုမိုရရှိလာစေကာ ရေရှည်တွင် ပိုမိုကျယ်ပြန့်စွာ အသုံးပြုလာနိုင်ရန် ရည်ရွယ်ထားကြောင်း၊ သို့သော်လည်း အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ အင်တာနက်လိုင်းများတပ်ဆင်သွယ်တန်းမှု လိုအပ်ချက်များကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက်သုံးစွဲနိုင်ရေးမှာမူ အလှမ်းဝေးနေသေးကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# အချက်အလက်များ ပိတ်သိမ်းနိုင်သော်လည်း ဖုန်းပျောက်သူအများစု အခွင့်အရေးမရရှိ

**ရန်ကုန် ဧပြီ ၁၇**

သင်္ကြန်ကာလ ဖုန်းပျောက်ဆုံးမှုများပြားခဲ့ပြီး တန်ဖိုးကြီးစမတ်ဖုန်းအများစုကာကွယ်သည့်စနစ် ပါဝင်ပါလျက် အသုံးပြုသူနည်းပါးနေဆဲဖြစ်ကြောင်း မိုဘိုင်းဖုန်းအရောင်းဆိုင်များထံမှ သိရသည်။

"သင်္ကြန်ရက်တွေမှာ ဖုန်းပျောက်တာတွေ များလာတယ်။ အများစုက စမတ်ဖုန်းတွေဖြစ်ပေမယ့် သုံးစွဲသူတွေ ဖုန်းကိုပြန်ပြီး ကောင်တာမလုပ်ထားတာကြောင့် ပြန်လည်ရရှိမှုလုံးဝမရှိသလောက်ပဲ။ အမှန်က မိမိဖုန်းပျောက်ဆုံးသွားရင် အခြားသူတွေသုံးစွဲလို့မရအောင် ထိန်းချုပ်ထားတဲ့စနစ်တွေက စမတ်ဖုန်းအားလုံးနဲ့ အန်းဒရွက်ဖုန်းအများစုမှာ ပါဝင်ပါတယ်။ အခုတော့ ဖုန်းပျောက်သွားပေမယ့် ပြန်ရှာမယ့်စနစ် အသုံးမပြုထားတာကြောင့် ဆုံးရှုံးနေရတယ်"ဟု Zulu mobile အရောင်းဆိုင်မှ ကိုဖြိုးလင်းကိုကိုက ပြောသည်။

သင်္ကြန်ရက်များတွင် ရေပက်ခံထွက်သည့် မော်တော်ယာဉ်များနှင့် ဖြတ်သန်းသွားလာသူများ မတော်တဆမေ့ကျန်ပျောက်ရှသောဖုန်းများကို နေ့စဉ်မြင်တွေ့ရပြီး အများစုမှာ မေ့ကျန်ခြင်းနှင့် ပြုတ်ကျခြင်းများကြောင့် ကောက်ရသော်လည်း ပျက်စီးပြီးသားအခြေအနေသာဖြစ်ကြောင်း ကန်တော်ကြီး ကန်ပတ်လမ်းတွင် ရေသန့်ဘူးလိုက်လံရောင်းချသော လူငယ်လေးတစ်ဦးက သူ့အတွေ့အကြုံကိုပြောသည်။

"ပျောက်တာထက် ခိုးယူတာပိုများပါတယ်။ အများစုက အရက်သေစာသောက်သုံးထားတာကြောင့် အမူမဲ့အမှတ်မဲ့ ဖြစ်နေတယ်။ ဖုန်းတွေကို မဏ္ဍပ်တွေရဲ့ စပီကာတွေဘေးနဲ့ စင်တွေပေါ်မှာ စုပြီးတင်ထားတာ၊ အားသွင်းထားတာတွေလုပ်တယ်။ ဖုန်းနဲ့ခါတ်ပုံရိုက်ပြီး ဘေးမှာ ချထားမိတတ်တယ်။ လူစိမ်းမဟုတ်ပေမယ့် မဏ္ဍပ်ပေါ်ကသူ အချင်းချင်းလည်း စိတ်ချလို့မရဘူး။ ဖုန်းပျောက်သူအများစုကလည်း ရဲကိုတိုင်လေ့မရှိကြဘူး။ မော်တော်ကားတွေနဲ့ လည်တဲ့အခါမှာလည်း အချို့ကလည်ပင်းမှာ လွယ်မထားဘဲ အင်္ကျီဘောင်းဘီတွေထဲ ထည့်ထားတတ်ကြတယ်။ မဏ္ဍပ်ကြီးတွေမဟုတ်တဲ့ မဏ္ဍပ်ငယ်တွေမှာ ရေပက်ခံရင်း ပြုတ်ကျ သွားတာတွေလည်းရှိတယ်"ဟု အိုင်ဖုန်းဖိုက်အက်စ်ပျောက်ဆုံးသွားသူ မကေဇင်ဝင်းက ဆိုသည်။

"ဖုန်းတွေရဲ့ နည်းပညာထဲမှာ ပျောက်သွားတဲ့အခါ ကိုယ့်ရဲ့ အချက်အလက်တွေကိုကာကွယ်ဖို့အတွက် ကုတ်နံပါတ်တောင်းထားတာရှိတယ်။ အဲဒါကိုဖြည့်ပြီး မှတ်သားထားမယ်ဆိုရင် မတော်တဆ ဖုန်းပျောက်ဆုံးတဲ့အခါ အခြားဖုန်းတစ်ခုခုကနေ အဲဒီကုတ်ကိုခေါ်လိုက်တာနဲ့ ဖုန်းကအလိုလို လော့ခ်ကျသွားမှာဖြစ်ပါတယ်။ အထူးသဖြင့် Official ဖုန်းတွေဆိုရင် ဖုန်းဝယ်ထားတဲ့ User က ကိုယ်တိုင်ဖြစ်ကြောင်း သက်သေပြနိုင်ရင် ဖုန်းကို ပြန်ရှာဖွေနိုင်တယ်"ဟု ကိုဖြိုးလင်းကိုကိုက ပြောကြားသည်။

**ဆောင်းနွေမိုး**

# နှစ်သစ်နှင့် စမတ်သ်ဖုန်းအသစ်များနှိုင်းယှဉ်ကြည့်ရာဝယ်

ဆောင်း နွေ မိုး

မိုဘိုင်းဖုန်းဆင်းကတ်များ ဈေးနှုန်းကျဆင်းလာပြီးနောက်ပိုင်းမှာ အဆင့်အတန်းမြင့်မားတဲ့စမတ်ဖုန်းတွေကို သုံးစွဲဖို့အတွက် ပိုပြီး ငွေကုန်ကြေးကျခံလာကြပါတယ်။ နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ ကိုင်တွယ်သုံးစွဲတဲ့ ဖုန်းတွေကိုပါ Upgrade လုပ်လိုသူတွေအတွက် ဘယ်အမျိုးအစားက နောက်ဆုံးပေါ်ဖြစ်ပြီး ကိုယ်နဲ့သင့်လျော်မလဲဆိုတာ ရွေးချယ်စဉ်းစားစရာပါ။ ကိုင်နိုင်မယ်ဆိုရင် မြန်မာ့မိုဘိုင်းဖုန်းကွန်ရက်နဲ့ အသင့်လျော်ဆုံး စမတ်ဖုန်းအသစ်တွေကတည်းက လူတိုင်းမျှော်လင့်နေကြတဲ့ Iphone 6 နဲ့ Galaxy S6 ကတော့ ထိပ်တန်းမှာ ရှိနေပါတယ်။

**ဘာကိုရွေးမလဲ**

Apple ရဲ့ နောက်ဆုံးထုတ်ကုန် အိုင်ဖုန်းဆစ်စ်နဲ့ Sumsung ရဲ့ နောက်ဆုံးထုတ်ကုန် ဂလက်ဆီအက်စ်ဆစ်စ်ကတော့ ထုတ်ကုန်စတင်ဖြန့်ဖြူးရာမှာလည်း မကွာခြားသလို ကြော်ငြာပိုင်းမှာလည်း အပြိုင်အဆိုင်ပါပဲ။ ထုတ်ကုန်အမျိုးအစားအရ အိုင်ဖုန်းချစ်သူတွေက အိုင်ဖုန်းဆစ်စ်ကို ညွှန်းဆိုကြသလို နည်းပညာမြင့်မားတဲ့ ဆမ်ဆောင်းရဲ့ ဂလက်ဇီအက်စ်ဆစ်စ်ဟာလည်း အိုင်ဖုန်းဆစ်စ်ရဲ့ အဓိကကမ္ဘာလုံးဆိုင်ရာ ပြိုင်ဘက်တစ်ခုဖြစ်လာပါတယ်။ မြန်မာနိုင်ငံအတွင်းမှာလည်း အိုင်ဖုန်းချစ်သူနဲ့ ဂလက်ဇီချစ်သူတွေ အချိုးချကြည့်ရင် ထက်ဝက်နီးပါးရှိတယ်လို့ အွန်လိုင်းမိုဘိုင်းရောင်းဝယ်ရေးက ကိုရှိန်းမြတ်သူက ဆိုပါတယ်။

**အထူးဖန်တီးချက်နှင့် အားသာချက်**

အိုင်ဖုန်းဆစ်စ်ရဲ့ အားသာချက်တွေဟာ အိုင်ဖုန်းသုံးစွဲသူတွေတော့ သိပြီးသားပါ။ Apple ရဲ့ ၆၄ Bits A8 Processer တပ်ဆင်ပေးထားပြီး အိုင်အိုအက်စ်ရဲ့ ထောက်ပံ့မှုတွေကြောင့် Application တွေရဲ့လုပ်ဆောင်ချက်တွေက အဆင့်မြင့်မားစေမှာဖြစ်ပါတယ်။

ထို့အတူ ဂလက်ဇီ အက်စ်ဆစ်မှာ စွမ်းဆောင်ရည်ပြည့်စေဖို့ cta core Processor 7420 ကိုသုံးစွဲထားပါတယ်။ 3GB RAM ဖြစ်ပြီး TouchWiz ကြောင့် Application တွေသုံးစွဲရာမှာ ပြိုင်ဘက်ကင်းမြန်ဆန်မှာပါ။

**မြင်ကွင်း**



မြင်ကွင်းပိုင်းမှာ အက်စ်ဆစ်က ငါးလက်မဖြစ်ပြီး မျက်နှာပြင်ရာခိုင်နှုန်း ၇၀ ကို မြင်ကွင်းပြည့် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ QHD မျက်နှာပြင်ဖော်ပြနိုင်တဲ့စနစ်ကြောင့် Resolution ကတော့ အသစ်ထုတ်ကုန်ထဲမှာ အကောင်းဆုံးလို့ သတ်မှတ်နိုင်ပါတယ်။

အိုင်ဖုန်းဆစ်စ်ကတော့ ၄ဒသမ ၇ လက်မရှိပြီး ကိုယ်ထည်တစ်ခုလုံးရဲ့ ၆၅ ရာခိုင်နှုန်းဟာ မြင်ကွင်းတွေဖြစ်တာကို တွေ့ရပါတယ်။Pixel density ကို ၃၂၆ ppi ပေးထားတာတွေ့ရလို့ မျက်နှာပြင်ကောင်းတစ်ခုပဲဖြစ်ပါတယ်။

**ဖုန်းချစ်သူများအကြိုက် အသွင်အပြင်**

အိုင်ဖုန်းဆိုတာနဲ့တင် မျက်စိထဲမှာ လေးထောင့်စပ်စပ် ဖုန်းအတုံးကြီးတစ်ခုလို့ မြင်လိုက်မယ်ဆိုရင် အိုင်ဖုန်းဆစ်စ်ချစ်သူတွေက ရယ်စရာအဖြစ် သတ်မှတ်ပါလိမ့်မယ်။ သူ့ရဲ့ ရိုးရှင်းတဲ့ ဒီဇိုင်းကနေ ခွဲထွက်လာလိုက်တာ အခုအိုင်ဖုန်းဆစ်စ်ရဲ့ဒီဇိုင်းဟာ အလွန်အဆင့်အတန်းမြင့်တဲ့ စမတ်ဖုန်းရဲ့အသွင်အပြင် အပြည့်ရှိနေပါတယ်။

ဆန်းသစ်တီထွင်မှုတွေနဲ့ ဒီဇိုင်းပိုင်းကိုအားထားတဲ့ ဆမ်ဆောင်းရဲ့ ဂလက်ဇီ အက်စ်ဆစ်ကတော့ ကိုယ်ထည်ကို သတ္တုဖရိန်အသုံးပြုလိုက်ပါတယ်။ ထို့အတူ Gorilla Glass ကို မျက်နှာပြင်တစ်ဖက်စီမှာ တပ်ထားတဲ့အတွက် ကြည်လင်မှုနဲ့ လှပမှုကြောင့် သုံးစွဲသူတွေ နှပ်ျုလန်းဆန်းနိုင်တယ်လို့ သင်္ကြန်မတိုင်ခင် သုံးရက်အလိုက ရန်ကုန်ကိုခြေချရောက်ရှိလာတဲ့ အက်စ်ဆစ်ရဲ့ပိုင်ရှင်ကိုဟိန်းဇော်လတ်က ပြောပါတယ်။

ကျန်တဲ့ နည်းပညာပိုင်းနဲ့ အက်ပလီကေးရှင်းပိုင်းတွေကတော့ စမတ်ဖုန်းတွေရဲ့ ကြီးမားတဲ့အစဉ်အလာအတိုင်း အတူတူပဲမို့ နှစ်သစ်မှာ နောက်ဆုံးပေါ် စမတ်ဖုန်းအမျိုးအစားအသစ်ကို ပြောင်းလဲရွေးချယ်လိုသူတွေအတွက် အားသာချက်အနည်းငယ်ကို ယှဉ်ထိုးဖော်ပြပေးလိုက်ရခြင်းပါ။

# သေစာ ရှင်စာ

ချမ်းသာ (မိတ္ထီလာ)

အသက် ၇၉ နှစ်ကျော်လွန်သည့်အရွယ်ရောက်ခါမှ ဒီတစ်သက် ဒီလိုအတွေ့အကြုံမျိုး ကြုံတွေ့ရလိမ့်မည်ဟု ဒေါ်စော မတွေးမိခဲ့ပါ။ ငယ်စဉ်ကလေးဘဝတုန်းက တခြားသူများ ရွာဦးကျောင်းသို့ စာသင်သွားသည်ကိုမြင်တိုင်း သူမလည်း စာသင်ချင်ခဲ့သည်။ သို့သော် ငယ်ရွယ်စဉ်ကပင် တစ်ပါးသောမောင်နှမသားချင်းများထက် နာတာရှည်ရောဂါသည် မိခင်ကြီးကို အနီးကပ်ပြုစုစောင့်ရှောက်နေရ၍ သူ့တွင် စာသင်ချိန် မရှိခဲ့။ အသက် ၇၉ နှစ်အရွယ်အထိ သူကျောင်းစာ မသင်ခဲ့ဖူးပါ။

ကျောင်းစာမှမဟုတ် အရေး၊ အဖတ်၊ အတွက်ဆိုသည့် အ သုံးလုံးကိုပင် မသင်ယူခဲ့ဖူးပါ။ ယခု အသက် ၇၉ နှစ်ကျော်လွန်သည့် အရွယ်ရောက်ခါမှ သူ့ဘဝတွင် အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို ဖြစ်ခွင့်ရခဲ့ပြီဖြစ်သည်။

သူငယ်စဉ်က ကျေးရွာရှိ လူကြီး သူမ တချို့က အမျိုးသမီးငယ်များကို ပညာသင်ကြားရန် အားပေးမှု သိပ်မရှိပေ။

မိန်းကလေးပဲ သေစာရှင်စာတတ် တော်ပြီပေါ့ဟု ဆိုကာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ အရေး အဖတ် အနည်းငယ်တတ်ရုံမျှဖြင့် ကျေးရွာက အမျိုးသမီးများပညာရေးဆုံးခန်းတိုင်ခဲ့ရသည်။ ထိုစဉ်က ကျေးရွာရှိ လူကြီးသူမတို့အမြင်တွင် မိန်းကလေးများ

> **ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ အရေး၊ အဖတ် အနည်းငယ် တတ်ရုံမျှဖြင့် ကျေးရွာက အမျိုးသမီးများ ပညာရေးဆုံးခန်းတိုင်ခဲ့**

အိမ်ထောင်ကျလျှင် ယောကျ်ားလေးများက အိမ်ထောင်ဦးစီးရှာဖွေလုပ်ကိုင်ကျွေးမွေးလိမ့်မည်။ မိန်းကလေး ပညာတတ်စရာ မလို။ အချက်အပြုတ်၊ အလျှော်အဖွပ် အိမ်တွင်းရေးတာဝန်များ ကောင်းမွန်စွာ တတ်ကျွမ်းနေဖို့သာအရေးကြီးသည်ဟု ယူဆခဲ့ကြသည်။ သမီးချွေးမရွေးသည့်နေရာ၌ပင် ငရုတ်သီး ထောင်းခိုင်း၍ ငရုတ်သီးညက် မညက်ကြည့်၍ ချွေးမကို အကဲဖြတ်ကြသည်များပင် ရှိခဲ့သည်။ ထိုကြောင့် ထိုစဉ်က ကျေးရွာရှိ အမျိုးသမီးငယ်များ ပညာရေးအလှမ်းဝေးနေခဲ့ကြသည်။ သူကျောင်းစာ သင်ကြားခွင့်မရရှိသည်ကို မည်သူမျှ ရေးကြီးခွင်ကျယ် မမြင်ခဲ့ကြ။

ယခုမျက်မှောက်ကာလတွင် သူနှင့် ဘဝတူ သူငယ်ချင်းမတချို့လည်း အသက် ၆၀ ကျော်၊ ၇၀ ကျော်အရွယ်ရောက်မှ အရေး၊ အဖတ်၊ အတွက် အခြေခံစာများကို သင်ကြားခွင့်ရခဲ့ပြီဖြစ်သည်။ အဲဒီဒေါ်စောက အသက် ၇၈ နှစ်မဟုတ်ဘူး။ ၇၉ နှစ်ရှိပြီဟု မမြစိန်က တစ်ဖက်စာသင်ဝိုင်းမှ စာရေးရင်း လှမ်းပြောသံကိုကြားရ၍ သူပြုံးမိသည်။

မမြစိန်နှင့် သူသည်လည်း ဘဝတူပင်ဖြစ်သည်။ ငယ်စဉ်က အတန်းစာကို သင်ကြားခွင့်မရသူတစ်ဦး ဖြစ်သည်။ သူနေထိုင်သည့် ကျေးရွာအုပ်စုအတွင်းက ကံကြီး၊ ကျောင်းရွာ၊ ကုက္ကိုပင်၊ အုတ်ဖိုနှင့် ညောင်ပင်သာ ကျေးရွာများတွင်လည်း အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှု စာသင်ဝိုင်းများဖြင့် တစ်သက်တာ စာသင်ယူခွင့်မရှိခဲ့သူများ သင်ယူခွင့်ရရှိနေပြီဖြစ်သည်။ သူနေထိုင်သည့် ပိတောက်ပင်ကျေးရွာအပါဝင် အခြားကျေးရွာများအားလုံးတွင် တက္ကသိုလ်ကျောင်းသူ ၁၅ ဦး၊ ကြီးကြပ်သူ ဆရာမနှစ်ဦးတို့က စေတနာ၊ ဝါသနာ၊ ကရုဏာအပြည့်ဖြင့် ပညာပါရမီဖြည့်ဆည်းပေးကြသည်ကို ကြားသိတွေ့ကြုံခံစားရပါသည်။ တစ်သက်တာ မျှော်လင့်မထားမိသည့် စာသင်ယူခွင့်ရရှိသဖြင့် သား က သ လား ဟု ရေးနေသည့် အက္ခရာများကို ရေရွတ်ရင်း မျက်ဝန်းမှ မျက်ရည်ဝေ့သည်အထိ သူဝမ်းသာပီတိ ဖြစ်မိပါသည်။

သင်ကြားပေးသည့် ဆရာမ သမီးငယ်များကိုလည်း ကျေးဇူးတင်မိလှပါသည်။

သူငယ်ရွယ်စဉ်က ရွာနှင့် ငါးမိုင်ခန့် ကွာဝေးသည့် ညောင်ကိုင်းကျေးရွာတွင် အရေး၊ အဖတ်၊ အတွက်ဆိုသည့် အသုံးလုံး သင်တန်းများပြုလုပ်သည်ဟု ကြားသိရသော်လည်း မိမိတို့ကျေးရွာသို့ ရောက်ရှိလာခြင်းမရှိ၍ စာသင်ကြားခွင့်ကို မကြုံတွေ့ခဲ့ရပါ။ ယခုတော့ ကြုံတွေ့ရပြီဖြစ်သည်။ ၂၀၁၅ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုစာသင်ဝိုင်းများအဖြစ် သူနေထိုင်သည့် ကျေးရွာသို့ ရောက်ရှိလာပြီသည်။ စာသင်ကြားခွင့်လည်း ရရှိပြီ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှု စာသင်ဝိုင်းများဆောင်ရွက်ဖို့ သပိတ်ကျင်းမြို့နယ်၊ မလှိုင်မြို့နယ်များနည်းတူ မိတ္ထီလာမြို့နယ်လည်း ပါဝင်ခဲ့သည်ဟု ဧပြီ ၁ ရက်နေ့ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်က မြို့နယ်ပညာရေးမှူးပြောပြ၍ သိရသည်။

ထို့ကြောင့် သူနေထိုင်သည့် မိတ္ထီလာမြို့နယ် ကံကြီးကျေးရွာအုပ်စု ပိတောက်ပင်ကျေးရွာနှင့် အုပ်စုအတွင်း ကျေးရွာများမှ တစ်သက်တာ စာမတတ်ခဲ့သူများအဖို့ စာသင်ယူခွင့်များနှင့်အတူ စာတတ်သူများ ဖြစ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဟိုတစ်ချိန်က ကျေးရွာရှိ လူကြီး သူမတို့က မိန်းကလေးပဲ သေစာရှင်စာတတ်တော်ပြီဟု ဆိုခဲ့ကြသည်။ လူကြီးသူမတို့ဆိုသည့်အတိုင်း မြေဝယ်မကျနားထောင်တတ်သည့် ထိုခေတ်က လူငယ်သဘာဝ သေစာ ရှင်စာ တတ်ရင်ပဲ တကယ့်ခေတ်ပညာတတ်ကြီးအသွင် ကိုယ့်ကိုယ်ကိုယ် မြင်မှတ်နေသူများကို ယခုတွေးမြင်၍ ဒေါ်စောပြုံးမိသည်။ ယခုအခါ သူ့အဖို့ သေစာရှင်စာထက်မက သင်ယူလျက်ရှိနေပြီ။ သူ အသက် ၇၉ နှစ်ရှိပြီ။ ဒီနေ့လည်း သေနိုင်သည်။ မနက်ဖြန်လည်း သေနိုင်သည်။ သို့သော် သေစာရှင်စာထက်မက စာသင်ယူခွင့်ရ၍ ဒီတစ်သက်သူ သေပျော်ပြီ။

# ၁၃၅ မိုင်ရှည်လျားသည့် မတူပီ-ပလက်ဝကားလမ်းနှင့်ဆမီးကြိုးတံတားဖွင့်လှစ်

**မင်းတပ် ဧပြီ ၁၇**

ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီ-ပလက်ဝ ကားလမ်းဖွင့်ပွဲနှင့် ဆမီးကြိုးတံတားဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၆ ရက်မှ ၈ ရက်နေ့ များတွင် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မတူပီ-ပလက်ဝ ကားလမ်းဖွင့်ပွဲကို ဧပြီ ၆ ရက်က မတူပီမြို့၌ ကျင်းပရာ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်၊ ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအုန်းလွင်၊ မတူပီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးလျန်ထန်းတို့က ကားလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အထိမ်းအမှတ်ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ဆမီးမြို့နယ်၌ ကျင်းပသည့် ဆမီးကြိုးတံတားကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်၊ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဆိုက်နှင့် ဒေသခံ ရပ်မိရပ်ဖ ဦးစိုးနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆမီးကြိုးတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ဧပြီ ၇ ရက် နံနက် ၈ နာရီက ပလက်ဝမြို့၌ ကျင်းပသည့် ပလက်ဝ-မတူပီ ကားလမ်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကားလမ်းဖွင့်ပွဲ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ မုခ်ဦးရှေ့၌ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်း၊ တောင်ကြားချောင်းများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်ဖြစ်သည့်အတွက် ဒေသခံ ပြည်သူများ အကျိုးစီးပွားကိုရှေးရှု၍ နိုင်ငံတော်အစိုးရက လမ်းများဖောက်လုပ်ပေးခဲ့ရာ ယင်းကားလမ်းသည် မတူပီမြို့နယ် လမ်းအပိုင်း ၃၅ မိုင် သုံးဖာလုံနှင့် ပလက်ဝမြို့နယ် လမ်းအပိုင်း အရှည်မိုင် ၉၉ မိုင် ငါးဖာလုံ စုစုပေါင်းအရှည် ၁၃၅ မိုင်ရှိပြီး ယခုဖွင့်လှစ်သော မတူပီ-ပလက်ဝ ကားလမ်းသစ်သည် ပြည်နယ်အတွင်းရှိ တစ်မြို့နယ်နှင့် တစ်မြို့နယ် လွယ်ကူစွာအချိန်တိုအတွင်း ကူးလူးသွားလာနိုင်သော အဓိကလမ်းတစ်ခုဖြစ်လာကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

# သကြၤန်အကြတ်နေ့တွင် နေအိမ်မီးလောင်မှု ဖြစ်ပွား

**သံဖြူဇရပ် ဧပြီ ၁၇**

သံဖြူဇရပ်မြို့ စက်သစ်ရပ်ကွက် သီရိရတနာလမ်း စက်ပြင်ဆရာ ဦးသန်းဝင်း၏ နှစ်ထပ်ပျဉ်ထောင်အိမ်၌ ဧပြီ ၁၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းရှိ ရေခဲသေတ္တာနှင့် ကွန်ပျူတာ အသုံးပြုရန် တပ်ဆင်ထားသည့် မီးအားမြှင့်စက် (အင်ဗာတာ) အပူချိန်လွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်ချိန်၌ နေအိမ်အပေါ်ထပ်တွင် မည်သူမျှရှိမနေဘဲ ပတ်ဝန်းကျင်ပြည်သူများ မြင်တွေ့မှုကြောင့် မီးသတ်ဦးစီးဌာနသို့ အကြောင်းကြားပြီး ဝိုင်းဝန်းငြိမ်းသတ်ခြင်း ဆောင်ရွက်ခဲ့ကြသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် သံဖြူဇရပ်မြို့မှ မီးသတ်ယာဉ်သုံးစီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်နှစ်စီးနှင့် ရပ်ကွက်အတွင်းမှ ရေသယ်ယာဉ်များ၊ ပြည်သူများ ဝိုင်းဝန်းကူညီမှုကြောင့် ပတ်ဝန်းကျင် နေအိမ်များသို့ ကူးစက်မှုမရှိဘဲ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကို သံဖြူဇရပ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဝင်း (iprd)**

# မမတို့သရုပ်ဆောင်အဖွဲ့ မုံရွာသင်္ကြန်ကပြဖျော်ဖြေ

**မုံရွာ ဧပြီ ၁၇**

နှစ်စဉ်သင်္ကြန်ရောက်တိုင်း မုံရွာသင်္ကြန်သို့ လာရောက်ကပြဖျော်ဖြေလျက်ရှိကြသော မမများ သရုပ်ဆောင်အဖွဲ့သည်ဧပြီ ၁၅ ရက် နံနက်ပိုင်းမှစ၍ မုံရွာဗဟိုမဏ္ဍပ်အပါအဝင် အခြားမဏ္ဍပ်များသို့ လှည့်လည်ဖျော်ဖြေနေပြီဖြစ်ကြောင်းသိရသည်။ ဧပြီ ၁၅ ရက် နံနက်ပိုင်းတွင် မုံရွာဗဟိုမဏ္ဍပ်၌ ကပြခဲ့ကြပြီး အခြားမဏ္ဍပ်များတွင်လည်း လှည့်လည်ကပြကြမည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့တွင် အကမဏ္ဍပ်ရှစ်ခုရှိပြီး အဆိုပါအကမဏ္ဍပ်များသို့ လှည့်လည်ကပြကြမည်ဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

အတာသင်္ကြန်အတက်နေ့တွင် ရှမ်းရိုးရာယဉ်ကျေးမှုအရ သဲပုံစေတီပူဇော်ပွဲ၊ ညောင်ထောက်ပွဲနှင့်အတူ သံဃာတော်များ၊ ဘိုးဘွား မိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ကြပြီး နှစ်သစ်မင်္ဂလာအခါသမယတွင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့သလျက် ပရိတ်ကြိုးချည်နှောင်ရစ်ဖွဲ့ပေးလေ့ရှိသည့် မဟာသင်္ကြန်တာစားပွဲများအား အစဉ်အလာမပျက် ဆင်ယင်ကျင်းပလေ့ရှိရာ ဧပြီ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့)က တာချီလိတ်မြို့ မကာဟိုခမ်းရပ်ရှိ မဟာမြတ်မုနိကျောင်းတိုက်၌ ပူဇော်ကန်တော့သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။ မောင်ယဉ်ကျေး

# ထီးလင်းဆေးရုံသို့ အောက်ဆီဂျင်ပေးစက်လှူဒါန်း

**ထီးလင်း ဧပြီ ၁၇**

ဂန့်ဂေါခရိုင် ထီးလင်းမြို့ (၁)ရပ်ကွက်နေ ဦးစောသန်းဦးနှင့် ဇနီးဒေါ်ခင်လေးမြင့်မိသားစုက ထီးလင်းမြို့ပြည်သူ့ဆေးရုံသို့လူနာများ အရေးပေါ် အသုံးပြုနိုင်ရန်အတွက် ဧပြီ ၁၃ ရက်က နှစ်ယောက်တစ်ပြိုင်တည်းသုံးနိုင်သည့် အောက်ဆီဂျင်ပေးစက်တစ်လုံးနှင့် ရင်ကျပ်ရောဂါသည်သုံး ရှူစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်ပိုက လက်ခံယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(၁၀၁)**

# တူညီဝတ်စုံများနှင့် ရေစုပ်စက်များပေးအပ်

**ပုလော ဧပြီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများနှင့်ကျေးရွာများသို့ အပေ့ါစားရေစုပ်စက်များပေးအပ်ပွဲကို ပုလောမြို့ ကျွန်းရတနာခန်းမ၌ ဧပြီ ၆ ရက်က ကျင်းပခဲ့သည်။ ထိုသို့ပေးအပ်ရာတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၂ ဦးကို တူညီဝတ်စုံများနှင့် ပုလောကုန်း၊ မကျည်းကုန်း၊ တောင်ယာကမ်း၊ မင်းထိန်၊ လက္ကာူး၊ နန်းတောင်၊ ထမင်းမစား၊ ပလ၊ ဒူးရင်းပင်ရှောင်ကျေးရွာများနှင့် ပလောက်မြို့တို့အတွက် တစ်လုံးလျှင် ငွေကျပ် ၃၅၀၀၀၀ တန်ဖိုးရှိ အပေ့ါစားရေစုပ်စက်များ တစ်လုံးစီပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မဟာသင်္ကြန်ကာလအတွင်း လူငယ်အမျိုးသမီးအများစု တရားစခန်းဝင်

**မိတ္ထီလာ ဧပြီ ၁၇**

မိတ္ထီလာတွင် မဟာသင်္ကြန်ကာလအတွင်း လူငယ်အမျိုးသမီးအများစု တရားစခန်းဝင်ရောက်ကြသူများပြားပြီး ယခင်နှစ်ကထက် တရားစခန်း ဝင်ရောက်သူများပြားကြောင်း ဖောင်ချမ်းကုန်းကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ တည်ရှိသည့် အလိုတော်ပြည့်ကျောင်းတိုက်ဓမ္မရိပ်သာမှ ဒုတိယတိုက်အုပ်ဆရာတော် ဘဒ္ဒန္တစန္ဒဝံသထံမှ သိရသည်။

"ဒီနှစ်တရားစခန်းက သင်္ကြန်အကြိုနေ့ကနေ ကဆုန်လဆန်း ၁၀ ရက်အထိ ၁၂ ရက် ဖြစ်ပါတယ်။ အလိုတော်ပြည့် ကျောင်းတိုက်ဓမ္မရိပ်သာမှာ ဒီနှစ်လူငယ်အမျိုးသမီးအများစု တရားစခန်းဝင်ကြပါတယ်။ တချို့ကယောဂီဖြစ်ပြီးတော့ တချို့ကတော့ သီလရှင်ဝတ်ပြီး တရားစခန်းဝင်ကြပါတယ်။ ယောဂီဦးရေ ၇၀၀ ကျော်ရှိပြီး သီလရှင်အပါး ၃၀ ခန့်ရှိပါတယ်။ အမျိုးသားလူငယ်တွေလည်း တရားစခန်းဝင်ကြတာရှိပါတယ်။ သူတို့ကတော့ ဒုလ္လဘရဟန်းခံပြီးတော့ တရားစခန်းဝင်ကြတာ။ ဒုလ္လဘရဟန်း အပါး ၆၀ ကျော်ရှိတယ်။ ဒီနှစ်တရားစခန်းဝင်တဲ့သူဦးရေက မနှစ်ကထက် ၁၀၀ ကျော် လောက်များတယ်။ မဟာသင်္ကြန်ကာလအတွင်း တရားဘာဝနာပွားများကုသိုလ်ယူကာ မြန်မာလူမျိုးတွေရဲ့ ဘာသာတရားကိုင်းရှိုင်းမှုကို ပြသရာရောက်ပြီးတန်ဖိုးထားစရာ ယဉ်ကျေးမှုဓလေ့ထုံးစံတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်တဲ့အတွက် ဦးပဉ္ဇင်းအနေနဲ့ ဝမ်းမြောက်ဝမ်းသာသာဓုခေါ်ပါတယ်"ဟု မိန့်ကြားသည်။

မိတ္ထီလာ မဟာသင်္ကြန်ကာလအတွင်း အလိုတော်ပြည့်ကျောင်းတိုက် ဓမ္မရိပ်သာအပြင်၊ ဝမ်းတော်ပြည့်ကျောင်းတိုက် ဓမ္မရိပ်သာ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ စသည့် ဓမ္မရိပ်သာများတွင်သာမက ရပ်ကွက်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းတိုက်များတွင်လည်း တရားစခန်းဝင်သူများ၊ ဥပုသ်စောင့်ကုသိုလ်ယူသူများ များပြားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များတွင် နွေစပါးရာသီ၌ တောင်သူများ လေ့လာကြည့်ရှုနိုင်ရန်နှင့် နည်းပညာပြန့်ပွားရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် GAP စံပြကွက်များ၊ နွေစပါးပုလဲသွယ်စံပြကွက်များ စိုက်ပျိုးပြသဆောင်ရွက်လျက်ရှိရာ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်တို့ ဧပြီ ၈ ရက်က လိုက်လံစစ်ဆေးသည်ကို တွေ့ရစဉ်။ သိန်းတိုး (ဇီးကုန်း)

# (၅၇)ကြိမ်မြောက် ပါဠိပထမပြန် ဘွဲ့နှင်းသဘင်ကျင်းပ

**တိုက်ကြီး ဧပြီ ၁၇**

(၅၇) ကြိမ်မြောက် ပါဠိပထမပြန် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို တိုက်ကြီးမြို့ အိုးတန်းရပ်ကွက် သာသနာ့ဗိမာန်တော်ကြီး၌ ဧပြီ ၈ ရက်က ကျင်းပသည်။

(၅၇) ကြိမ်မြောက် ပါဠိပထမပြန် စူဠဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓမ္မာစရိယအောင် ဆရာတော်တစ်ပါး၊ နိကာယ်အောင် ဆရာတော်တစ်ပါး၊ ပထမကြီးအောင် ဆရာတော်တစ်ပါး၊ ပထမငယ်အောင် ဆရာတော်နှစ်ပါးနှင့် ရဟန်းနှင့်လူပုဂ္ဂိုလ် ဝိသုဒ္ဓိမဂ်အောင် ငါးဦး၊ အဘိဓမ္မာအောင် ၃၅ ဦး၊ ယဉ်ကျေးမှုအောင် ၁၅ ဦးတို့ကို သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဝတ္ထုငွေများနှင့် အောင်လက်မှတ်များကို တာဝန်ရှိသူများက အသီးသီးကပ်လှူကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ရေပက်ခံထွက်လာသည့်ယာဉ်တိမ်းမှောက်

**တောင်ငူ ဧပြီ ၁၇**

ဧပြီလ ၁၅ ရက် ညနေ ၆ နာရီ ၅၅ မိနစ်က တောင်ငူမြို့တွင် သင်္ကြန်ရေပက်ခံထွက်လာသော ယာဉ်တစ်စီးအရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်၌လိုက်ပါလာသော အမျိုးသမီး ၁၆ ဦးနှင့် အမျိုးသားလေးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ တောင်ငူမြို့နယ် ပဒဲကျေးရွာနေ မောင်အေး(၄၅နှစ်)မောင်းနှင်သည့် 3I/---- FORLAND (ဖောကား)သည် တောင်ငူမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၇၃/၃)နှင့် (၄) အကြားအရောက် အရှိန်လွန်တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် ပဒဲကျေးရွာမှ သင်္ကြန်ရေပက်ခံရန် လိုက်ပါလာကြသူများအနက် အမျိုးသမီး ၁၆ ဦး၊ အမျိုးသားလေးဦးတို့ ဒဏ်ရာများရရှိခဲ့၍တောင်ငူမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ပျဉ်တပ်ရပ်ကွက်နေ အလှူ့ဒါယကာ ဗိုလ်မှူးအေးမင်းဦး၊ အလှူ့ဒါယိကာမ ဒေါ်သန္တာမြင့်အောင် မိသားစုတို့က ရမည်းသင်းမြို့နယ်အတွင်းရှိ ရှင်သာမဏေ ၁၀၇ ပါးတို့ကို စုပေါင်း၍ ရှင်ပြုနားသအလှူမင်္ဂလာပွဲကြီးကို ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်တွင် ဧပြီ ၆ ရက်က ကျင်းပရာ မောင်ရင်လောင်းများ မြို့တွင်းသို့ လှည့်လာသည်ကို တွေ့ရစဉ်။ တင်ဦး(ရမည်းသင်း)

# မိုးကြိုးဘေးအတွက် လိုက်နာရန်အချက်များ

ယခုအခါ မိုးကြိုးဘေးအန္တရာယ်မှာ အဖြစ်များလာသော ဘေးအန္တရာယ်တစ်မျိုးဖြစ်လာသည့်အတွက် ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်ရန်လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်းများ ဖြစ်ပေါ်ပါက အောက်ပါအချက်များအား အထူးဂရုပြုလိုက်နာသင့်ပါသည်။

၁။ အိမ်အပြင်တွင်ရောက်ရှိနေပါက

- (က) အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင်ကိုင်မထားပါနှင့်။
- (ခ) သစ်ပင်၊ ဓာတ်တိုင်နှင့်သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊ နိမ့်သောနေရာတွင်နေပါ။
- (ဂ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင်စသည့်နေရာများတွင်ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့်အခိုအကာနေရာရှာ၍နေပါ။
- (ဃ) အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေပါ။
- (င) ကွင်းပြင်တွင်ထီးထီးကြီးမနေပါနှင့်။
- (စ) သင့်ဆံပင်၊ မွေးညင်းများထောင်လာခြင်း၊ ကြက်သီးထလာခြင်းတို့ကို စတင်ခံစားရပါက မိုးကြိုးပစ်တော့မည့်လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးတုတ်ထိုင်ချလိုက်ပြီး သင့်လက်နှစ်ဖက်ကိုဒူးပေါ်သို့ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွှတ်ထားပါ။ လုံးဝန်းသော ပုံသဏ္ဍာန်ဖြင့်နေပါ။ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပို၍ကြီးမားသော မိုးကြိုးပစ်မှတ်ဖြစ်သွားနိုင်ပါသည်။
- (ဆ) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှကမ်းသို့ကပ်ပါ။

၂။ အိမ်တွင်း၌ရှိနေပါက

- (က) အဆောက်အအုံများ၏ အလယ်တွင်သာနေပါ။ ရေပိုက်များနှင့်ရေဆေးခွက်များအနီးတွင် မနေပါနှင့်။ (မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်)
- (ခ) ပြတင်းပေါက်များနှင့်ဝေးကွာသောနေရာတွင်နေပါ။
- (ဂ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ဖုန်းများမသုံးပါနှင့်။
- (ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
- (င) လျှပ်စီးလက်သောအခါ သင့်အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်ပစ္စည်းများအတွင်းသို့ လျှပ်စီးဝင်နေနိုင်၍ ရေမချိုးပါနှင့် မည်သည့်သံ/သတ္တုပစ္စည်းကိုမျှမကိုင်ပါနှင့်။
- (စ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများကြိုတင်တပ်ဆင်ထားပါ။
- (ဆ) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။
- (ဇ) မီးပျက်သွားပါက ဓာတ်မီး(သို့မဟုတ်) အရေးပေါ်မီးများကိုသာ အသုံးပြုပါ။

၃။ ကားမောင်းနေပါက

- (က) အရှိန်ကိုလျှော့ပါ၊ လမ်းဘေးသို့ချရပ်ပါ၊ ကားထဲတွင်သာဆက်နေပါ။
- (ခ) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။
- (ဂ) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့်ဒဏ်ကြောင့်သော် လည်းကောင်း လဲကျနိုင်ပါသည်။
- (ဃ) ကားထဲတွင်မည်သည့် သံ/သတ္တုပစ္စည်းကိုမျှ မကိုင်ပါနှင့်။
- (င) ရေလွှမ်းနေသောလမ်းပေါ်တွင် ကားမမောင်းပါနှင့်။

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန**

# မိတ္ထီလာတွင် မိသားစုများအား မဲနှိုက်၍ထပ်မံနေရာချထားပေး

**မိတ္ထီလာ ဧပြီ ၁၇**

မိတ္ထီလာမြို့ ၂၀၁၃ ခုနှစ် မတ်လ ၂၀ ရက်နေ့ဖြစ်စဉ်ကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးသွားသည့် မိသားစုများ၏ လူနေအိမ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ အလှူရှင်များ၏လှူဒါန်းမှု၊ ခရိုင်မြို့နယ်အဆင့် တာဝန်ရှိသူများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၁၄ ခုနှစ် အတွင်း ပြန်လည်အစားထိုး တည်ဆောက်ပေးပြီး လူနေလုံးချင်းအိမ် ၃၅၀ တွင် အိမ်ထောင်စု ၃၅၀ ကို မဲနှိုက်၍ ပြန်လည် နေရာချထားပေးခဲ့သည်။

ကျန်ရှိနေသေးသည့် အိမ်ထောင်စု ၃၈၀ အတွက် ထပ်မံဆောက်လုပ်ပြီးစီးသည့် လူနေအိမ်များအနက်မှ ၁၁၇ လုံးတွင် နေထိုင်နိုင်ရန် အိမ်ထောင်စု ၁၁၇ ဦးအား ဧပြီ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မဲနှိုက်၍ ချမ်းအေးသာယာနယ်မြေတွင် ထပ်မံနေရာချထားပေးကြောင်း သိရသည်။

"နေရာချထားပေးဖို့ အိမ်ထောင်စု ၃၈၀ လောက် ကျန်ရှိသေးတဲ့အနက် ပိုင်ဆိုင်မှုအထောက်အထား ခိုင်ခိုင်လုံလုံတင်ပြနိုင်ပြီး အရှုပ်အရှင်းကင်းတဲ့ အိမ်ထောင်စု ၁၁၇ စုကို ဒီနေ့ပြန်လည်နေရာချထားပေးတာပါ။ အိမ်ထောင်စု ၈၆ စုကို တစ်ကြိမ်၊ အိမ်ထောင်စု ၃၁ စုကို တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ခွဲ မဲနှိုက်ပြီး နေရာချထားပေးတာပါ။ အများရှေ့မှာပဲ ပွင့်လင်းမြင်သာမှုရှိစွာ မဲနှိုက်နေရာချထားပေးတာပါ။ ကျန်ရှိနေသေးတဲ့ အိမ်ထောင်စုတွေကိုလည်း အခုလိုမဲနှိုက်ပြီး ဆက်လက် နေရာချထားပေးသွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က ပြောသည်။

ချမ်းအေးသာယာနယ်မြေတွင် ပြန်လည်နေချထားပေးပြီး လုံးချင်းလူနေအိမ်များတွင် ပြန်လည်နေထိုင်ခွင့်ရရှိသူများအနေဖြင့် မြို့နယ်ကော်မတီသုံးခုပါဝင်သည့် ပြန်လည်နေရာချထားရေး ကော်မတီ၏ စည်းကမ်းချက်များအတိုင်း လိုက်နာနေထိုင်ရန်လိုအပ်ပြီး စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမှုမရှိသူများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ချင်းမီဒီယာကွန်ရက်တွေ့ဆုံပွဲကျင်းပ

**မင်းတပ် ဧပြီ ၁၇**

စတုတ္ထအကြိမ် ချင်းမီဒီယာကွန်ရက် (Chin Media Network) တွေ့ဆုံပွဲကို ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

ချင်းမီဒီယာကွန်ရက်သည် မြန်မာနိုင်ငံအတွင်းရှိ မီဒီယာလုပ်ငန်းများ လုပ်ဆောင်နေသည့် ချင်းမီဒီယာများအတွင်း အချင်းချင်းအကြားပူးပေါင်းမှုမြှင့်တင်ရန် ဖွဲ့စည်းထားသောကွန်ရက်တစ်ခုဖြစ်ပြီး ရင်းနှီးမှုတည်ဆောက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ လေ့လာခြင်း၊ ခိုင်မာသည့် ကွန်ရက်ဖွဲ့စည်းပုံနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များဖော်ထုတ်ခြင်း၊ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားပြည်သူများတွင် ထိရောက်သော စတုတ္ထမဏ္ဍိုင် ဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း တွေ့ဆုံပွဲဖြစ်မြောက်ရေး ဒါရိုက်တာ ဦးယာကုပ်ထန်းက ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးအရာရှိ ဦးလိန်းကီးက မီဒီယာကဏ္ဍ၏ အရေးကြီးပုံနှင့် မှန်ကန်သည့် သတင်းအချက်အလက်များထုတ်ပြန်နိုင်ရေး၊ ပြည်သူနှင့်နိုင်ငံတော်၏ အကျိုးဖြစ်စေမည့် သတင်းထုတ်ပြန်ရေး၊ မီဒီယာကျင့်ဝတ်များကို လိုက်နာနိုင်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေရေး၊ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း မသင့်မြတ်မည့် အကြောင်းတရားများ မသုံးမိစေရေးနှင့် ပြိုင်တူတွန်းလျှင်ရွေ့နိုင်ပါသည်ဟူသော ဆောင်ပုဒ်ကို နှလုံးသွင်း၍ ဦးတည်ချက်တူညီစွာဖြင့် ပြိုင်တူတွန်းကြမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဟု ဆက်လက်မှာကြားခဲ့ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

သင်္ကြန်ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရွှေရင်အေး၊ သာဂူ၊ ကျောက်ကျော စသည့်ရိုးရာအစားအစာများ၊ ပေးပို့လှူဒါန်းခြင်းအပြင် လမ်းအချို့တွင် အများပြည်သူအား သင်္ကြန်လေးရက်အတွင်း နေ့စဉ်ထမင်းဟင်းမျိုးစုံဖြင့် ကျွေးမွေးလှူဒါန်းစဉ်။ ခင်ဆိုင်

# ဘက်ထရီရှော့ခ်ဖြင့် ငါးဖမ်းဆီးသူများကိုဖမ်းမိ

**မြင်းခြံ ဧပြီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ပိုက်ကွန်များကို ဘက်ထရီရှော့ခ်များတပ်ဆင်ပြီး ငါးဖမ်းသူများကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးသော်ထွန်းဦး၊ မြင်းခြံမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ် (၂)ရဲစခန်းမှ ဒုရဲအုပ်အောင်ဆန်းလင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒါးကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးလင်း၊ ဂျပ်ပင်အင်းသားကြီး ဦးသံချောင်းနှင့် ရေလုပ်သားများ၊ ဝက်ကြိမ်ရိုင်းနှင့် အလယ်သောင်ဝွက်ကြီးအင်းသားကြီး ဦးကျော်စိန်နှင့်ရေလုပ်သားများသည် ဘက်ထရီရှော့ခ်ပိုက်ကွန်ဖြင့် ငါးဖမ်းဆီးနေကြောင်း သတင်းရရှိသဖြင့် ဒါးကျွန်းကျေးရွာဆိပ်ကမ်းမှ ည ၉ နာရီတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြစ်ဒေါင့်ကွေ့အပေါ်ပိုင်း မြစ်ကြောင်းကျဉ်းသည့်နေရာတွင် စောင့်ဆိုင်းနေခဲ့ရာ ည ၁၁ နာရီခွဲတွင် ဘက်ထရီရှော့ခ်ပိုက်ဖြင့် ငါးဖမ်းဆီးသူများဖြစ်သော တလုပ်မြို့ကျေးရွာနေ မောင်သန်းဦးနှင့် မောင်အောင်ဇင်လင်းတို့က စက်လှေတစ်စင်းနှင့်အတူ သက်သေခံပစ္စည်းများဖြစ်သော ဘက်ထရီရှော့ခ်တိုက် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့နှစ်ဦးသည် မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ချိုးဖောက်သဖြင့် မြင်းခြံမြို့နယ် အမှတ်(၂)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)
အမှတ်(၃၈) ကိုယ်ပိုင်မင်းတိုယ်ချွင်းလမ်း [illegible] မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- [illegible]
အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ
ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ [illegible] လှူဒါန်းခဲ့ကြသော ပြည်တွင်း ပြည်ပ အလှူရှင်များအားလုံး ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းလွတ်ငြိမ်း၍ ကိုယ်၏ ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

မော်လမြိုင်တောင်ဝိုင်းဘိုးဘွားရိပ်သာ
ဖုန်း-၀၅၇-၂၇၂၆၃၊ ၀၅၇-၂၁၃၆၆၊ ၀၉-၄၉၈၀၅၈၃၈
အလှူရှင်များသို့ နှစ်သစ်မင်္ဂလာဆုတောင်းလွှာ
မော်လမြိုင်တောင်ဝိုင်းဘိုးဘွားရိပ်သာကို စတင်တည်ထောင်ခဲ့ကြသော မူလအလှူရှင်များ ဘိုးဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးကိစ္စအဝဝကို ဆောင်ရွက်စောင့်ရှောက်နိုင်ရန်အတွက် ငွေကြေး၊ပစ္စည်းနှင့် လိုအပ်ချက်များ စဉ်ဆက်မပြတ် လှူဒါန်းခဲ့ကြသော အလှူရှင်များ၊ ဝေယျာဝစ္စအလှူရှင်များဖြစ်ကြသည့် အဆက်ဆက်သော အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများအားလုံးသို့ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းလွတ်ငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ၂၀၁၅ ခုနှစ် အင်္ဂမအကြိမ်မြောက် အခြေခံပညာ(ကာယပညာ)သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

အင်္ဂမအကြိမ်မြောက် အခြေခံပညာ(ကာယပညာ)မိသားစုမှ အသက်(၇၀)ပြည့်ပြီး ကာယပညာ ဆရာကြီး၊ ဆရာမကြီးတို့အား သက်ကြီးပူဇော်ပွဲနှင့် ကာယပညာမိသားစုတွေ့ဆုံပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်းကျင်းပပါမည်။ ဆရာကြီး၊ ဆရာမကြီးများနှင့် ကာယပညာမိသားစုဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၅-၄-၂၀၁၅ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၀၉:၀၀နာရီ
**ကျင်းပမည့်နေရာ** - အထက(၁)၊ လမ်းမတော်၊ စွမ်းအားခန်းမ၊ ရန်ကုန်မြို့။

**ဆက်သွယ်ရန်** -
ဦးမဲအောင် ဖုန်း-၀၉-၂၆၀၆၂၄၃၀၈၊ ဦးလှထွန်း ဖုန်း-၀၉-၄၃၀၅၂၂၃၂
ဦးညွန့်ဝင်း ဖုန်း-၀၉-၃၀၂၂၂၅၂၅၊ ဦးကျော်ဒွေး ဖုန်း-၀၉-၂၅၄၀၇၀၉၆၆
ဦးအေးမင်း ဖုန်း-၀၉-၇၃၁၃၂၀၄၉ ဦးစီး(၃)
ဦးမျိုးသိန်း ဖုန်း-၀၉-၄၂၅၀၄၂၀၆၈ ဦးစီး(၁)
ဦးစိုင်းမောင်မောင် ဖုန်း-၀၉-၂၅၀၈၄၀၄၆၅ ဦးစီး(၂)

အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ပေးပို့လှူဒါန်းနိုင်ပါသည်။
ဦးသန်းအောင် - ၁၂/ဥကမ(နိုင်)၁၃၁၁၃၉၊ ဖုန်း-၀၉-၄၃၀၅၅၁၉၅
ကမ္ဘောဇဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ။
ဒေါ်သီတာလှိုင် - ၁၂/ရကန(နိုင်)၀၁၂၉၁၆၊ ဖုန်း-၀၉-၅၀၈၄၁၂၅
ရောဝတီဘဏ်၊ ရန်ကင်းဘဏ်ခွဲ။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မြောက်ဥက္ကလာပမြို့နယ် တရားရုံး၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄နှင့် ဆက်သွယ်သည့်
၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ် ၁၅

ဒေါ်ခင်ခင်တင် **နှင့်** ဦးထွန်းကြိုင်-ဒေါ်တင်တင်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အထက်ပါအမှုမှ တရားရှုံးများ ဦးထွန်းကြိုင်-ဒေါ်တင်တင်၊ အမှတ်(၂၁)၊ သဇင်နီလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်နေ(ယခင်နေထိုင်သည့်လိပ်စာမသိ)သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်ခင်ခင်တင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဧပြီ ၂၄ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဧပြီ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1730,Toyota Harrier MCU 15/S/W(4x4)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုမာဦး ၁၂/မရက(နိုင်)၀၉၁၁၆၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၁၄၅၁၁ F Emgci 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးစန်းလှိုင် ၉/မခန(နိုင်)၁၀၁၁၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၅၂၁၇ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရန်ချွန်ရှန် ၁၃/သပန(နိုင်)၀၂၃၄၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

# သမင်မွေးရင်း ကျားစားရင်း

**မိုးမြင့်လင်းလက်**

ဒီနှစ်ပရီမီယာလိဂ်မှာတော့ လက်ရှိချန်ပီယံဆုဖလားကို မကာကွယ်နိုင်တော့တဲ့ မန်စီးတီးဟာ လာမယ့်ရာသီအတွက် ကစားသမားအသစ်တွေခေါ်ယူဖို့ စာရင်းပြုစုနေပြီဖြစ်ပါတယ်။ ဒီလိုကစားသမားသစ်တွေ ခေါ်ယူဖို့ ပြိုင်ဆင်တိုင်း မန်စီးတီးတာဝန်ရှိသူတွေဟာ ပြိုင်ဘက်အာဆင်နယ်အသင်းက ခြေစွမ်းပြနေတဲ့ ကစားသမားတွေကိုပဲ ပထမဆုံး စာရင်းတို့ထားတတ်တာမို့ အာဆင်နယ်အတွက်ကတော့ သမင်မွေးရင်းကျားစားရင်းအဖြစ်နဲ့ ကြုံတွေ့နေရတယ်လို့ ဆိုပါတယ်။

ပရီမီယာလိဂ်ရာသီကုန်တော့မှာမို့ မန်စီးတီးရဲ့ ကစားသမားခေါ်ယူရေးခြေလှမ်းတွေဟာ အာဆင်နယ်ကို ဦးတည်လို့လာနေပြီဖြစ်ပါတယ်။ မန်စီးတီးကခေါ်ယူဖို့ မျက်စိကျနေတဲ့ ကစားသမားကတော့ အာဆင်နယ်ရဲ့ ကွင်းလယ်ကစားသမား ဝဲလ်ရှိုင်းယားပဲဖြစ်ပြီး အသက် ၂၃ နှစ်သာရှိသေးတဲ့ ဝဲလ်ရှိုင်းယားကို ပြောင်းရွှေ့ကြေးမြင့်မြင့်နဲ့ ခေါ်ယူဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။

အာဆင်နယ်က ဝဲလ်ရှိုင်းယားကို ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ သတ်မှတ်ထားပြီး အဲဒီဈေးရရင်ရောင်းချဖို့ ရှိနေတယ်လို့ဆိုပါတယ်။ ဝဲလ်ရှိုင်းယားဟာ တိုက်စစ်ကို ပံ့ပိုးပေးနိုင်တဲ့အပြင် ပြိုင်ဘက်တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုကို ကွင်းလယ်က ဖြတ်တောက်ဟန့်တားနိုင်သူလည်းဖြစ်ပါတယ်။ ဒါ့အပြင် တောင်ပံတွေကလည်း တိုက်စစ်ကိုထောက်ပံ့တဲ့နေရာမှာထိရောက်တဲ့ပံ့ပိုးမှုရှိတာမို့ မန်စီးတီးကခေါ်ယူဖို့ ကြိုးစားနေတာ ဖြစ်ပါတယ်။

တစ်ကယ်တော့ မန်စီးတီးဟာ အာဆင်နယ်အသင်းက ကစားသမားတွေကိုခေါ်ယူတဲ့ ကစားသမားတွေကိုကြည့်ရင် အဒီဘာယော၊ ကိုလိုတိုရေး၊ ကလစ်ချီ၊ နာဆရီနဲ့ ဆက်ဂ်နာတို့ဖြစ်ပြီး ထိုက်တန်တဲ့ငွေကြေးပေးပြီး ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးဟာ အဲဒီကစားသမားတွေကို ၂၀၀၉ ခုနှစ်ကစပြီး ငါးနှစ်အတွင်း ခေါ်ယူအသုံးပြုခဲ့တာဖြစ်လို့ မန်စီးတီးလည်း ဆုဖလားတွေ ရရှိခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ ၂၀၀၉ ခုနှစ်က အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ငါးနှစ်စာချုပ် ခေါ်ယူခဲ့ပြီး အဲဒီနှစ်မှာပဲ ကိုလိုတိုရေးကို ပြောင်းရွှေ့ကြေးပေါင် ၁၆ သန်းနဲ့ ခေါ်ယူခဲ့ပြန်ပါတယ်။ ဒါ့အပြင် ၂၀၁၁ ခုနှစ်မှာ ကလစ်ချီကို ပြောင်းရွှေ့ကြေးပေါင်း ၇ သန်းနဲ့ခေါ်ယူခဲ့ပြီး အဲဒီနှစ် နွေရာသီမှာပဲ နာဆရီကို ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့ပြန်ပါတယ်။ ဆက်ဂ်နာကိုတော့ ၂၀၁၄ ခုနှစ် နွေရာသီမှာ အလွတ်ပြောင်းရွှေ့မှုနဲ့ သုံးနှစ်စာချုပ်ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို အာဆင်နယ်အသင်းရဲ့ အကောင်းဆုံးခြေစွမ်းပြဖြစ်နေတဲ့ ကစားသမားတွေကို ခေါ်ယူခဲ့တာမို့ မန်စီးတီးရဲ့ အောင်မြင်မှုဟာ အာဆင်နယ်နဲ့ ကင်းကွာလို့မရဘူးလို့ ဝေဖန်မှုတွေ ထွက်ပေါ်လာပါတယ်။ မန်စီးတီးဟာအာဆင်နယ်ကစားသမားတွေနဲ့ အောင်မြင်မှု ရရှိနေပေမယ့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ အသင်းဟန်ချက်မပျက်အောင် ရုန်းကန်နေရတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

ပရီမီယာလိဂ်မှာ သက်တော်ရှည်နည်းပြတစ်ဦးဖြစ်တဲ့ အာစင်ဝင်းဂါးဟာ လူငယ်တွေကို ခြေစွမ်းထက်မြက်အောင်၊ နေရာအလိုက်အကောင်းဆုံးခြေစွမ်းပြနိုင်အောင် ကြိုးစားထူထောင်နေပေမယ့် တကယ်တမ်းအသင်းမှာ အားထားရချိန်ရောက်ရင် ထုတ်ရောင်းနေရတာနဲ့ ကြုံတွေ့နေရပါတယ်။ ဒါကြောင့် အာစင်ဝင်းဂါးအတွက် သမင်မွေးရင်းကျားစားရင်း ဖြစ်နေတာမို့ လာမယ့်အပြောင်းအရွှေ့ကာလမှာ ကွင်းလယ်ကစားသမား ဝဲလ်ရှိုင်းယားဟာ မန်စီးတီးကို ရောက်ရှိဦးမယ်ဆိုရင်တော့ ဝေဖန်မှုတွေကျယ်လောင်လာဦးမှာ မလွဲမသွေပါပဲ။

# ပေါ်တိုကိုနိုင်ဖို့ ရုန်းကန်ရတော့မယ့် ဘိုင်ယန်မြူးနစ်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှာ ရှုံးနိမ့်သွားတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဆီမီးဖိုင်နယ်တက်ဖို့ ရုန်းကန်ကြိုးစားရတော့မှာပါ။ ပထမအကျော့မှာ ပေါ်တိုအိမ်ကွင်းမှာ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့အတွက် ဧပြီ ၂၁ ရက်မှာ ကစားမယ့်ဒုတိယအကျော့မှာ အပြင်းအထန်ရုန်းကန်ကစားရမယ့်အနေအထားရှိပါတယ်။ ပေါ်တိုအသင်းမှာ ဘိုင်ယန်မြူးနစ်ရဲ့ တိုက်စစ်ကို ထိန်းထားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်းပရိသတ်ရှေ့မှောက်မှာ အနိုင်ယူနိုင်ဖို့ အပြင်းအထန်ကြိုးစားရမှာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အနေနဲ့ ပေါ်တိုကို ပထမအကျော့ ရှုံးကြွေးကို ပြန်ဆပ်ဖို့ လွယ်မှာမဟုတ်ပါဘူး။ ပေါ်တိုအသင်းဟာ လျင်မြန်မှုကို အခွင့်ကောင်းယူပြီး ဂိုးရအောင်သွင်းတတ်တဲ့အသင်းဖြစ်ပါတယ်။ ပထမအကျော့မှာ ပေါ်တိုက ဘိုင်ယန်မြူးနစ်ကို ပွဲစပြီးကိုးမိနစ်အတွင်းမှာ အနိုင်ဂိုးနှစ်ဂိုးသွင်းယူသွားတာ ဖြစ်ပါတယ်။

ကွာရက်စ်မားက ပွဲစပြီး ကိုးမိနစ်အတွင်းမှာ အနိုင်ဂိုးနှစ်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ ပေါ်တိုအသင်းဟာ အလွန်လျင်မြန်တဲ့အသင်းလို့ ဆိုရမှာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အနေနဲ့ အိမ်ကွင်းပရိသတ်ရှေ့မှောက်မှာ ကစားရပေမယ့် ပေါ်တိုကို အနိုင်ယူပြီး ဆီမီးတက်ဖို့ အတော်ကြိုးစားရမှာ ဖြစ်ပါတယ်။

# ဒေါ့မွန်နည်းပြ ပရီမီယာလိဂ်သို့ ရောက်ဖွယ်မရှိ

ဒေါ့မွန်အသင်းက ထွက်ခွာမယ့် နည်းပြဂျာဂျင်ကလွတ်ဟာ ပရီမီယာလိဂ်သို့ ပြောင်းဖို့မသေချာဘူးလို့ ဗီလာနည်းပြပေါလ်လမ်းပတ်က ပြောဆိုလိုက်ပါတယ်။ ဗီလာနည်းပြဟောင်း ပေါလ်လမ်းပတ်ဟာ အသက် ၄၇ နှစ်အရွယ်ရှိတဲ့ ဒေါ့မွန်နည်းပြရဲ့ သူငယ်ချင်းဖြစ်ပါတယ်။ သူဟာ ဒီနှစ်နွေရာသီမှာ ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ဖို့ ကြေညာမှာ ဖြစ်ပါတယ်။

ကလွတ်ဟာ ဒေါ့မွန်အသင်းအတွက် ဂျာမန်ဖလားကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးပေးခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် ဒေါ့မွန်အသင်းမှ နုတ်ထွက်မှာ ဖြစ်သော်လည်း ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ဖို့ မသေချာဘူးလို့ ဆိုပါတယ်။

**ကောင်းမြတ်သူ**

# အဝေးဂိုးနှစ်ဂိုးအသာနဲ့ ကစားမယ့် ဘာစီလိုနာ

ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့ ပီအက်စ်ဂျီကွင်းမှာ အနိုင်ရလိုက်တဲ့ ဘာစီလိုနာအသင်းဟာ အဝေးဂိုး-နှစ်ဂိုးအသာနဲ့ ဒုတိယအကျော့မှာ ဦးဆောင်ကစားမှာဖြစ်ပါတယ်။ ဒီရလဒ်ကို တွက်ကြည့်ခြင်းအားဖြင့် ဧပြီ ၂၁ ရက် ဒုတိယအကျော့ ဘာစီလိုနာတို့ ကိုယ့်အိမ်ကွင်း အိမ်ပရိသတ်ရှေ့မှာ ပီအက်စ်ဂျီကိုအနိုင်ယူပြီး ဆီမီးဖိုင်နယ်ကို တက်လိမ့်မယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။

ဒီပွဲမှာအတွဲညီတဲ့ နေမာက တစ်ဂိုး၊ ဆွာရက်ဇ်က နှစ်ဂိုးသွင်းယူခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ ဆီမီးတက်နိုင်ခဲ့မယ်ဆိုရင် ခုနစ်ကြိမ်ဆက်တိုက် ချန်ပီယံလိဂ်မှာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဆွာရက်ဇ်ဟာ ယခုနှစ်ရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ ခြေစွမ်းပြနေတာဖြစ်ပါတယ်။

ဆွာရက်ဇ်ဟာ လွန်ခဲ့တဲ့ ၁၅ ပွဲကစားရာမှာ ၁၃ ဂိုးသွင်းယူထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒုတိယအကျော့မှာလည်း အိမ်ကွင်းမှာ ပီအက်စ်ဂျီကိုနိုင်ပြီး ဆီမီးတက်မယ့် အနေအထားရှိပါတယ်။ ပီအက်စ်ဂျီအသင်းဟာ ဒီနှစ်ရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိ စံချိန်တင်ထားတဲ့အသင်းပါ။ သို့ပေမယ့် ချန်ပီယံလိဂ်မှာတော့ ဘာစီလိုနာကို အရှုံးနဲ့ရင်ဆိုင်လိုက်ရပါတယ်။

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၄ ခုနှစ် တရားမကြီးအမှုအမှတ် -၁၀၂

ဒေါက်တာဒေါ်ခင်မေဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်ဝင်း) နှင့် ၁။ ဒေါ်ခင်ခင်(ခ)ဒေါ်နွေနွေခင် (ခ)မော်လီနွေနွေခင် (၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ခွေးမ) ၂။ ဈေဒါ်မေခင်(ခ)ဒေါ်ခင်မိုးအေး

**တရားလို** **တရားပြိုင်များ**

မခိုင်မာလွင်နှင့် မခင်ပြည့်စုံ အမှတ်(၃)မြေနီလမ်း၊ မုန့်လက်ဆောင်း(တောင်) ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

အထက်အမည်ပါ တရားလိုဒေါက်တာဒေါ်ခင်မေဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်ဝင်း)က ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၄(၁)အရ (၂)တရားပြိုင် ဒေါ်မေခင်(ခ) ဒေါ်ခင်မိုးအေး ကွယ်လွန်ခြင်းအတွက် တရားဝင်ကိုယ်စားလှယ်အဖြစ်(၁)မဆက်မီလွင်၊ (၂)မခိုင်မာလွင်၊ (၃)မခင်ပြည့်စုံတို့ကို ထည့်သွင်းပေးရန် လျှောက်ထားသည်ဖြစ်၍ သင်တို့က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် မေ ၁၁ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်)မွန်းလွဲ ၂း၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင်တို့၏ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင်တို့ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဧပြီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(နေလင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**


## ဂုဏ်ယူဝမ်းမြောက်ကြောင်း

[illegible]



**Yes!! English School**

** Always say Yes!! to English. **

4 skill English classes

★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT

Starting On April
18,19,20,22,25,26,27,29.

၂၃၊ လှည်းတန်းလမ်းမ Ph : 01-511778 09-73033648


## သေတမ်းစာအတည်ပြုလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃
## ကွယ်လွန်သူ ဦးတင်မောင်ဝေ ၁၃/မပတ(နိုင်)၀၀၂၈၀၀ ၏ ကျန်ရစ်သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု

ဦးစိုင်းထွန်းခိုင်
၁၃/တကန(နိုင်)၀၁၆၄၈၈ **လျှောက်ထားသူ**

ကွယ်လွန်သူ ဦးတင်မောင်ဝေက သေတမ်းစာရေးသား၍ ကွယ်လွန်သူ ဦးတင်မောင်ဝေပိုင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့၊ နန္ဒဝန်ရပ်ကွက်၊ သုခ ၂လမ်းရှိ မြေတိုင်းအခေါ် နန္ဒဝန်၊ အကွက်အမှတ်၄၊ အောင်ချမ်းသာ၊ ဦးပိုင်အမှတ် (၂၆၊ ၂၉)၊ ဧရိယာစုစုပေါင်း ၀ ဒသမ ၂၂၄ ဧကရှိ မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်များအားလုံးနှင့်တကွ ပရိဘောဂများကို ညောင်ရွှေမြို့၊ တိုင်းရင်းသားပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်သို့ လှူဒါန်းကာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့၊ မင်္ဂလာရပ်၊ ကျောင်းတော်ရှေ့လမ်းတွင် နေထိုင်သူ တိုင်းရင်းသားပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ သင်းအုပ်ဆရာကြီး ဦးစိုင်းထွန်းခိုင်အား လွှဲပြောင်းပေးအပ်ထားသည်ဖြစ်၍ သေတမ်းစာအတည်ပြုလက်မှတ်ထုတ်ပေးစေလိုကြောင်း အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃ အရ ဦးစိုင်းထွန်းခိုင်က လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၁၅ ခုနှစ် မေ ၁၁ရက် (၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက်) နံနက် ၁၀း၀၀ နာရီတွင် ကြားနာရန် ချိန်းဆိုထားသဖြင့် ကွယ်လွန်သူဦးတင်မောင်ဝေ၏ ကျန်ရစ်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည်ဟု အဆိုရှိသူမည်သူမဆို အမှုတွင်လာဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောရက်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျ လွှဲအပ်ပေးထားသော ကိုယ်စားလှယ်တစ်ဦးဦးသော်လည်းကောင်း၊ လာရောက်အမှုရင်ဆိုင်ရန် နှင့် သက်ဆိုင်ရာအမှုတွဲကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃နှင့်အညီ ဆင့်ဆိုလိုက်ပါသည်။ ယင်းသို့လာရောက်ရန် ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးစိုင်းထွန်းခိုင်၏ လျှောက်လွှာအားကြားနာ၍ လက်မှတ်ရသင့်၊ မရသင့်ကြောင်း စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှလှသိန်း)၊ ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

# ကမ္ဘာ့ရတနာဘဏ်
## GLOBAL TREASURE BANK

GLOBAL TREASURE BANK

**Your Dream Your Success, Global Treasure Bank.**
(သင့်ရည်မှန်းချက်အောင်မြင်ရေး ကမ္ဘာ့ရတနာဘဏ်မှဖြည့်ဆည်းပေး)

## နေ့စဉ်အတိုးရရှိနေသည့် ခေါ်ယူအပ်ငွေစာရင်း (Call Deposits)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့် စာရင်းဖွင့်လှစ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။

### CALL DEPOSITS

| | | |
|---|---|---|
| ကျပ်သိန်း(၁၀၀) အထိ | - | ၄ % |
| ကျပ်သိန်း(၁၀၀) အထက် | - | ၈.၂၅ % |
| ကျပ်သိန်း(၁၀၀၀)မှ (၅၀၀၀)သိန်းအတွင်း | - | ၈.၃ % |
| ကျပ်သိန်း(၅၀၀၀)အထက် | - | ၈.၃၅ % |

ရန်ကုန် (ရုံးချုပ်) – အမှတ်(၆၅၃/၆၉၉) ကုန်သည်လမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
Phone – ၀၁ ၃၈၉၄၉၀၊ ၀၁ ၃၈၀၀၈၈၊ Fax – ၀၁ ၃၇၃၆၈၈၊
Email: ho@treasurebankmm.com
Website: http://www.treasurebankmm.com/

ဖေအောင်ချက်ကောင်း။စည်းကမ်းကောင်း။စာသင်ကောင်း၊စသော ကောင်းခြင်းများနှင့်ပြည့်စုံသောကြောင့် ဖွင့်တဲ့တန်းခွဲတိုင်းလူပြည့်နေသော ဈေးနှုန်းသက်သာပြီး ပညာရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုသော မှတ်ပုံတင်အမှတ် (ကက-၁၃/၀၁/၀၇၃)

PRIVATE TS HIGH SCHOOL

ဆရာ ဦးသန်းစိန်

ပဉ္စမ/ဆဋ္ဌမ

လူငယ်ဘက်စုံထူးချွန်ရေး ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ (ဒုတိယ/တတိယ/စတုတ္ထ/ပဉ္စမ/ဆဋ္ဌမ/သတ္တမ/အဋ္ဌမ/နဝမ/ဒသမတန်းများ)

၂၀၁၅-၂၀၁၆ စာသင်နှစ်အတွက် ကြိုတင်လက်ခံနေပါပြီ။ ကြိုတင်အပ်နှံမှ နေရာအတွက် စိတ်ချရမှာပါ။

ဒုတိယ/တတိယ/စတုတ္ထ/ပဉ္စမ/ဆဋ္ဌမ/သတ္တမ/အဋ္ဌမ/နဝမ/ဒသမ-တန်း ၁၀.၅.၂၀၁၅ ရက်နေ့စမည်။

ကျောင်းနှင့်တူသောကျောင်းကြီးဖြစ်ပါသည်။

(၁) ဆရာဦးသန်းစိန်လူငယ်လေ့ကျင့်ရေးသင်တန်းကျောင်း ပြည်တော်သာမှတ်တိုင်ရှေ့၊ ...ရပ်ကွက်၊ ...မြို့နယ်၊ ရန်ကုန်မြို့

(၂) (၇၄)ဗိုလ်ဥက္ကာ...ရပ်ကွက်၊ ... အနီး ...မြို့နယ်၊ ရန်ကုန်မြို့

Phone: 095190862, 09450014699, 0973016839, 09420273846, 210501
Facebook Page - Saya U Than Sein Private High School e-mail: zinnimyint@gmail.com

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဂျီ၊ မြေကွက်အမှတ် IV၈၊မြေကွက် တည်နေရာအမှတ်၇၊ (၁၃၅)လမ်း၊ မအူကုန်းရပ်ကွက်၊ (ကိုမြင့်အောင်၊ မောင်လှမြင့်၊ မောင်စိန်) အမည်ပေါက် နှစ်(၉၀)ဂရန် သက်ကုန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ကိုမြင့်အောင်နှင့်ဇနီးဒေါ်ဇော်ရာဘီတို့ကွယ်လွန်သဖြင့် (၁)မောင်မြင့်ဆွေ ၁၂/တမန(နိုင်)၀၇၆၅၈၅၊ (၂) မောင်မြင့်ဦး ၁၂/တမန(နိုင်)၀၅၆၈၈၄၊ (၃)နာရ်ဆိခ်ဘာနူး ၁၂/စခန(နိုင်)၀၅၇၄၆၈၊ (၄) မောင်မောင်မြင့် ၁၂/တမန(နိုင်)၀၇၁၃၆၁၊ (၅)မောင်သိန်း မြင့်အောင် ၁၂/တမန(နိုင်)၀၈၉၆၅၄၊ (၆)မသန်းသန်းမြင့် ၁၂/တမန(နိုင်)၀၇၃၂၃၅၊ (၇)မစုစုအောင် ၁၂/တမန(နိုင်)၀၇၇၅၁၇၊ (၈)မဇာနီအောင် ၁၂/တမန(နိုင်) ၁၀၀၄၅၄၊ (၉)မောင်ကျော်အောင် TME-၀၃၆၉၅၀၊ (၁၀) မသန်းသန်း၃ TME-၀၃၈၀၅၁၊ (၁၁)မောင်လွင်မင်းသူ TME-၀၃၆၉၅၁၊ (၁၂)မစန်းစန်းအေး TME-၀၃၆၉၄၉ တို့မှလည်းကောင်း ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှမြင့်နှင့်ဇနီး ဒေါ်စိုးတင့်တို့ ကွယ်လွန်သဖြင့် (၁)မောင်မြင့်စိုး ၁၂/တမန(နိုင်)၁၁၈၈၄၈၊ (၂) မောင်ကျော်မြင့်စိုး ၁၂/တမန(နိုင်) ၁၀၇၂၃၁၊ (၃)မောင်တင်မြင့်စိုး TME -၀၃၆၂၂၂၊ (၄) မမြင့်မြင့်စိုး ၁၂/တမန(နိုင်) ၁၂၁၉၅၄ တို့မှလည်းကောင်း သားသမီးများ နှင့် ချွေးမတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ ပူးတွဲပိုင်ရှင်ဦးမောင်စိန် LR-၀၁၈၅၃၁ နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆိုင်များနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်(၄/၅-လွှာ)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းမြတ် ၁၂/ဗတထ(နိုင်)၀၃၀၀၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (ယခင်-စီအိုဒီဝင်း) ၆၂ လမ်း၊ 9L-1၊ မြေကွက်အမှတ်(၁၂၆)၊ ၂၅ပေ×၅၈ ပေ အကျယ်အဝန်းရှိ မြေကွက်သည် အဘိုး ဦးဖိုးလှအမည်ပေါက်မြေကွက်ဖြစ်ပါသည်။ အဘိုး ဦးဖိုးလှနှင့် အဘွား ဒေါ်ညွာတို့မှ တစ်ဦးတည်းသောသမီး ဒေါ်ဖြူ မွေးဖွားခဲ့ပြီး ဒေါ်ဖြူမှ ဦးစိန်နှင့်အိမ်ထောင်ပြုပြီး သားသမီးရှစ်ဦး၊ (၁)ဟာဂျီဦးဆန်းညွန့် ၁၅-၂-၂၀၁၅ ရက် ကွယ်လွန် (၂)ဒေါ်သန်းကြည်၊ (၃)ဦးထွန်းမြတ်၊ (၄)ဦးထွန်းအေး၊ (၅)ဦးထွန်းရီ (၆)ဦးလှညွန့်၊ (၇)ဦးဆန်းလှနှင့် (၈) ဒေါ်တင်နုယဉ်တို့ ထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အစ္စလာမ့်တရားဥပဒေနှင့်အညီ အမွေဆက်ခံခံစားပိုင်ခွင့်ရှိသည့် အမွေဆိုင်ပစ္စည်းတစ်ရပ်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်လတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၂၉)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၁)လမ်း၊ အမှတ်(၃၅၅)ဟုခေါ်တွင်သော နှစ်ခန်းတွဲခြောက်ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း)၊ အကျယ် အဝန်း(၁၁½ပေ×၄၈ပေ)ရှိ တိုက်ခန်းအား တိုက်ခန်းအပိုင်ရောင်းချသူ (၁)ဦးလှမြင့် ၁၄/အမန(နိုင်)၁၇၀၀၉၅၊ (၂)ဒေါက်တာစိုးလင်းဟန် ၇/ဖမန(နိုင်)၀၉၅၉၅၄ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ ထက်ဝက်ကျော်ကို ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်နှင်းမြတ် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၃၄)**
**အမှတ် ၉/၁၁၊ အခန်း ၃၀၆၊ (လေးလွှာ)၊ ၃၆လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၁၆၇၇၆၈**

သင်္ကြန်အတက်နေ့က မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ လမ်းဆုံတွင် အဌမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပရာ (၇၅) နှစ် အထက် အဘိုး ၃၆ ဦးနှင့် အဘွား၆၇ ဦး စုစုပေါင်း ၁၀၃ ဦးကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူလေးများက ကန်တော့ကြပြီး ခေါင်းဖြီး၊ ဆီလိမ်းပေးခြင်း၊ လက်သည်းခြေသည်းညှပ်ပေးခြင်းများ ပြုလုပ်ပေးနေသည်ကို တွေ့ရစဉ်။ (၀၇၉)

# မြန်မာ့မျက်ပွင့် E-Library စာကြည့်တိုက် ဇီးကုန်းမြို့၌ဖွင့်

**ဇီးကုန်း ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မြန်မာ့မျက်ပွင့် E-Library စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၁၀ ရက်က ရန်ကုန်-ပြည်ကားလမ်း စည်ပင်သာယာပန်းခြံ မြန်မာ့မျက်ပွင့်စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

မြန်မာစာပေလောကတွင် ထင်ရှားခဲ့သော စာရေးဆရာကြီး ဆရာဇော်ဂျီအား ဂုဏ်ပြုသောအားဖြင့် ဇီးကုန်းဇာတိဖွား ဆရာကြီးဇော်ဂျီ၏ ၁၁၅ နှစ်ပြည့်မြောက်သောနှစ်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။ အသစ်ဖွဲ့စည်းခဲ့သော စာကြည့်တိုက် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီမှ စာဖတ်သူများ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် Internet Wifi စနစ်ဖြင့်ကိုက် ၆၀၀ အတွင်း E-book စာအုပ်များ ဖတ်ရှုနိုင်ရန်စီစဉ်ပေးထားပြီး ပြည်သူများအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက် မြို့ပေါ်တွင်သာမက ကျေးလက်ဒေသများအထိ စာအုပ်စာပေများ ရောက်ရှိရန် အစီအမံများ ချမှတ်ထားကြောင်း သိရသည်။

မြန်မာ့မျက်ပွင့် စာကြည့်တိုက်တွင် မြန်မာ့စွယ်စုံကျမ်းနှင့် စွယ်စုံကျမ်းအနှစ်ချုပ် ၅၀၊ မြန်မာစာ စာအုပ်ပေါင်း ၁၃၀၀၊ အင်္ဂလိပ် စာအုပ်ပေါင်း ၅၀၀၊ မဂ္ဂဇင်း ၅၀ ကျော်နှင့် E-book စာအုပ်ပေါင်း ၁၄၀၀ကျော် ထားရှိသည်။ **ကိုသက် (ဇီးကုန်း)**

# ရခိုင်ရိုးရာသင်္ကြန်ပွဲပုဏ္ဏားကျွန်း၌ ပျော်ရွှင်စွာဆင်နွှဲ

**ပုဏ္ဏားကျွန်း ဧပြီ ၁၇**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ ရခိုင်ရိုးရာသင်္ကြန်ရေသဘင်ပွဲကို ရေကစားမဏ္ဍပ် ၅ ခု၌ ရိုးရာလောင်းလှေများ၌ ရေဖြည့်ကာ အမျိုးသားအမျိုးသမီးမျက်နှာချင်းဆိုင် လွတ်လပ်ပျော်ရွှင်စွာ ရေပက်ကစားကြကြောင်း တွေ့ရသည်။ ဧပြီ ၁၂ ရက်သင်္ကြန်အကြိုနေ့ညက ရပ်ကွက်အလိုက် အသင်းအစုအဖွဲ့များအလိုက် နံ့သာသွေးပွဲများကို နီးစပ်ရာလမ်းဆုံ လမ်းခွများနှင့် သတ်မှတ်စုရပ်များတွင် အတီးအမှုတ် အကအခုန်များဖြင့် ပျော်ရွှင်ဖွယ်ရာ ကျင်းပခဲ့ကြပြီး သင်္ကြန်အကျနေ့တွင် ဘုန်းတော်တော်ကြီးကျောင်းများသို့ ဘုရားရေသပ္ပာယ်သွားကြသည်။

ထိုသို့ သွားရောက်ရာတွင် ရခိုင်ရိုးရာမင်္ဂလာစည်တော်များ တီးခတ်ကာ ငွေပဒေသာပင်များ၊ လှူဖွယ်ဝတ္ထုများဖြင့် စီတန်းလှည့်လည်သွားရောက် ဘုရားရေသပ္ပာယ်လေ့ရှိသော ရခိုင်တို့၏ ချစ်စရာရိုးရာဓလေ့များကိုပုဏ္ဏားကျွန်းမှာတွေ့မြင်ရပါသည်။

ဧပြီ ၁၄ ရက်မှ ၁၆ ရက်ထိ ၃ ရက်တိုင် ရန်ကုန်-စစ်တွေကားလမ်းဘေးတစ်လျှောက်ရှိ အဆိုပါရေကစားမဏ္ဍပ်များ၌ လွတ်လပ်ပျော်ရွှင်စွာ လာရောက် ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**

# ပူတာအိုခရိုင်၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တပျော်တပါးဆင်နွှဲ

**ပူတာအို ဧပြီ ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့က မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအို ကားလမ်းမပေါ်ရှိ နမ်ထွမ်ချောင်းတံတား အမှတ်(၁/၂၁၈) သံကူကွန်ကရစ်တံတားတည်ဆောက်ရေး စီမံကိန်းရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပူတာအိုခရိုင်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီ နာယကခရိုင်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (ဗဟိုမဏ္ဍပ်)ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ယိမ်းအကအဖွဲ့များနှင့်အတူ အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များက သင်္ကြန်အကများဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ယိမ်း အကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်း သားပြည်သူများနှင့် ပြည်ပနိုင်ငံခြားဧည့်သည်တော်များ တက်ရောက်ကာ သင်္ကြန်အကများဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **ဖုန်ကန် (iprd)**

# လမ်းချဲ့ခြင်း ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်

**ကသာ ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးကသာခရိုင် ကသာမြို့သည် ခရိုင်မြို့ဖြစ်သည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် မြို့ဝင်လမ်းများ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရန်အတွက် ကသာမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ လုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

၂၁-၁၁-၂၀၁၄ ရက်မှစတင်ကာ ကသာ-အင်းတော်- မံစီလမ်းပိုင်း မိုင်တိုင်အမှတ် ၀/၇-၁/၅အတွင်း ပျမ်းမျှ ၂၄ ပေ အကျယ်ရရှိစေရန် ကတ္တရာလမ်းတိုးချဲ့ခင်းခြင်း၊ မိုင်တိုင်အမှတ် ၁/၅-၂/၇ ထိ တစ်မိုင် နှစ်ဖာလုံအား ပေ ၄၀ အကျယ်ရရှိစေရန် ကတ္တရာလမ်းခင်းခြင်း၊မိုင်တိုင်အမှတ် ၂/၇-၃/၇ အထိတစ်မိုင်အား ၂၄ ပေ အကျယ် ကတ္တရာလမ်းခင်းခြင်းနှင့် တစ်ဖက်သုံးပေအကျယ်တွင် ချောင်းသဲကျောက်ဖြင့် လမ်းပခုံးခင်းကြိတ်တည်ဆောက်ခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်တွင်လုပ်ငန်း အားလုံးပြီးစီးခဲ့ကြောင်း သိရသည်။

မိုင်တိုင်အမှတ် ၀/၇-၃/၇ ထိ ကတ္တရာခင်းခြင်းနှင့် လမ်းချဲ့ခြင်းလုပ်ငန်းများအတွက် ငွေကျပ်သန်း ၇၃၅ သန်းကို တိုင်းဒေသကြီး လုပ်ငန်းသုံးရန်ပုံငွေမှ ကျခံအသုံးပြုခဲ့ကြောင်း သိရသည်။ **လှအောင် (ကသာ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8854 Toyota Alphard Micro Bus က ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဇာသွယ် ၁၂/အစန(နိုင်)၀၆၉၂၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၂၉၂၂ Mitsubishi RVR S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းကြူ ၁၂/လသန(နိုင်)၀၀၃၂၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/3248 SKAT (LFJ 3071GI) DUMP TRUCK(4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြင့်ထက် ၈/ပခက(နိုင်)၁၅၉၈၃၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

# မဟာသင်္ကြန်ကာလ မြန်ပြည်တစ်လွှား ကုသိုလ်ပြုသူများဖြင့်စည်ကား

**ရေစကြို ဧပြီ ၁၇**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ကာလ အခါသမယတွင် မြန်ပြည်တစ်လွှား ကုသိုလ်ပြုသူများဖြင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိနေကြသည်။ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ နံနက်က ရေစကြိုမြို့ အမှတ်(၄) ဈေးဟောင်းရပ်ကွက်တွင် အလှူရှင် ဒေါ်ထွန်းကြည်(စိန်-ဝက်အူတောင့်လုပ်ငန်း)မှ လူတစ်ဦးလျှင် ကောက်ဆန်းမွှေးဆန်လေးဘူးနှုန်း ပေးလှူနေသည်ကို ဝမ်းသာဖွယ် တွေ့မြင်ရသည်။

အထူးသဖြင့် မဟာသင်္ကြန်ကာလအတွင်း စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ သက်ကြီးပူဇော်ခြင်း၊ ဒုလ္လဘဝတ်ခြင်း၊ သီလရှင်ဝတ်ခြင်း၊ ရှင်ပြုပွဲများ ကျင်းပခြင်း၊ သတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်ရက်ရှည်စောင့်ခြင်း၊ တရားရိပ်သာဝင်၍ ဘာဝနာပွားများ တရား အားထုတ်ခြင်း၊ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်ရွတ်ခြင်း၊ ဘုရားပုထိုးစေတီများကို ရေသပ္ပာယ်ခြင်း၊ ထုံးသင်္ကန်း၊ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းစသည့် ကောင်းမှုပြု ကုသိုလ်ယူ လှူဒါန်းကြသူများနှင့်အတူ ပျော်ရွှင်စွာ ရေပက်ကစားကြခြင်းသည် မြန်မာလူမျိုးများ၏ မဟာသင်္ကြန်ကာလ ယဉ်ကျေးမှုဓလေ့စရိုက်များ ဖြစ်ပါသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မဟာအတုလရန်အောင်မြင်စေတီတော်မြတ်ကြီး ရောင်ခြည်တော်များလွှတ်

**ပေါင်းတည် ဧပြီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် မကျီးပင်ကျေးရွာအုပ်စု ကုက္ကိုလ်ကုန်းရွာထိပ်၌ တည်ထားသော ရှေးဟောင်းသမိုင်းဝင် မဟာအတုလရန်အောင်ဆုတောင်းပြည့်စေတီတော်ကြီး၏ ထီးတော်မှ ဧပြီ ၂ ရက်က ရောင်ခြည်တော်များ ကွန့်မြူးနေသဖြင့် ရင်တော်ပြင်ပေါ်၌ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။

ရှေးဟောင်းစေတီတော်မြတ်ကြီးကို ဘိုးတော်ဘုရား၏ သားနှစ်ပါးဖြစ်သော မင်းလက်ဝဲနှင့်မင်းလက်ယာတို့မှ မြန်မာသက္ကရာဇ်၁၁၆၀ ခုနှစ် ခရစ်နှစ် ၁၇၉၈ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ပြီး ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြရာ ၂၀၁၅ ခုနှစ် မတ် ၂၇ ရက်တွင် စေတီတော်ကြီးအား စတုတ္ထအကြိမ် ရွှေထီးတော်ပြန်လည်ကပ်လှူပူဇော်နိုင်ခဲ့သည်။

မဟာအတုလရန်အောင်မြင်စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် ၇၄ တောင်ရှိ၍ နတ်တလင်းမြို့နယ်နှင့် ပေါင်းတည်မြို့နယ်အကြား ရန်ကုန်-ပြည်ကားလမ်းမမှ အနောက်ဘက်သို့ တစ်မိုင်ခန့်ကွာဝေးပြီး ဒေသတစ်ဝိုက်တွင် တန်ခိုးကြီးသော စေတီတော်မြတ်ကြီးတစ်ဆူဖြစ်သည်။

“ထီးတော်ကြီးရဲ့ အထက်နားကစပြီး အလင်းရောင်တန်းအစုံဖြာထွက်နေတာကို ဖူးတွေ့ရပါတယ်။ ရောင်ခြည်တန်းထွက်နေတာ မိနစ် ၂၀ ဝန်းကျင်လောက်ကြာတယ်။ ဒီလိုနဲ့ သတင်းစကားကျယ်ပြန့်လာပြီး ဇီးတော၊ ကန်သာ၊ ရှမ်းတောင်၊ ပေါက်တန်းရွာတွေကတောင် လာဖူးကြတာတွေ့ရပါတယ်”ဟု ဘုရားကြီးဂေါပက ဦးတင်ထွန်းက ပြောကြားသည်။

**ကိုသက်(ဇီးကုန်း)**

# သင်္ကြန်အတက်နေ့တွင် စတုဒိသာကျွေးမွေးသူများဖြင့်စည်ကား

**မုံရွာ ဧပြီ ၁၇**

မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အတက်နေ့ မုံရွာမြို့တွင် အဟာရဒါန စတုဒိသာ ထမင်း၊ မုန့်လုံးရေပေါ်နှင့် ကြာဆံဟင်းခါးများ ကျွေးမွေးဒါနပြုသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

စတုဒိသာ ကျွေးမွေးမှုနှင့် ပတ်သက်ပြီး မုံရွာမြို့နယ် မအူကျေးရွာအုပ်စု လင်းပင်ဝကျေးရွာမှ စေတနာရှင်တစ်ဦးကလည်း “ကျွန်တော်တို့ နှစ်တိုင်း ကုသိုလ်ပြုကြပါတယ်။ အခုလည်း ဒီအမြင့်-မုံရွာ ကားလမ်းပေါ်မှာ လာသမျှ ကားတွေ၊ ဆိုင်ကယ်တွေကို အကုန်တားပြီး စတုဒိသာ ထမင်းကုသိုလ်လုပ်နေကြတာ။ ငါးခြောက်ထောင်းနဲ့ အခြားဟင်းအရန်နဲ့ ကုသိုလ်ပြုနေတာပါ။ အခုလို ကျွေးနိုင်အောင် တစ်ရွာလုံးက စေတနာရှင်တွေ စုပေါင်းပြီး ဆန်နှင့် မီးဖိုချောင်သုံး ပစ္စည်းတွေစုပြီး ကုသိုလ်ပြုကြခြင်းဖြစ်ပါတယ်။ နံနက် ၆ နာရီကတည်းကစပြီး ကျွေးနေတာပါ။ အလွန်ပျော်သလို၊ ကုသိုလ်လည်းရ ပီတိလည်း ဖြစ်မိတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# စတုဒိသာလှူဒါန်း

**ရန်ကုန် ဧပြီ ၁၇**

နှစ်စဉ် ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၉ လမ်းထိပ်ရှိ လပြည့်ဆွမ်းလောင်းအသင်း ဓမ္မာရုံ၌ မဟာသင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှစ၍ ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)အထိ လမ်းမိသားစုဝင်များ၊ စေတနာရှင် အလှူရှင်၊ လူငယ် မောင်မယ်များက နေ့စဉ် နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ သင်္ကြန်ပွဲဆင်နွှဲကြသူများ၊ လမ်းသွား လမ်းလာများအား စတုဒိသာ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

**ဥမ္မာသန့်**

**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ရှိ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စိုက်ပျိုးပညာပေးဝန်ထမ်းများ နည်းပညာတိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံကာကွယ်ရေး၊ ဘာသာရပ်များနှင့် ပတ်သက်၍ သင်တန်းများပို့ချပြီး အရည်အချင်းစစ်စာမေးပွဲ ကျင်းပနေသည်ကို ဧပြီ ၈ ရက်က တွေ့ရစဉ်။** သိန်းတိုး(ဇီးကုန်း)

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် ၁၇၇/က၊ မြေကွက်တည်နေရာအမှတ်(၁၇၇/က)၊ ကျောက်စိမ်းလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်ၤန်းကျွန်း ဦးကျော် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်(ဖခင်)-ဒေါ်တင်လှ(မိခင်) ကွယ်လွန်သဖြင့် ဦးကျော်သွင် ၁၂/သဃက(နိုင်)၀၂၇၆၀၉ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ်(၈၀၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၀၀/ခ)၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကြည်ဝင်း၊ ဒေါ်တင်အောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြည်ဝင်း ကွယ်လွန်သဖြင့် (ဇနီး)ဖြစ်သူ ဒေါ်တင်တင်နု ၁၂/ဥကတ(နိုင်)၀၀၇၂၃၇နှင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်တင်အောင် ကွယ်လွန်သဖြင့် (ခင်ပွန်း) ဦးသန်းထွန်း ၁၂/ဥကတ(နိုင်)၀၃၁၂၅၄ တို့က ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် (၈/ဃ-၁+၈/ဥ-၁/ခ)၊ မြေကွက်တည်နေရာ (အမှတ် S/၁၆A)၊ ပြည်သာယာလမ်းသွယ် ၂လမ်း၊ ဇ/မြောက်ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ် ဒေါ်ခင်ခင်စိန် ၁၂/သဃက(နိုင်)၀၂၉၄၇၄ အမည်ပေါက် ဘီ(လ/န-၃၉) မြေအား အမည်ပေါက် ဒေါ်ခင်ခင်စိန် ထံမှ ကိုယ်စားလှယ်လွှဲစာ(S-P)/၆၀၉၅ (၁၀-၄-၂၀၁၃) ရသူ ဒေါ်ထူးထူးအောင် ၁၂/တကန(နိုင်)၁၇၅၃၅၉ မှ ပါဝါရုပ်သိမ်းခြင်းမရှိကြောင်းနှင့်ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ အမည်ပေါက် စာချုပ်မိတ္တူမှန်သာ တင်ပြထားပါသဖြင့် ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) စာသင်ခန်းမကြီး (၄)ဆောင် အဆင့်မြှင့်တင်ခြင်း

(ခ) ပါမောက္ခချုပ်ရုံးတိုးချဲ့ဆောင် RCC (၃)ထပ် - (၈၀'×၃၀'×၃၆') -(၁)လုံး

(ဂ) နိုင်ငံခြားသားဧည့်ရိပ်သာ RCC (၂)ထပ် - (၂၁၄'×၄၀'×၂၆') -(၁)လုံး

၂။ တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ ရက် (သောကြာနေ့) ၁၆:၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဤတက္ကသိုလ်၏ နယ်မြေအင်ဂျင်နီယာဌာန၊ ဖုန်း-၀၉-၄၉၂၀၁၀၅၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

---

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါစက်ကိရိယာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | လက်တွန်းထွန်စက်နှင့်တွဲဖက်သုံးကိရိယာများ | 4 Lot |
| (ခ) | ထွန်စက်များ | 3 Lot |
| (ဂ) | ထွန်ယက်ကိရိယာများ | 4 Lot |
| (ဃ) | ကောက်စိုက်စက် | 1 Lot |
| (င) | စပါးရိတ်သိမ်းခြွေလှေ့စက် | 1 Lot |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၅ ခုနှစ် မေ ၁၁ရက် ၁၅:၀၀ နာရီဖြစ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**စက်မှုလယ်ယာဦးစီးဌာန**
**ရုံးအမှတ်(၁၀)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၂၄၃၊ ၀၆၇-၄၃၁၂၄၂**

---

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
## (ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ ကျေးလက် လမ်း၊တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ယင်လုံအိမ်သာနှင့် အိမ်ရာလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ကတ္တရာလမ်း | (၄/၀)မိုင် |
| (ခ) | ကျောက်လမ်း | (၃၇)မိုင်၊ (၁.၁၈)ဖာလုံ |
| (ဂ) | မြေလမ်း | (၃၂)မိုင်၊ (၇.၆၇)ဖာလုံ |
| (ဃ) | သစ်သားတံတား | (၃၈၆)ပေ |
| (င) | ရေကျော် | (၃၅)ပေ၊ Box Culvert (၃၆)ပေ |
| (စ) | လက်တူးတွင်း | (၁၀)တွင်း |
| (ဆ) | တွင်းနက် | (၄)ခု |
| (ဇ) | စိမ့်စမ်း | (၁၈)ခု |
| (ဈ) | အခြား(ရေပေးရေး) | (၂၇)ခု |
| (ည) | ယင်လုံအိမ်သာ | (၁၀)လုံး |
| (ဋ) | ကျေးလက်မီးလင်းရေး | (၁၁၁၉) |
| (ဌ) | တန်ဖိုးနည်းအိမ်ရာ | (၁၁၉)လုံး |
| (ဍ) | ပြည်နယ်ရုံး | ၈၂'×၇၆'×၂၂' သံကူကွန်ကရစ်(၂)ထပ်(၁)လုံး |
| (ဎ) | လွိုင်ကော်ခရိုင်ရုံး | ၇၆'×၇၆'×၁၂' သံကူကွန်ကရစ်(၁)ထပ်(၁)လုံး |
| (ဏ) | ဘော်လခဲခရိုင်ရုံး | ၇၆'×၇၆'×၁၂' သံကူကွန်ကရစ်(၁ထပ်)(၁)လုံး |

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနကသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၄-၂၀၁၅ ရက်မှ စတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၅-၂၀၁၅ ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်း(၁)ခုထက်ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ် အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း ၂တင်သွင်းရမည်။

၅။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုသောအချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်းနံပါတ် ၀၈၃-၂၃၁၂၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

**ဓာတ်အားခွဲရုံစီမံကိန်းများ**

(၁) 66/11kV,5MVA ဖလမ်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၂) 66/33kV, 10 MVA & 66/11kV, 5MVA မင်းပြားဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၃) 66/11kV, 5MVA မိုင်းရှူးဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၄) 66/11kV, 5MVA ကွတ်ခိုင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၅) 66/11kV, 5MVA မင်းကင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၆) 66/11kV, 5MVA ထီးလင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၇) 66/11kV, 5MVA ဆောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၈) 66/11kV, 5MVA ရှားတောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၉) 66/33/11kV, 30MVA ဘော်လခဲ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၀) 66/11kV, 10MVA ဘုရားကုန်း (ဓာသပြင်) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၁) 66/11kV, 2 × 5MVA ကော့ကရိတ် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၂) 66/11kV, 5MVA မအီဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၁၃) 66/11kV, 2× 10MVA ကျောက်ဖြူ (SEZ) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၄) 66/11kV, 10MVA တောင်ကုတ်မြို့ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၅) 66/11kV, 5MVA မင်းတုန်း ဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၆) 66/11kV, 5MVA ကမ္မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၁၇) 132/66/11kV, 2× 50MVA တောင်ကြီးဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၁၈) 230/66/11kV, 2 × 50MVA ကလေးပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၁၉) 230/66/11kV, 2 × 50MVA ဂန့်ဂေါပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၂၀) 132/66kV, 100MVA, 132/33kV, 50MVA လွိုင်ကော်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း

(၂၁) 230/66/11kV, 2 × 50MVA မြဝတီ ပင်မဓာတ်အားခွဲရုံတည်ဆောက်ခြင်း

(၂၂) ၂၃၀ကေဗွီ တောင်တွင်းကြီးခွဲရုံ (၂) Bay Extension တည်ဆောက်ခြင်း

(၂၃) ၂၃၀ကေဗွီ ရွှေတောင်ခွဲရုံ (၂) Bay Extension တည်ဆောက်ခြင်း

**ဓာတ်အားလိုင်းစီမံကိန်းများ**

(၁) မော်လမြိုင်-မြဝတီ ၂၃၀ကေဗွီ ဓာတ်အားလိုင်း (၈၀)မိုင်တည်ဆောက်ခြင်း

(၂) မြဝတီ-ကော့ကရိတ် ၆၆ ကေဗွီ ဓာတ်အားလိုင်း (၄၀)မိုင်တည်ဆောက်ခြင်း

(၃) တောင်ကုတ်-တောင်ကုတ်မြို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၉)မိုင်တည်ဆောက်ခြင်း

၂။ အထက်ပါလုပ်ငန်းများသည် နည်းပညာပိုင်းနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ လုပ်ငန်းများဖြစ်ပါသဖြင့် အလားတူလုပ်ငန်းအတွေ့အကြုံရှိသူများ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၅-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ Power Transformer များကို နိုင်ငံခြားငွေ(USD)ဖြင့် ဝယ်ယူလိုပါသည်-

(က) 132/33/11kV,50MVA,3 Phase Power Transformer (1)No

(ခ) 230/33/11kV,100MVA,3 Phase Power Transformer (2)No

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၅-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

---

## သာသနာရေးဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ၁၁၆'× ၃၆'၊ ၇၂'× ၃၆' နှစ်ထပ် (သံကူကွန်ကရစ်)အခန်း ၈၀ပါ သင်တန်းသား အိပ်ဆောင်တစ်လုံးဆောက်လုပ်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါရောင်းချမည့်ရက်နှင့် နေရာ** - ၂၂-၄-၂၀၁၅ ရက်မှ ၈-၅-၂၀၁၅ရက်အထိ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ခ) **တင်ဒါတင်သွင်းမည့် နေရာနှင့် နေ့ရက်/အချိန်** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော် ၁၂-၅-၂၀၁၅ ရက်၊ နံနက် ၉ နာရီမှ ၁၂:၀၀ နာရီအထိ

(ဂ) **တင်ဒါဖွင့်မည့်နေရာနှင့်အချိန်** - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ ၁၂-၅-၂၀၁၅ ရက်၊ မွန်းလွဲ ၁ နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်တင်ဒါခေါ်ယူမည့်အချက်အလက်များအားအသေးစိတ်သိရှိလိုပါက အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဖုန်း-၀၁-၆၅၀၇၀၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**လုပ်ငန်းတင်ဒါကြီးကြပ်ရေးအဖွဲ့**

---

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်ဝင်ခွင့်
## လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ

(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ

(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ

(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြအင်ဂျင်နီယာ

(ခ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဂ) သုတနည်းပညာ

၆။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)၌ ၂၂- ၄- ၂၀၁၅ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၃-၅-၂၀၁၅ရက် နောက်ဆုံးထား၍ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-

(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း

(ဂ) သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)

(ဃ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) Student Registration and Management Software
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်း(၁၉)မျိုး
(ဂ) လယ်ယာသုံးပစ္စည်းများ
(ဃ) စက်နှင့် စက်ပစ္စည်းများ

၂။ တင်ဒါပိတ်မည့်ရက်မှာ ၈-၅-၂၀၁၅ ရက်(သောကြာနေ့)၁၆း၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများအား ငွေစာရင်းဌာနတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။
၄။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်စဉ်- ၁(က) အတွက် သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ဖုန်း-၀၉-၃၁၄၉၂၂၃၈ နှင့် အမှတ်စဉ်- ၁၊ (ခ)၊ (ဂ)နှင့်(ဃ)အတွက် ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၁၆၆၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးရုံးချုပ်
## ရုံးအမှတ်(၅၁)၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁) နေပြည်တော်နှင့်လူမှုဖူလုံရေးအဖွဲ့ အလုံပင်မ ဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံ (အလုံ)ရန်ကုန်မြို့တွင် ၂၂-၄-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၈၃၊ ၀၆၇-၄၃၀၂၈၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(1) Operating Microscope, Topcom OMS-90(X-Y axis)
(2) 128-Slice CT Scanner
(3) Accessories of Color Doppler (Hitachi, F 37, Aloka
  (a) Software& Probes for Cardiac Application (UST-5299)
  (b) Software & Probes for Vascular Application (UST-5413)
  (c) Software&Probes for Transvaginal Application(UST-9124)

**ဆေးဌာန**
**လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်**

## ကချင်ပြည်နယ်
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁၀)၊ ကချင်ပြည်နယ်ရုံးမှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်နေရာများ၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်-

| စဉ် | တည်နေရာ | လုပ်ငန်းအမျိုးအစား |
|---|---|---|
| (က) | မြစ်ကြီးနားမြို့၊ ဗလမင်းထင်တံတား အောက်ဘက်မှ ရှမ်းစုအထိ | ကျောက်စီနံရံနှင့်ကျောက်စီတမံ |
| (ခ) | ဝိုင်းမော်မြို့နယ်၊ ဧရာဝတီမြစ်နှင့် နန့်မြင့်ချောင်းဆုံရာ | မျောတိုင်တန်းကျောက်ဖြည့် ရေကာ |
| (ဂ) | မြစ်ကြီးနားမြို့နယ်၊ ပမ္မတီးကျေးရွာ | Steel Basket အခြေပြု ကျောက်စီမြေထိန်းနံရံ |
| (ဃ) | ဟိုပင်မြို့နယ်ခွဲ (၅)မိုင်ကျေးရွာ နန့်ခွင်ချောင်းကမ်းပြိုကာကွယ်ရေး | Steel Basket အခြေပြု ကျောက်စီရေကာတာ |
| (င) | ဗန်းမော်ခရိုင်၊ နောင်ကာကျေးရွာ | မျောဂရစ်တန်းအောက်ခြေ ကျောက်ဖြည့်ရေကာ |
| (စ) | ရွှေကူမြို့နယ်၊ ဘိုကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေး | မျောဂရစ်တန်းသစ်ခက်ဖြည့်ခြင်း မျောတိုင်တန်းကျောက်ဖြည့် ရေမြှောပေါက်ပိတ်ရေကာ |
| (ဆ) | ရွှေကူမြို့၊ အမှတ်(၂)ရပ်ကွက် | မျောတိုင်တန်းကျောက်ဖြည့်ရေကာ မျောတိုင်တန်းရေလွှဲရေကာ |
| | ရွှေကူမြို့၊ အမှတ်(၃)ရပ်ကွက် | မျောတိုင်တန်းကျောက်ဖြည့်ရေကာ မျောတိုင်တန်းရေလွှဲရေကာ |
| | ရွှေကူမြို့၊ အမှတ်(၄)ရပ်ကွက် | မျောတိုင်တန်းကျောက်ဖြည့်ရေကာ မျောတိုင်တန်းရေလွှဲရေကာ |
| (ဇ) | မိုးမောက်မြို့နယ်၊ မြို့သစ်ကျေးရွာ၊ နန့်မော်ချောင်း၊ ရပ်ကွက်(၂၊ ၃) ရေကြီး/ရေလျှံကာကွယ်ရေး | ကျောက်စီမြေထိန်းနံရံ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါပိတ်မည့်ရက်** - ၁၇-၅-၂၀၁၅ ရက်
**အချိန်** ၁၂း၀၀ နာရီ
(ခ) **တင်ဒါဖွင့်မည့်ရက်** - ၁၈-၅-၂၀၁၅ ရက်
**အချိန်** ၁၄း၀၀ နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး(တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီရုံး) (ပြည်နယ်ဦးစီးမှူးရုံး) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး ဖုန်း-၀၇၄-၂၀၉၈၉၊ ၀၉-၅၄၁၂၀၃၀ နှင့် ဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဖုန်း-၀၇၄-၂၉၅၁၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) | Office Security System | - | ၅ စုံ |
| (ခ) | Electronic Sign Pen | - | ၅ ချောင်း |
| (ဂ) | Digital Camera D-800(with Lens) | - | ၅ လုံး |
| (ဃ) | Computer Core i7 | - | ၂၀ လုံး |
| (င) | Printer(A4) | - | ၁၅ လုံး |
| (စ) | Fax Machine | - | ၂၀ လုံး |
| (ဆ) | Colour Scanner(A4) | - | ၁၀ လုံး |
| (ဇ) | Colour Printer/Copier(A4) | - | ၁၀ လုံး |
| (ဈ) | Dell Server | - | ၁ လုံး |

(၂) အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ၁၀-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
(၃) အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၅ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(၄) အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| **၀၆၇-၄၁၂၀၂၈** | **ဖုန်း-၀၆၇-၄၁၂၃၂၇** |

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Newsprint Paper | - | 9000 Tons |
| (ခ) | Web Offset Ink(Black) | - | 31000Kg |
| (ဂ) | Web Offset Ink(Cyan) | - | 41000Kg |
| (ဃ) | Web Offset Ink(Magenta) | - | 41000Kg |
| (င) | Web Offset Ink(Yallow) | - | 41000Kg |
| (စ) | CTP Plate(889x609x0.3)mm(Fuji) | - | 29600 shts |
| (ဆ) | CTP Plate(889x609x0.3)mm(Kodak) | - | 88000 shts |
| (ဇ) | CTP Plate(889x577x0.3)mm(Kodak) | - | 22000 shts |
| (ဈ) | Developer(Kodak) | - | 4800 Liters |
| (ည) | Replenisher(Fuji) | - | 1300 Liters |
| (ဋ) | Ortho Flim(22"x32")(50 Sheet/box) | - | 200 Boxes |
| (ဌ) | Wipe on Aluminium Plate (650x550x0.24)mm | - | 7000 Shts |
| (ဍ) | Developing Lacquer | - | 450 Liters |
| (ဎ) | Fountain Solution(for web offset) | - | 3200 Liters |
| (ဏ) | Plate Cleaner(for web offset) | - | 225 Liters |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၀-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ နေ့စဉ်နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၅ရက် နံနက် ၀၉း၀၀နာရီမှ ညနေ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် ၇ ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ် ၇၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈** | **ရုံးအမှတ် ၇၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၂၇** |

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်း-၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉ နှင့်ဆက်သွယ်သည့်
## ၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၁

| | |
|---|---|
| ဒေါ်ကော်ဟောက်ဟွမ် | ဒေါ်မေရီညွန့် |
| အကွက်ကြီးအမှတ် ၄၅၊ နယ်မြေ(၁) | (၎င်း၏ကိုယ်စားလှယ်စာရသူ |
| ရာအိမ်စု၊ အမှတ် ၂ရပ်ကွက်၊ အေးသာယာမြို့ | ဒေါ်တင်တင်မာ) |
| | အမှတ်(၄၇/၈၁)၊ အမှတ်(၃) |
| | ရပ်ကွက်၊ အေးသာယာမြို့ |
| | (ယခင်လိပ်စာဖြစ်သည်။ |
| | ယခုလိပ်စာစုံစမ်းမရပါ။) |
| **တရားနိုင်** | **တရားရှုံး** |

အထက်ပါအမှုမှ တရားရှုံးဒေါ်မေရီညွန့် (၎င်း၏ကိုယ်စားလှယ်စာရသူ ဒေါ်တင်တင်မာ) (အမှတ် ၄၇/၈၁)၊ အမှတ်(၃)ရပ်ကွက်၊ အေးသာယာမြို့ နေ (ယခုနေထိုင်သည့်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၆၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကော်ဟောက်ဟွမ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၇ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် ဧပြီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတိုင်းဒေသကြီးလက်အောက်ခံ မြန်မာ့စီးပွားရေးဘဏ်၊ ကံမဘဏ်ခွဲအတွက် အဆောက်အအုံသစ်ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း အောက်ပါဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်လိုပါသည်။ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည်သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဘဏ်ခွဲအဆောက်အအုံသစ် ၃၀'×၆၀' သံကူကွန်ကရစ်(၁)ထပ်ဆောက်လုပ်ခြင်း၊
(ခ) အုတ်ခြံစည်းရိုးကာရံ၍ ဝင်ပေါက်တွင် သံပန်းတံခါးမကြီးတပ်ဆင်ခြင်း။
(ဂ) အဝင်/အထွက် လမ်းကွန်ကရစ်ခင်းခြင်း။
(ဃ) ၁၅' အမြင့် ဂါလန် ၄၀၀ ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်၍ ရေရရှိရေး ဆောင်ရွက်ရန်။
(င) (၁၅'×၅')သံကူကွန်ကရစ်(၃)ခန်းတွဲ ရေလောင်းအိမ်သာ(၁)လုံးဆောက်လုပ်ခြင်း၊ (မိလ္လာကန်အပါအဝင်)။
(စ) ပြတင်းပေါက်အားလုံးတွင် သံပန်းတပ်ဆင်ခြင်းနှင့် ရှေ့/နောက်ဝင်ပေါက်တို့တွင် သံဘာဂျာတံခါးတပ်ဆင်ခြင်း။
(ဆ) အဆောက်အအုံဘေးပတ်လည် Drain & Apron ပြုလုပ်ခြင်း။
(ဇ) မန်နေဂျာအခန်းနှင့် Banking Hall တွင် ကြွေပြားခင်းခြင်း။
(ဈ) ငွေကြေးခန်း (၂၀'×၁၀') ဖွဲ့စည်းခြင်း။
(ည) Strong Room (၁၀'×၁၅') ဖွဲ့စည်းခြင်း။
(ဋ) ကောင်တာပြုလုပ်ခြင်း၊ မန်နေဂျာအခန်း (၁၀'×၁၂') ဖွဲ့စည်းခြင်း။
(ဌ) လျှပ်စစ်မီးသွယ်တန်းခြင်း။
(ဍ) ဆိုင်းဘုတ်ပြုလုပ်ခြင်း။
(ဎ) အလံတိုင်ပြုလုပ်ခြင်း။

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် ကော်မတီကသတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲ တင်ပြရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းမည့်ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင် Profile တင်ပြရမည်။
၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၊ မကွေးတိုင်းဒေသကြီးရုံးတွင် ဝယ်ယူနိုင်ပြီးတင်ဒါများကို ၂၃-၅-၂၀၁၅ရက် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာ့စီးပွားရေးဘဏ် မကွေးတိုင်းဒေသကြီးရုံးသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း- ၀၆၃-၂၈၁၂၁
၀၆၃-၂၃၈၆၇
၀၆၃-၂၃၇၄၂

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ဗဟန်းမြို့နယ်တရားရုံးတော်၌
## ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၀နှင့်ဆက်နွှယ်သည့်
## ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၂

| | | |
|---|---|---|
| ဒေါ်သင်းသင်းကြည် | **နှင့်** | (၁) ဒေါ်ချင်းမေ၊ (၂) ဦးရွှေနု |
| အမှတ် ၁၀၆၊ ဦးချစ်မောင်လမ်း၊ | | အမှတ် ၁၁၀၊ သုခမလမ်း၊ |
| ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ | | ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ |
| ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| | | (ယခုနေရပ်လိပ်စာမသိ) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ် ၁၁၀ နေ ဒေါ်ချင်းမေ၊ ဦးရွှေနု (ယခုနေရပ်လိပ်စာမသိ) သူများ သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၈ ရက်(၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၅ ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်နေလင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဗဟန်းမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
## မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တရားရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၄

| | | |
|---|---|---|
| မသီတာအောင် | **နှင့်** | ၁။ ဦးအုန်းကျော် |
| | | ၂။ ဒေါ်မြင့်သန်း |
| | | ၃။ မောင်အောင်ကိုဇင် |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ သစ်ရုံကျေးရွာတွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) (၃-တရားပြိုင်) မောင်အောင်ကိုဇင် သိစေရမည်။

သင့်အပေါ် တရားလို မသီတာအောင်မှ ထိမ်းမြားလက်ထပ်ရန်ကတိပျက်ကွက်၍ တရားလို၏ကာမနစ်နာမှုအတွက် လျော်ကြေးငွေ ကျပ်သိန်း ၁၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် မေ ၁၅ ရက် (၁၃၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ မောင်အောင်ကိုဇင်က တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဖြူဖြူဆွေ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြင်းခြံမြို့နယ်တရားရုံး**

Aye Nyein Thi Tar Pharmaceutical Co.,Ltd. အား

**" ဂုဏ်ယူဝမ်းမြောက်ပါကြောင်း "**

SGS United Kingdom Ltd Systems & Services Certification Rossmore Business Park Ellesmere Port Cheshire CH 65 3 EN UK မှ ပေးအပ်သော နိုင်ငံတကာ စံချိန် စံညွှန်း လက်မှတ် ISO - 9001 : 2008 Certificate TH 15 / 8412 အား Aye Nyein Thi Tar Pharmaceutical Co.,Ltd. မှ ထိုက်ထိုက်တန်တန် ရရှိသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**Yoke Pyo Co.,Ltd.**
ISO - 9001 : 2008


## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၂ဃ/၇၅၈၀၊ ၂ဃ/၇၅၇၉၊ ၂ဃ/၇၅၈၁၊ ၂ဃ/၇၅၈၂၊ ၂ဃ/၇၅၈၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မင်းထက်ဝိုင် ၁၃/ဆဆန(နိုင်)၀၉၉၇၇၀ သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။ မိခင်- ဒေါ်ခင်အေးလွင် ၁၃/တကန(နိုင်)၀၄၇၂၆၅**

## ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂W^၂၊ မြေကွက်အမှတ် V Class 159၊ မြေကွက်တည်နေရာ အမှတ် ၆၆၊ ၄လမ်း၊ လမ်းမတော်မြို့နယ် Mr.Tan Kheng Poe အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက် တန်ခိုင်ပို့နှင့်ဇနီး ရောက်အင်ကြူတို့ကွယ်လွန်၍ ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးအောင်သန်း ၁၂/လသန(နိုင်)၀၁၀၆၂၁၊ ဦးအောင်သိန်း ၁၂/လသန(နိုင်)၀၂၀၂၀၈၊ ဦးအောင်ငွေ ၁၂/လသန(နိုင်)၀၁၀၆၀၉၊ ဒေါ်ဝါဝါ ၁၂/လသန(နိုင်)၀၁၀၆၁၇၊ ဒေါ်ခင်သန်း ၁၂/လသန(နိုင်)၀၀၉၈၆၇၊ ဒေါ်နီနီ(G/RGN-၀၀၉၁၈၂)၊ ဒေါ်ဘေဘီ(H/RGN-၀၁၉၁၁၆)တို့ကအမည်ပေါက် တန်ခိုင်ပို့နှင့်ရောင်အင်ကြူတို့၏ တိုင်ပေတွင်ကွယ်လွန်သည့်သေဆုံးကြောင်းအထောက်အထားများ၊ ၎င်းတို့၏နိုင်ငံသားအထောက်အထားများနှင့် နိုင်ငံကူးလက်မှတ်မိတ္တူများ၊ လျှောက်ထားသူများ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ၊ ကျမ်းကျိန်လွှာများ၊ ဖော်ပြပါမြေအား အမည်ပေါက် Mr.Tan Kheng Poe ဝယ်ယူခဲ့သည့် အဆက်အစပ် စာချုပ်များဖြစ်သည့် စာချုပ်အမှတ် (၉၀၆/၁၉၄၇)နှင့် (၁၆၇၆/၁၉၄၇) ယင်းမြေ၏ ဂရန်မူရင်းပျောက်ဆုံးကြောင်း ထောက်ခံချက်နှင့် ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ပြန်လာပါရန် အသိပေးခြင်း

[illegible]

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်ဂျူးဂျူး (DLA-၀၁၅၅၈၆)နှင့် ဦးသက်ဝေဇင် ၁၂/ဒလန(နိုင်)၀၅၁၂၅၂ တို့သည် ၁၂-၁၂-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**ဒေါ်ဂျူးဂျူး**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာ သစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၄-၄-၂၀၁၅ ရက်နှင့် ၂၇-၄-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၆၅၀)တန်
- ကျွန်းခွဲသား/ဓားရွေ(၃၈၆)တန်
- ပိတောက်/တမလန်းသစ်လုံး (၃၀၀) တန်
- ပျဉ်းကတိုး/အင်-ကညင်/ သစ်ယာ/ သင်းဝင်/ အင်ကြင်း/နှော/သရက်/ စစ်/စန္ဒဝါ/ယမနေ (၁၁၃၀၁)တန်
- ပိတောက်/တမလန်း/သင်းဝင်/ဓားရွေ (၁၃၉၈)တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန်- ဖုန်း-၀၁-၅၂၈၇၆၄၊ E-mail;marketing 1 ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**မြန်မာ့သစ်လုပ်ငန်း**

## မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း
MYANMAR CONSTRUCTION MCEA ENTREPRENEURS ASSOCIATION

**"The Best Construction Entrepreneurship Award"**

## ဆု ရွေးချယ်နိုင်ရန်အတွက် ပြိုင်ပွဲဖိတ်ခေါ်ခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MCEA)နှင့် Sphere Exhibits (Singapore) တို့ ပူးတွဲကျင်းပမည့် **Build Tech 2015** ပြပွဲတွင် ဆုရွေးချယ်၍ ချီးမြှင့်နိုင်ရန်အတွက် စိတ်ပါဝင်စား၍ ပြိုင်ပွဲဝင်လိုသော **အသင်းဝင်ကုမ္ပဏီများနှင့် ကန်ထရိုက်တာများအား** လိုက်လံဖိတ်ခေါ်အပ်ပါသည်။

**ပေးအပ်မည့်ဆု** -
- The Best Construction Entrepreneurship Award — ပထမဆု (Diamond)
- The Best Construction Entrepreneurship Award — ဒုတိယဆု (Platinum)
- The Best Construction Entrepreneurship Award — တတိယဆု (Gold)

**ရွေးချယ်မည့် အသက်အပိုင်းအခြား**
- အသက်(၃၀-၄၀)အတွင်း(၃)ဆု
- အသက်(၄၀-၅၀)အတွင်း(၃)ဆု
- အသက်(၅၀နှင့်အထက်)(၃)ဆု

ဆု(၃)မျိုးသတ်မှတ်ပေးအပ်မည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်လိုသူများသည် မိမိတို့ကုမ္ပဏီနှင့် အဖွဲ့အစည်းများ၏ အသေးစိတ် Profile များ လုပ်ငန်းအတွေ့အကြုံများတင်ပြ၍ MCEA ရုံးချုပ်သို့ ၁၅-၅-၂၀၁၅ ရက် (သောကြာနေ့) မတိုင်မီ ပေးပို့ပါရန်ဖြစ်ပါသည်။

**ဆုရွေးချယ်ရေးကော်မတီ**
**(MCEA)**

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

**မီနီဘတ်(စ်)ဂျပန်ကား ဝယ်လိုသည်**

နံပါတ်အသစ်/အနိမ့်ရသည်

ဖုန်း-၀၉-၅၁၅၈၈၅၁၊ ၀၉-၂၅၆၆၃၆၃၃၀

## မဇ္ဈိမဗောဓိဝိပဿနာရိပ်သာ
## လူငယ်များအတွက်(၇)ရက် ဝိပဿနာတရားပတ်

အဖိုးအနဂ္ဃထိုက်တန်သော(ဝိပဿနာပညာသိက္ခာ) တရားရတနာမြတ်ကို လူငယ်များအတွက် အထူးအခွင့်အရေးတစ်ရပ်အဖြစ် မဟာသဒ္ဓမ္မဇောတိကဓဇဆရာကြီး ဦးဂိုအင်ကာမှ အောက်ပါတရားပတ်အစီအစဉ်များ ဖွင့်လှစ်၍ တရားအလှူပေးရန်ရှိပါသည်။ အခွင့်ကောင်း၊ အခါကောင်း၊ အချိန်ကောင်းကို လူငယ်များအရယူနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) အမျိုးသားလူငယ်တရားပတ် (အသက် ၁၆ နှစ်မှ ၁၉ နှစ်) (၂၉-၄-၂၀၁၅ မှ ၇-၅-၂၀၁၅)

(၂) ကလေးတရားပတ် (၈ နှစ်မှ ၁၂ နှစ်) (၉-၅-၂၀၁၅)

(၃) ကလေးတရားပတ် (၁၃ နှစ်မှ ၁၆နှစ်) (၁၀-၅-၂၀၁၅)

**နေရာ။** ။ **မဇ္ဈိမဗောဓိဝိပဿနာရိပ်သာ၊ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၆၆၆၀၊ ၀၁-၅၄၉၂၉၀**

**မှတ်ချက်။** ။အမှတ်စဉ်(၁)အတွက် အမျိုးသားလူငယ်များသည် ၂၆-၄-၂၀၁၅မှ ၂၈-၄-၂၀၁၅ ရက်များအတွင်း မိဘများနှင့်အတူ မဇ္ဈိမဗောဓိဝိပဿနာရိပ်သာသို့ နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀၀ နာရီအတွင်း လူတွေ့စစ်ဆေးမှုပြုလုပ်ရန် လာရောက်သတင်းပို့ရမည်ဖြစ်ပါသည်။

**မဇ္ဈိမဗောဓိဝိပဿနာရိပ်သာ**

KMD Education Services

နွေရာသီအားလပ်ရက်လေးမှာ အချိန်ကိုအကျိုးရှိစွာအသုံးချချင်သောလူငယ်များအတွက် Summer Special IT Foundation သင်တန်း

ISO

April ၁၈ သင်တန်းများစတင်လက်ခံနေပါပြီ

Course Contents
- Computer System Fundamentals
- Foundation of Web Implementation
- Object Oriented Programming
- Development of Database
- Academic English

အခြေခံပညာ အလယ်တန်း နှင့် အထက်တန်း စာမေးပွဲဖြေဆိုထားသူများတက်ရောက်နိုင်ပါသည်။

CALL NOW: 01 700895, 220555

STRATEGY FIRST INSTITUTE

ENGLISH 4 skills for young adults
- Elementary - 12:30 pm to 2:30 pm (Mon, Tue, Wed), Fees: 95,000 ks
- Pre-Inter - 12:30 pm to 2:30 pm (Wed, Thu, Fri) | Fees: 125,000 ks
- Intermediate - 3:30 pm to 5:30 pm (Wed, Thu, Fri) | Fees: 135,000 ks

ENGLISH 4skills for professionals
- Pre-Inter - 6:00 pm to 8:30 pm (Sat & Sun), Fees: 150,000 ks
- Intermediate - 6:00 pm to 8:30 pm (Wed, Fri) | Fees: 165,000 ks

IELTS™ English for International Opportunity
Preparation Course
- 6:00 to 8:30 pm (Sun & Mon), Fees: 180,000 ks

Placement Test

1st Floor, Pan Chan Tower, Dhamma Zedi Road, San Chaung Township, Yangon

Call Now: 09 250 7171 66-68

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်ကျော်ငွေ အမည်ဖြင့်ချထားပေးသော မြေကွက်အမှတ် ပစ(C)-၁၈၂၅ ပါမစ်မြေကွက်အား တပ်ကြပ်ကျော်ငွေ ကွယ်လွန်သွားပါသဖြင့် ၎င်း၏တရားဝင် အမွေခံဇနီး ဒေါ်စန်းငွေ ၁၂/မဂဒ (နိုင်)၀၄၄၈၄၅ (ဘ)ဦးအုန်းရွှေမှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြ၍ မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြင်ဦးလွင်-မြေကွက်များရောင်းမည်

အရှုပ်အရှင်းကင်းသည့်နေရာကောင်းသော မြေကွက်များအား ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

ဈေးနှုန်း သိန်း -(160 မှ 15,000 အတွင်း)

မြေကွက်ရောင်းမည်

ပြင်ဦးလွင် ရပ်ကွက်ကြီး (၁၂) ရှိ အသင့်နေထိုင်ရသော ... ( 70 ' x 80 ' ) မြေကွက်အား အမြန်ရောင်းမည်။

ဈေးနှုန်း - (450) သိန်း

ဆက်သွယ်ရန် 09-250136302

## (သတ္တမ)အကြိမ်မြောက်
## လှည်းကူးပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

လှည်းကူးပညာရေးကောလိပ်တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ပြည့် (အငြိမ်းစား)ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားလွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းအားလုံး မပျက်မကွက် တက်ရောက် ဂါရဝပြုကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀၁၅ ခုနှစ် မေ ၃ရက်(တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - အာစရိယခန်းမ၊ လှည်းကူးပညာရေးကောလိပ်

**ကျင်းပရေးကော်မတီ**

---

[illegible] Travel & Tour
[illegible]
01-566101, 09-73060048, 09-5036505

---

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်**
**ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့**
**ဒုတိယအကြိမ် ရိုးရိုးအဘိဓမ္မာနှင့် ပထမအကြိမ် ဂုဏ်ထူးဆောင်**

## အဘိဓမ္မာ ဓမ္မဒါန သင်တန်းဖွင့်လှစ်မည်

**သင်တန်းဖွင့်လှစ်မည့်နေရာ** - ရွှေဘုန်းပွင့်စေတီတော်၊ ဓမ္မသာလာ(သုံးထပ်ဓမ္မာရုံ)
**သင်တန်းဖွင့်လှစ်မည့်နေ့ရက်** - ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၆ရက် (တနင်္ဂနွေနေ့)
**သင်တန်းအချိန်** - စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် (၈း၃၀)နာရီမှ ညနေ (၄း၃၀)နာရီအထိ

သင်တန်းတက်ရောက်လိုသူများ ၂၅-၄-၂၀၁၅ရက် (စနေနေ့) ညနေ (၄း၀၀)နာရီ နောက်ဆုံးထား၍ ဓာတ်ပုံ(၂)ပုံနှင့်အတူ ဂေါပကအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

**မှတ်ချက်။ ။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။**

**ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့**
**ဖုန်း-၀၁-၂၉၀၄၂၅၊ ၀၁-၂၉၄၀၁၂**

---

အနှစ်(၄၀)ပြည့်မြောက်
[illegible]
၁၈-၄-၁၉၇၅ (မြန်မာနှစ်ဆန်း(၂)ရက်နေ့)

[illegible]

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၁၃၆၉ Toyota,Celsior UCF 31,S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုမာဦး ၁၂/မရက(နိုင်)၀၉၁၁၆၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

---

# " နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ "

**မြန်မာ့နှစ်သစ်အချိန်အခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်းစိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီးစီးပွားလာဘ်လာဘများတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။**

**ရှပ်ပျိုတိုင်းရင်းဆေး**
**ဂျူပီနိုင်းသောက်ရေသန့်**
**ရှပ်ပျိုကုမ္ပဏီလီမိတက်မိသားစု**

---

## နာရေးကူညီမှုအသင်း(ရန်ကုန်) နှစ်သစ်မင်္ဂလာဆုမွန်လွှာ

[illegible]

**နာရေးကူညီမှုအသင်း(ရန်ကုန်)**
[illegible]
Webat: ffssyangon.org, E-mail: info@ffssyangon.org, www.facebook.com/ffss.ygn

[illegible]

ပြည့်ကျော် စာသင်ဝိုင်း

ဆရာကြီး သင်္ချာ ဦးအောင်သောင်း၊ ပါမောက္ခဒေါက်တာနိုင်မေဦး (ငြိမ်း) မိတ္ထီလာ၊ တွဲဖက်ပါမောက္ခ ဒေါက်တာခင်လှိုင် (ငြိမ်း)၊ ဦးရှည်ထန်းမွန် M.A( English)၊ ဒေါက်တာသန်းထိုက်၊ ဒေါက်တာမွေ့ မွေ့ထိုက်၊ ဒေါ်ဖြူဖြူလေးဦး (B.Ed) တို့ ဦးစီးသည်။

ပြအမှတ် ၃၄ ဒီ + ၂ ကျောက်ကုန်းလမ်း ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ၀၉ ၂၅၀၃၅၅၀၃၁၊ ၀၉ ၂၅၉ ၂၈၆၅၂၅

မှုခင်း ရှေ့တော်ဂျာနယ် ဖတ်ကြစို့ ဖုန်း-01-397164, 01-9000017

သီရိကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း (သူငယ်တန်း ~ တက္ကသိုလ်ဝင်တန်း)

အဆင့်မြင့်ဘော်ဒါ (၅တန်းမှ၁၀တန်း)

ဝါရင့်ပါမောက္ခဆရာကြီးများ

ဆရာကျော်
ဆရာဦးတင်မျိုးဦး
ပါမောက္ခဆရာဦးအေးအောင်
တွဲဖက်ပါမောက္ခဆရာ Dr.U.T.A
ဆရာဦးစိုးမြင့်
တွဲဖက်ပါမောက္ခဆရာဘာBIO
ကထိကဆရာဦးစန်းဦး

Air-con အိပ်ဆောင်များ ...
English 4skills, Computer ...

ကျောင်းအပ်လက်ခံပြီ၊ ဖေလ(၇)ရက်ဖွင့်မည် Ferry ...

၆၆၊ ၁၅ရှ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ 09-73095664, 0933628776,09-5053874

Summer Special Programs
From March 5 to April 30
- Four skills English
- Computing
- Conceptual Maths
- Art & Music
- Sport & IQ Games

သင့်ရင်ခွင်ရွှေ သားငယ်တို့ ... ဘုန်းဂုဏ်ဘဝ လှပဖို့ ... ပညာရေးမှာ ရင်နှီးဖို့။

မှတ်ပုံတင်အမှတ် - ကကက ၁၃ / ၁၃ / ၁၂

ROYAL YRS နှစ်ကုန် "တော်ဝင်ကျောင်း"
Yangon Royal School
အဆင့်မြင့်ဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
ဖေ(၇)ဖွင့်မည်
Academic Year 2015-2016 ကျောင်းအပ်လက်ခံနေပါပြီ

အထက်တန်းသင်ကြားမည့် ဆရာဆရာမများ

| | |
|---|---|
| မြန်မာစာ | ဝက်ထူးဦးသိန်းနိုင် |
| | ဆရာမကြီးဒေါ်စန်းမြင့် |
| အင်္ဂလိပ်စာ | ဦးနေဘုန်(စိန်ပေါလ်)၊Dr.D |
| သင်္ချာ | ဦးသူရိန်၊ ဦးဇော် |
| ဓာတုဗေဒ | ဦးဇော်လင်းအောင် |
| ရူပဗေဒ | ဒေါက်တာဝင်းပေ |
| ဇီဝဗေဒ | ဦးကိုကိုနိုင် |
| ဘောဂဗေဒ | ဦးထွန်းမြင့်အောင် |

■ အမှတ် ၄၅၊ နဝရတ်လမ်း၊ နဝရတ်အိမ်ရာ (သာကေတအဝိုင်းအနီး)၊ သာကေတမြို့နယ်။ ဖုန်း ၀၉ ၄၂၀၀၃၃၇၆၅၊ ၀၉ ၂၅၀၈၀၄၀၉၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၆၆၃၃၉၊ Kanbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်ထူး ၁/မကတ(နိုင်)၀၈၀၈၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## စာအုပ်စာပေ လှူမိတ်ဆွေ

## ကန့်ကွက်နိုင်ပါသည်

ပဲခူးမြို့နယ်၊ ဉသျှာမြို့သစ်၊ မြေကွက်ကြီးအမှတ်(၂၄)၊ အိမ်ကွက်အမှတ်(၃၄၉)၊ ဉသျှာမြို့သစ်၊ မြေကွက်အကျယ်အဝန်း ပေ(၄၀×၆၀)မြေကွက် မြေနေရာချထားရေးကော်မတီ ပဲခူးမြို့မှ ဦးရွှေသိန်းအမည်ပေါက် နေရာချထားပေးသော မြေပါမစ်မှာ အမှန်တကယ်ရရှိပိုင်ဆိုင်ခဲ့ပြီး တာဝန်ကျရာဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးသွားပါသဖြင့် မြေပါမစ်ပြန်လည်လျှောက်ထားသည့်အပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်လင်းထိုက် LL.B** | **ဒေါ်ဇာဇာမြင့်ဆွေ LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၀၆)** |
| **ဖုန်း-၀၉-၄၅၀၀၄၈၀၂၁** | **အမှတ်(၈၄)၊ မင်းလမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့၊ ဖုန်း-၀၉-၂၅၅၇၇၉၀၉၀** |

## အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာ ၃၊ ဗိုလ်လင်းယုန်လမ်းရှိ ဉယျာဉ်ခြံမြေ ဒေါ်လုလုအမည်ပေါက် ခြံမြေကွက်အနက်မှ ပေ၆၀×ပေ၂၀ရှိ ခြံမြေအား ဦးစောမူးလယ်ထူးမှ အဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့ပြီးယင်းခြံမြေနှင့် ယင်းပေါ်ရှိအိမ်တို့အား သားအရင်း မောင်စောယိုရှူးသို့ ၁၀-၁၀-၁၄ ရက်တွင် ရပ်မိရပ်ဖများနှင့် အသိသက်သေများရှေ့ အပြီးအပိုင်ပေးအပ်ခဲ့ပါသည်။ ဖခင် ဦးစောမူးလယ်ထူး ပေးအပ်သည်ကို သားမောင်စောယိုရှူးနှင့်၎င်း၏အုပ်ထိန်းသူ ဒေါ်နော်ခလေးခူထူးတို့မှ လက်ခံရရှိကြောင်းနှင့် အထက်ပါ ခြံနှင့်အိမ်တို့အား မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်ခွင့်မရှိပါကြောင်း မောင်စောယိုရှူးနှင့်၎င်း၏အုပ်ထိန်းသူတို့မှသာ စီမံခန့်ခွဲပိုင်ဆိုင်မှုရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်ခလေးခူထူး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ LL.B အထက်တန်းရှေ့နေ(စဉ်-၂၉၆၆၀/၀၉)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

ဂရန်မူရင်းစာအုပ်အားပယ်ဖျက်ပြီးကြောင်း

## အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၁၂၃၀၊ မြေကွက် တည်နေရာအမှတ် ၁၂၃၀၊ ဗိုလ်ဥတ္တမလမ်း၊ ဒလမြို့နယ် ဒေါ်ရီရီ ၉/ပမန(နိုင်)၀၉၈၁၀၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရီရီကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံး လုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဒေါ်ရီရီ အမည်ပေါက် မြေငှားစာချုပ်အမှတ် ၂၉၇၉ (၂၈-၂-၉၇)ပါ ဂရန်(မူရင်း)စာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၂/ခ၊မြေကွက်တည်နေရာအမှတ်၂၂/ခ၊ ဝေပုလ္လ ၁လမ်း၊ ဦးသိန်းတင် ၁၂/ဥကမ(နိုင်) ၁၄၇၈၈၆ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးသိန်းတင်၊ မိခင် ဒေါ်လှသိန်း ကွယ်လွန်သဖြင့် ဦးဌေးဝင်းသိန်း ၁၀/သဖရ(နိုင်) ၀၄၄၇၈၅ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၆၄၁၊ မြေကွက်တည်နေရာအမှတ် ၆၄၁၊ နဝရတ်လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံ(မြောက်) ဦးသောင်းမြင့် ၁၂/ဥကတ(နိုင်)၀၈၄၃၁၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသောင်းမြင့်မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်း ထောက်ခံချက်နှင့် ကျမ်းကျိန်လွှာတို့တင်ပြပြီး နှစ် ၆၀ မြေငှားစာချုပ်ဂရန် မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက် ဆောင်ရွက်မည်ဖြစ်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပရိယတ္တိသာသနာနုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီး
## နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီးသည် မြန်မာပြည်အရပ်ရပ်မှကြွရောက်တော်မူကြသော ရန်ကုန်နယ်နိမိတ်အတွင်းရှိမြို့နယ်(၃၃)မြို့နယ်မှ ပရိယတ္တိစာချစာသင် သံဃာတော်အရှင်သူမြတ် (၂၀၀၀) ခန့်တို့အား [illegible] ... [illegible] ... နှစ်သစ်မင်္ဂလာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနာနုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီး
အမှတ်(၇၃/၇၉)(စ၉)အထက်ကြည့်မြင်တိုင်လမ်း၊ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁ ၅၃၇၉၂၈၊ ၀၁ ၅၂၃၈၉၄ ၀၁ ၅၃၈၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

## ဖခင်ကြီး(၁)နှစ်ပြည့်၊ မိခင်ကြီး(၁၃)နှစ်(၃)လပြည့် အလှူဒါနကောင်းမှုကုသိုလ်

ဘုရား၊ ကျောင်း၊ သာသနာ့မြေ၊ ဆွမ်းဒါယကာ ဖခင် ဒုဗိုလ်မှူးကြီး ဖေယျကျော်ထင် တင့်ရှိန်(ငြိမ်း)လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်
(၁၆-၄-၂၀၁၄) မှ (၁၆-၄-၂၀၁၅)(ပြည်မြို့)
မိခင်-ဒေါ်ညွန့်ညွန့်အေး
(၂၃-၁-၂၀၀၂)မှ (၁၆-၄-၂၀၁၅)(မအူပင်မြို့)
အကိုင်းအခက်ဝေဆာစွာ အရိပ်အာဝါသပေးသော ညောင်ပင်ကြီးကဲ့သို့ မိသားစုနှင့် ဆွေမျိုးမိတ်သင်္ဂဟများအပေါ် မေတ္တာအရိပ်အပြည့်အဝပေးခဲ့သည့် ကျေးဇူးရှင်ဖခင်ကြီး မြင့်မြတ်သောဘုံသို့ ကူးပြောင်းသွားသည်မှာ တစ်နှစ်ပြည့်ခဲ့၍ ကျေးဇူးရှင်မိခင်ကြီး မြင့်မြတ်သောဘုံသို့ ကူးပြောင်းသည်မှာ (၁၃)နှစ် (၃)လရှိခဲ့ပါပြီ။ မိဘနှစ်ပါးအတွက် ရည်စူး၍ အလှူအတန်းများပြုလုပ်ခြင်း၊ သံဃာတော်အပါး ၁၂၀ တို့အား ဆွမ်းဆက်ကပ်ခြင်း၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုလုပ်၍ အမျှအတန်းပေးဝေပါ၏။ မိဘနှစ်ပါး မြင့်မြတ်သော ဘုံမှ သာဓုအနုမောဒနာခေါ်နိုင်ကြပါစေ။

**ကျန်ရစ်သူမိသားစု**

**သမီးများ - ဒေါ်ဝင်းစန္ဒာတင့်ရှိန်**
**- ဒေါ်မေသန့်ဇင်(ခ)ဒေါ်သဇင်တင့်ရှိန်**
**- ဒေါ်ဥမ္မာတင့်ရှိန်**
**- ဒေါ်သီဂီတင့်ရှိန်**
**- ဦးအောင်ဖုန်း-ဒေါ်မိုးသူဇာတင့်ရှိန်**
**မြေးများ - မစကေရီမျက်သွယ်၊ မောင်ရန်ငြိမ်းအောင်၊ မမေသူလွင်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး ဒေါ်နုနုယဉ် (မအူပင်) အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဒေါနလမ်း၊ ခြံအမှတ် ၁၁နေ (မအူပင်ဦးမြမောင်-ဒေါ်ခင်ရီ)တို့၏သမီးငယ်၊ (ဦးခင်မောင်-ဒေါ်ရီရီ)တို့၏သမီးချွေးမ၊ (ဦးနေဝင်း-ဒေါ်ကျင်ရှု)၊ ဦးညီညီနိုင်-ဒေါ်မိုးစပယ်မြင့်တို့၏ညီမ၊ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း)၏ ဇနီး၊ မောင်သန့်လွင်မောင်၊ မောင်မျိုးမောင်မောင်၊ မသဥ္ဇာဦးတို့၏ချစ်လှစွာသောမိခင်သည် ၁၂-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၅ ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၄-၂၀၁၅ရက် (စနေနေ့)နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၇၉၈၇၉၊ Zongshen 110,M/C ယာဉ်လက်ဝယ်ရှိသူ မောင်ရီ ၉/မနတ(နိုင်)၀၈၃၆၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်နန်းကြာလီ (ကျောက်မဲ)
### (ဒါရိုက်တာ၊ Oriental High Way Co.,Ltd.)
### အသက်(၅၆)နှစ်

ကျောက်မဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ရွှေဖီဦးလမ်းနေ (ဦးဝမ်ဖျင်)-ဒေါ်နန်းရွှေကြာတို့၏သမီး၊ (ဦးလီစိန်ထန်း-ဒေါ်ဟွာမေကော)တို့၏ သမီးချွေးမ၊ ဦးတင်မြင့်၏ ချစ်လှစွာသောဇနီး၊ ကိုဖုန်းမြတ်မော်-မသဥ္ဇာဖြူဝင်း၊ မအေးမြတ်မွန်တို့၏မိခင် မြေးသုံးယောက်တို့၏အဘွား ဒေါ်နန်းကြာလီ (ဒါရိုက်တာ၊ Oriental High Way Co.,Ltd.) သည် ၁၅-၄-၂၀၁၅ရက် ၁၂း၁၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**BOD အဖွဲ့နှင့် ဝန်ထမ်းများ**
**National Infrastructure Holding Co.,Ltd.**
**Oriental High Way Co.,Ltd.**
**Win Myint Mo Industry Co.,Ltd.**
**Majority Power Ltd.**

## ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၄)၊ မြေကွက်အမှတ်(၁/ခ B)၏ တစ်စိတ်တစ်ဒေသ(၁/ခ B-၁၄၄) မြေကွက်တည်နေရာအမှတ်(၇၉၀)၊ အောင်သုခလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်ရွာမြေအမည်ပေါက် အောင်စေတီဂရန်ပေးရေး စီမံချက်အတွင်းမှ ဧရိယာ ၂၉ ဒသမ ၅၃၆ ဧကအနက် ၀ ဒသမ ၀၄၆ ဧကအား ဒေါ်သီတာညွှန့် ၁၂/အစန(နိုင်)၁၃၇၅၉၁ မှ အရပ်ကတိအရောင်းအဝယ်စာချုပ်တင်ပြ၍ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/ရန်ပြေ၊ မြေကွက်အမှတ်၁၃၀၀/ခ၊ မြေကွက်တည်နေရာအမှတ် (၁၃၀၀/ခ)၊ လမ်း ၂၀အရှေ့၊ ၃/ရန်ပြေရပ်ကွက်ရှိ (ဦးမောင်ရှင်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ရှင် (ဖခင်) နှင့်ဒေါ်စန်းရင်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဒေါ်အမာတင် ၁၂/သကတ(နိုင်)၀၄၄၅၇၀၊ ၂။ ဒေါ်အေးသန်း ၁၂/သကတ(နိုင်)၀၄၀၆၄၈၊ ၃။ ဦးဌေးသိန်း၁၂/သကတ(နိုင်)၁၈၈၃၉၀၊ ၄။ ဒေါ်ခင်မာချို ၁၂/သကတ(နိုင်)၀၄၀၃၃၄ တို့မှ သေစာရင်း၊ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ကို မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခေါင်နော ၁/မကတ(နိုင်)၀၅၂၇၃၈ နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သည့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ ၅ လမ်း၊ အမှတ် ၆၉ နေ ဦးအောင်ထွန်းလင်း ၁၂/မဂဒ(နိုင်)၁၀၆၆၄၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာ၊ ကွင်းအမှတ်-ပြင်၊ ကွင်းအမည်-အင်းမ၊ ဦးပိုင်အမှတ် ၁၅/၂ ဟု သတ်မှတ်သည့် ဧရိယာ ၈ ဒသမ ၇၂ ဧကအကျယ်ရှိ ယာမြေမှာ ကျွန်ုပ်၏မိတ်ဆွေ တရားဝင်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသည့် မြေဖြစ်ပါသည်။ ထိုမြေအား ကျွန်ုပ်၏မိတ်ဆွေက ဒေါ်ခေါင်နောသို့ တရားဝင်ရောင်းချရန် ၂၃-၁၁-၂၀၁၄ ရက်တွင် သဘောတူညီခဲ့ပါသော်လည်း ဝယ်ယူမည့်သူ ဒေါ်ခေါင်နော၏ တာဝန်ပျက်ကွက်မှုကြောင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုမည့် ကာလအား တိုးမြှင့်ပေးခြင်း၊ အကြောင်းကြား နို့တစ်စာပေးပို့ခြင်းစသည့်အခွင့်အရေးများအား အကြိမ်ကြိမ် လိုက်လျောပေးအပ်ခဲ့ပါလျက် ဒေါ်ခေါင်နောက ဆောင်ရွက်ခြင်းမရှိ တမင်ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ခေါင်နောတို့၏ အဆိုပါမြေအား အရောင်းအဝယ်ပြုရန် သဘောတူညီချက်မှာ ဒေါ်ခေါင်နော၏ ပျက်ကွက်မှုကြောင့် ပျက်ပြယ်ခဲ့ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်စာပိုဒ် အကျယ်တဝင့်ဖော်ပြပါ(၈ ဒသမ ၇၂)ဧကရှိ ယာမြေအား တရားဝင် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိထားသူ ကျွန်ုပ်၏မိတ်ဆွေကိုယ်တိုင် လွှဲပြောင်းမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကျူးကျော်နေထိုင်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်ခြင်း၊ ပေါင်နှံရောင်းချခြင်းစသည့်ဆောင်ရွက်ခြင်းများ လုံးဝမပြုပါရန်နှင့် ဆောင်ရွက်ခဲ့ပါက မည်သူကိုမဆို ပြဋ္ဌာန်းဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ဒေါ်ခေါင်နောနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြိုးပပဝင်း LL.B**
**WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၂/၂၀၁၂)**
**A-7၊ အား/ကာ တိုက်တန်း၊**
**မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၅၀၁၂၈၊ ၀၉-၇၉၇၇၇၂၄၉၇**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ရှိတိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့် ဝယ်ယူထားသူကမှ သမီးသို့မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့်ရရှိထားသူမှ တိုက်ခန်းအမည် ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကစာရွက် စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ပူစီ ၁၂/ကမရ(နိုင်)၀၄၇၄၁၇(မှ) | ဒေါ်တင်ညွှန့် ၁၂/ကမရ(နိုင်)၀၄၇၄၂၈ | တိုက်(၁)၊အခန်း(၁၀)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၀၊ မြေကွက်အမှတ် (၄၇၅/က)၊ မြေကွက်တည်နေရာအမှတ် (၄၇၅/က)၊ ၁၅လမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင် ဦးထွန်းမြင့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြင့် ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/ဥကတ(နိုင်)၀၈၅၄၈၄ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်နှင့်အရောင်း အဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ မြေကွက်အမှတ် ၅၀၂/ခ၊ မြေအမည်ပေါက် ဦးနန်ဒိုတုန်း ၄/တတန(နိုင်)၀၀၃၇၄၃ ၏ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၆)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ရှိတိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကစာရွက် စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်လှမြင့်သန်း ၁၂/မဂတ(နိုင်)၀၆၅၉၁၇ | ဦးညီညီအောင် ၁၂/ဗတထ(နိုင်)၀၁၀၀၆၀ | အခန်းအမှတ်(၉-A)၊ ဆင်မလိုက်ဈေးကွန်ဒို၊ ကမာရွတ်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ဒေါ်မြင့်မြင့်
### အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ် ၂နေ ဦးစံလွင်၏ဇနီး၊(ဦးချိန်စွန်း-ဒေါ်အုန်းကြည်)တို့၏သမီးကြီး၊ (ဦးခင်မောင်ဝင်း-ဒေါ်ညွန့်ညွန့်)၊ (ဒေါ်နှင်းနု)တို့၏အစ်မ၊ [ဒေါ်လှလှဝင်း၊ ကျောင်းအုပ်ဆရာမကြီး၊ အလက(၄)အင်းစိန်]၊ (ဦးလှိုင်မြင့်)-ဒေါ်မြမြဝင်း၊ ဒေါ်မာမာဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊နေပြည်တော်)၊ ဒေါက်တာရီရီဝင်း(ပါမောက္ခ-ဌာနမှူး၊ ရက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ဦးစိုးပိုင်-(ဒေါ်လှလှဦး)တို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်မြင့်မြင့်သည် ၁၅-၄-၂၀၁၅ရက် နံနက် ၉း၃၈နာရီတွင်လူကြီးရောဂါဖြင့်ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၅း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်ကြည် (ရွှေပြည်စိုး၊ ညောင်ဦးမြို့)

သန်းကြွယ်၊ အောင်ကျော်မိုး၊ ထွန်းဇော ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ ပန်းချယ်ရီလမ်း၊ အမှတ် ၁၂နေ (ရေမျက်သူကြီး ဦးဘဖေ-ဒေါ်မြလှိုင်)တို့၏သမီး၊ (ဦးအောင်သန်း)၏ဇနီး၊ ဦးသန်းဌေး(ဒုတိယညွှန်ကြားရေးမှူး၊သစ်တောဦးစီးဌာန၊နေပြည်တော်)-ဒေါ်ခင်နှင်းအောင်၊ဦးမြင့်ဆန်း-ဒေါ်လဲ့လဲ့ခိုင်၊ဦးဇော်ဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ နေပြည်တော်)-ဒေါ်သန်းသန်းနုတို့၏မိခင်၊ မသီရိသူသူ၊ ကိုကောင်းခန့်ကျော်(ခေတ္တ-USA)၊ မစုလှိုင်မြင့်၊ မောင်ရဲမြင့်အောင်၊ မောင်ဘုန်းဇော်မြင့်၊ မဝေဖြိုးသူ၊ မောင်ဟိန်းဇော်ထွဋ်တို့၏အဘွားသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောမိုက်ကယ် (မီကီလေး)
### အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၁၇ (က) နေ (ဦးစောဝီလျံ-ဒေါ်မေရီနီနီမာ)တို့၏သားကြီး၊ (ဦးချစ်လှိုင်-ဒေါ်ခင်ဝင်း)တို့၏သားသမက်၊ဦးဌေးလွင်(Uniteam)-ဒေါ်ကိုရင်းကေခိုင်၊(ဦးကြည်လင်)-ဒေါ်တင်လေးခက်တို့၏အစ်ကို၊ ဦးကျော်မြင့်၊ ဦးတင်ဝင်း-ဒေါ်ညိုညို၊ (ဒေါ်ဝင်နီမတ်ခ်)တို့၏တူ၊ မိုးသန္တာခိုင်(Apple)၊ ယွန်းရွှေရည်လွင် (Strawberry)တို့၏ဘကြီး၊ နော်အင်ကြင်း(Honey)၊ နော်ဆုရတနာ(Sweety)တို့၏ဖခင်၊ ဒေါ်သက်လှိုင်ဦး၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ်ဆုတောင်းခြင်းကို ၂၁-၄-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ ရှင်မိက္ခေလ ဘုရားကျောင်း၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## Pa Nang Suan Dal
**(Man Lun Beh)**
**SAT (Retired)**
### အသက်(၆၃)နှစ်

ချင်းပြည်နယ်၊ ကျီခါးမြို့နေ [Pu Gin Za Kham-PiHuai Zen (Tongang)]တို့၏သား၊ ဦးခမ်ဆွင်းပေါင်(လ/ထ အင်/ယာ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဟားခါးမြို့)-ဒေါ်ကျင်းခေါ်လ်ညောင်(အထက်တန်းသူနာပြု၊ ပြည်သူ့ဆေးရုံ၊ ဟားခါး)၊ ဒေါ်ဝုန်ခေါ်လ်ကျိန် LHV-တီးဘွါလ်း - ဒုတပ်ကြပ် သိန်းဝင်း (တီးတိန်မြို့)၊ ဒေါ်ဇင့်ဇမ်ဝုန်-ဆရာဦးခင်ကိတ် (Principal, FGBTC ရန်ကုန်)၊ တာန်မန်ဇမ်ကိမ်း (ခေတ္တ-USA) (တာန်ကမ်ထွန်ပြောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟားခါးမြို့)တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်မန်ခေါ်လျန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၄-၂၀၁၅ရက် နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက်တွင် ကျီခါးမြို့ ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ဝင်း
### အသက်(၆၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ သုဇာတာလမ်း၊ အမှတ် ၃၃/၂၊ မြေညီထပ်နေ (ဦးလူချီကွန်း-ဒေါ်နီ)တို့၏သမီးကြီး၊ (ဦးတင်အေး) (နန်းမြင့်ဆောက်လုပ်ရေး)၏ချစ်လှစွာသောဇနီး၊ဦးကျော်မြင့်-ဒေါ်မိမာ၊ ဦးမျိုးမြင့်-ဒေါ်တင်တင်စိန်၊ ဦးရဲသူရ-ဒေါ်ဝါဝါချို၊ ဦးကျော်ကျော်ဦး-ဒေါ်အေးအေးသက်တို့၏အစ်မ၊ ကိုအောင်နိုင်ဝင်း-မခိုင်ညွန့်သက်၊ ဒေါက်တာဖြိုးဝေသော် - ဒေါက်တာစိုးစိုးသက်တို့၏ချစ်လှစွာသောမိခင်၊ မောင်အောင်သက်ဖြိုး၏အဘွားသည်၁၆-၄-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ တန်ဆောင်းနှင့်ခနဲဖြူမြို့ ရတနာစန်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏မူလအလှူရှင် ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်(ခ)ဒေါ်အေးမြင့် (ခနဲဖြူ)
### အသက်(၉၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊(၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၃၀၊ တိုက်(A) နှစ်လွှာ၊ A/B နေ (ဦးအေးဖေ-ဒေါ်သန်းတင်)တို့၏သမီးကြီး၊ (ဒေါက်တာဦးစောလွင်)-ဒေါက်တာခင်အုန်းလွင်၊ (ဗိုလ်ကြီးထွန်းခင်)-ဒေါ်ခင်လှလှ၊ ဒေါက်တာဦးလှချို-ဒေါ်မိမိအေးတို့၏အစ်မ၊ (ဦးဖေမြတ်-ဒေါ်စိမ်းလွင်)၊ ဒေါ်ဖြူဖြူလွင်၊ ဦးတိုးလွင်-ဒေါ်ပိုးပိုးမြင့်၊ ဦးစိုးပိုင်-ဒေါ်မြတ်မဋ္ဌူ၊ ဦးတိုးတိုးလွင်-ဒေါ်မြတ်စပယ်၊ ဦးရဲတင်-ဒေါက်တာဒေါ်မြတ်သဇင်၊ ဦးမြတ်သူရ-ဒေါ်မြမြကျင်၊ ဦးမြတ်သူရိန်-ဒေါ်ခင်သန္တာ၊ ဦးမျိုးမင်းအောင်-ဒေါ်ချိုချိုသဲဦး၊ ဦးကျော်သာထက်-ဒေါ်ခိုင်မွန်ချိုတို့၏ကြီးကြီး၊ မောင်မြတ်မျိုးသက်နိုင်-မသွယ်မိုးထွန်း၊ မောင်ဆက်မင်းဉာဏ်၊ မောင်ရဲသူတင်၊ မမေဦးတင်၊ မောင်လူမော်ဟန်-မဖြူဖြူခိုင်၊ မောင်ငြိမ်းချမ်းစိုးပိုင်၊ မောင်သုတလွင်၊ မောင်ရှိန်းမြတ်၊ မောင်ခန့်မြတ်သူ၊ မောင်ဉာဏ်မြတ်အောင်၊ မခိုင်မဋ္ဌူဟန်တို့၏ဘွားဘွားကြီးသည် ၁၆-၄-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါ်ချစ်မှီ (ဖြူဖြူ)

ငွေစာရင်းဌာန၊ မြန်မာ့ဆိပ်ကမ်းကော်ပိုရေးရှင်း

### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊အမှတ် ၂၄၊ ကန်လမ်းနေ(ဦးဖိုးချစ်-ဒေါ်ချစ်ရီ)တို့၏သမီး၊ ဦးတင်လှ(ရွှေတောင်)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးတင်မောင်သန်း(ငြိမ်း)-ဒေါ်တင်အောင်၊ ဦးတင်အောင်ချစ်-ဒေါ်ရှယ်လီစမယ်လီတို့၏ချစ်လှစွာသောမိခင်၊ ဆရာမဒေါ်မြမြလေး(ငြိမ်း)၊ ဒေါ်မိုးမိုးအေးတို့၏အဒေါ်၊ Capt ကျော်လင်းသန်း(Uniteam)-မအေးမြတ်မြတ်သက်၊ မငွေလင်းမြတ်ချစ်(ခေတ္တ-ဆွီဒင်)၊ မအေးကေသီကျော်၊ ကိုဇင်လင်းထက်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၄-၂၀၁၅ရက် (တနင်္လာနေ့)ည ၁၀း၁၅နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ရွာမ ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## တိုင်းရင်းဆေးဆရာကြီး ဦးခင်မောင် (ဘားအံ)
### အသက်(၈၅)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ (၉)ရပ်ကွက်၊ ရေကျော်လမ်းခွ၊ အမှတ် ၂၃၄/၂၃၅နေ ဒေါ်ရင်ကြိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကျော်ဝင်းစိန်-နန်းနုနုအေး၊ စောဝင်းညွန့်-နော်အဲလ်ဌေး၊ (စောရွှေဝင်း)-နန်းတင်တင်ဝင်း၊ စောသန်းစိုးဝင်း-ဒေါ်မာမာဝင်း၊ နန်းဝင်းသန္တာအောင်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ကော့ရားမွန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၅ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်သန်းထွေး
(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)

### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၁၉၊ အခန်း ၁၁နေ (ဦးထွန်းရင်-ဒေါ်စိန်တုတ်)တို့၏သမီး၊ (ဦးဘိုးစုံ-ဒေါ်အေးလှ)တို့၏သမီးချွေးမ၊ ဦးအောင်တင် (MEIS၊ ငြိမ်း)၏ဇနီး၊ (ဦးဇော်ထွန်းအောင်)-Ms Yoko Kono ၊ ဦးထင်ကျော်(I.E.M, Co., Ltd.)-ဒေါ်ခင်သက်ဝေတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## တပ်ကြပ်ကြီးဝင်းခိုင်(ငြိမ်း)
**Sgt; Neng Za Lian(Rtd;)**
**Tui Cin Lui Khwa**
### အသက်(၄၇)နှစ်

တီးတိန်မြို့နယ်၊ တွီးကျင့်လွယ်ကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ မေတ္တာလမ်းနေ Pu Khen Khaw Kai-Pi Man Go Ciin တို့၏ သားကြီး၊ (မဆရ-၆)တပ်ကြပ်ကြီး Pau Khan Thang, Lia Don Suan Cing (ခ) မနုနုခိုင် (Tokyo in Myanmar အထည်ချုပ်စက်ရုံ)၊ Lia Don Hau Cing (ခ)မအေးအေးခိုင်၊ Nu Ciin Ngaih Lian - ဦးပြည့်ဖြိုးနိုင်တို့၏ အစ်ကိုကြီး၊ Tang Kai Khen Mund (ခ)မောင်စောရန်နိုင်၏ဖခင်သည် ၁၆-၄-၂၀၁၅ရက် ညနေ ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ဖော်ပြပါနေအိမ်နှင့် ဝါယာလက် မှတ်တိုင်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးစိုးမြင့်(တရားရုံးချုပ်ရှေ့နေ)
ဘာသာပြန်ချုပ်ဟောင်း(ငြိမ်း)
(ဗဟိုတရားရုံး)

### အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်အိမ်ရာ၊ တိုက် ၂၁၊ အခန်း ၂နေ (ဦးအေးမောင်-ဒေါ်သန်းတင်)တို့၏သားကြီး၊ ဦးမြင့်အောင်-(ဒေါ်ငွေသောင်း)၊ ဦးဘိုးငြိမ်း-ဒေါ်တင်မြိုင်၊ ဦးအေးသိန်း-ဒေါ်ဆန်းမြင့်၊ ဦးအေးသောင်း-ဒေါ်တင်ငြိမ်း၊ ဦးမြင့်စိုး-ဒေါ်သက်သက်ဆွေတို့၏ အစ်ကို၊ (ဒေါ်အုံးအုံး)၏ခင်ပွန်း၊ မောင်အောင်ကျော်စိုး-မအိသူဇာလှ၊ မခင်သီတာစိုး၊ မောင်နိုင်လင်းစိုးတို့၏ဖခင်၊ မောင်လင်းဆက်ပိုင်၊ မောင်ဖြိုးခန့်ကျော်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးထွန်းလှအောင်(ခ)
## ပေါက်စ

ဒုလက်ထောက်အကောက်ခွန်မှူး(ငြိမ်း)

### အသက်(၅၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်ဇေယျလမ်း၊အမှတ် ၅/၅၀နေ(ဦးလှအောင်)-ဆရာမကြီး ဒေါ်လီလီဘတို့၏သား၊ ဒေါ်ခင်အေးယုအောင်(TTC)၊ ဦးဖုန်းဝေ (ဒုစက်ရုံမှူး) - ဒေါ်ခင်ချိုအေး (အထက-၁၊ မင်္ဂလာဒုံ)၊ ဦးမန်းသင်္ကြန်-ဒေါ်နန့်အေးမိအောင်တို့၏ညီ/မောင်၊ ဒေါ်အေးမိစံ၊ ဦးလှမျိုးဦး(ဒု/ညွှန်၊ ဗဝတ) - ဒေါ်ဆန်းကေသီထွေးတို့၏အစ်ကို၊ တူ၊ တူမ ခုနစ်ယောက်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## လူရွှေဟွာ(ခ)လူလင်စူး
## (ခ) ဦးမိုင်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆) ရပ်ကွက်၊ အမှတ် ၁၅၄၊ လသာလမ်းနေ (ဒေါ်မေရင်) လပ္ပတ္တာ၏ ခင်ပွန်း၊ ကိုဘုန်းကျော်-လူစင်မင်း၊ ကိုမောင်မြင့်-မခင်အေးလှိုင်၊ ကိုမောင်ဝင်း-မတင်တင်ဝင်း၊ ကိုကျော်အောင်-မစန်းစန်းရီ၊ ကိုအောင်ကျော်ဦး-မအေးမီတို့၏ဖခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၃း၀၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးစိုးမြင့် (ဘိုကလေး)
(သ/မဦးစီးအရာရှိ၊ ငြိမ်း)

### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ ၂ လမ်း၊ အမှတ် ၂၃၃နေ (ဦးအောင်သိန်း-ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးစိုးတင့်(ရွှေသီဂီ ဆန်ရောင်းဝယ်ရေး) - ဒေါ်ယဉ်ဌေး (အမက-၆၊ ကျောက်တံတား)၊ ဦးမျိုးသန့်ကျော်-ဒေါ်ဥမ္မာ၊ ဦးအောင်အောင်-ဒေါ်အေးအေးမြင့်၊ ဒေါက်တာစောမာလာ (ခေတ္တ-ဂျပန်)တို့၏ဖခင်၊ မောင်အောင်ကိုမော်(အထက-၅၊ ဗိုလ်တထောင်)၊ မောင်လင်းသူရကျော် (အထက-၂၊ ဗိုလ်တထောင်)၊ မသဲနန္ဒာစု(အထက-၂၊ လသာ)တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးမြင့်သန်း(မိုး/ဇလ၊ ငြိမ်း)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ကြီး-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၆၉၃နေ ဒေါ်သန်းစိန် (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးကြည်ဦး) - ဒေါ်ကြည်ကြည်ခိုင်၊ ရဲအုပ်မြတ်သိန်းမိုး - ဒေါက်တာဒေါ်ခင်ခင်လတ်(ကထိက၊ ဓာတုဗေဒဌာနရန်ကုန်တက္ကသိုလ်)၊ ဦးထွန်းအောင်ကျော်(မင်းဇာနည်ကုမ္ပဏီ)-ဒေါ်နှင်းအိခိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၁၅ရက် ညနေ ၄း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၁-၄-၂၀၁၅ရက် ညနေ ၅နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစင်မင်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၆လမ်း၊ အမှတ် ၁၂၂/ခ(မြေညီထပ်)နေ (ဦးမောင်စန်း-ဒေါ်ခင်အေး-ဒေါ်ရှုလျံ)တို့၏သားကြီး၊ ဒေါ်ခင်ရွှေ၏ခင်ပွန်း၊ (ဦးထွန်းမြင့်)-ဒေါ်ကျင်လှ၊ (ဦးကြည်မင်း)-ဒေါ်ရင်ရင်နွဲ့၊(ဦးကော့ဘိန်း)-ဒေါ်အေးအေးသွင်တို့၏အစ်ကို၊ မခင်စန်းအေး၊ (ကိုခင်မောင်အေး)၊ မခင်မိုးအေး-ကိုထွန်းစိန်၊ ကိုခင်မောင်လှ၊ မခင်နှင်းအေးတို့၏ဖခင်၊ တူ၊တူမ ခုနစ်ယောက်တို့၏ဘကြီး၊ မြေး နှစ်ယောက်တို့၏အဘိုးသည် ၁၆-၄-၂၀၁၅ရက် ညနေ ၃း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ည ၈နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးထွန်းအောင်(ရဲအုပ်-ငြိမ်း)
(ဒုရဲအုပ်လောင်း၊ အပတ်စဉ်-၁၅)

### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၁၆၀၊ ခြောက်လွှာနေ (ဦးဘပု-ဒေါ်မမကြီး)တို့၏သား၊ (ဦးကျော်ရှင်း - ဒေါ်စောကြည်)တို့၏သားသမက်၊ ဒေါ်ခင်ချိုမာ(ခ)မသက် (မန်နေဂျာ-MICS၊ ငြိမ်း)၏ခင်ပွန်း၊ မထက်ထက်အောင်၊ မောင်ထွဋ်ဦးဝေတို့၏ဖခင်သည် ၁၇-၄-၂၀၁၅ရက် နံနက် ၁၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြည်(ဒိုက်ဦး) (စာရေးဆရာကျော်စိုး)

ဗိုလ်မှူး(ငြိမ်း) ရေ-၃၀၄၅၊ ဌာနကြီးမှူး(ပါတီစာနယ်ဇင်း)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ အမှတ် ၈၂၊ ကျွန်းရွှေမြိုင်လမ်းနေ ဒေါ်ခင်လှရီ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဥမ္မာကြည်(ငြိမ်း) စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဦးကျော်စွာကြည်(UNITEAM)-ဒေါ်သီတာရွှေ၊ (ဦးအောင်မြင်ကြည်)၊ ဦးညီညီ-ဒေါ်စန္ဒာရီ၊ ဒေါ်ကြည်ချယ်ရီ(စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးဇော်အောင်-ဒေါ်ဇင်ကြည်ရီ၊ (ဦးတေဇာအောင်ကြည်)၊ ဦးပြည့်ဝန်းဇော်-ဒေါ်စောစန္ဒာနွယ်၊ ဦးပညာအောင်ကြည်၊ ဦးသီဟအောင်ကြည်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ကိုဝဏ္ဏကျော်စွာ-မဇာလီကျော်၊ ဒေါက်တာကျော်သူအောင်၊ ဒေါက်တာမို့မို့ကျော်စွာ(AIR BAGAN) မောင်အောင်စိမ်းလှတို့၏ချစ်လှစွာသောအဘိုးသည် ၁၅-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်းရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ကြည်(ဒိုက်ဦး) (စာရေးဆရာကျော်စိုး)

ဗိုလ်မှူး(ငြိမ်း)(ရေ-၃၀၄၅)
မော်ကွန်းဝင်တတိယဆင့်
ဌာနကြီးမှူး(ပါတီစာနယ်ဇင်း)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ အမှတ် ၈၂၊ ကျွန်းရွှေမြိုင်လမ်းနေ (ဦးလှမောင်-ဒေါ်နှင်းမြိုင်)တို့၏သား (ဦးစံဒွန်း-ဒေါ်ဒေါ်စွဲ့)တို့၏သားသမက်၊ (ဦးညွန့်မောင်-ဒေါ်ခင်ကြည်)တို့၏မောင်၊ (ဦးတင်အောင်စော)-ဒေါ်အုန်းကြည်၊ ဦးမြင့်ကြည်-ဒေါ်သန်းမြင့်၊ ဦးသိန်းကြည်-ဒေါ်ရင်ရင်မြင့်တို့၏အစ်ကို၊ ဒေါ်ခင်လှရီ၏ခင်ပွန်းသည် ၁၅-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၅ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးထင်လင်းသိုက်(ခ)ဦးတေဇောဘာသ(ခ)ရဲနီ
(အထက်တန်းရှေ့နေ)

### အသက်(၃၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ အမှတ် ၈၄၈နေ (စာရေးဆရာ သခင်မြသန်း-ဒေါ်အမာ)၊ (ဦးစိန်ကြူး)-ဒေါ်ခင်စိန်တို့၏မြေး၊ ဦးခင်မောင်ကြူ(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်စီစီသန်း (Capital life Insurance)တို့၏တစ်ဦးတည်းသောသား၊ ဒေါ်မေဇင်လတ်(ရွှေတောင်ကုမ္ပဏီ)၏ချစ်လှစွာသောခင်ပွန်းသည် ၁၅-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးအောင်
### အသက်(၇၆)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးလှတင်-ဒေါ်ငယ်)တို့၏သား၊ မအူပင်မြို့နေ (ဦးအေးမောင်-ဒေါ်သီလှ)တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ဇေယျာခေမာလမ်း၊အမှတ် ၅၀၀နေ [ဒေါ်ရွှေအေး(ခ)ဒေါ်မြင့်မြင့်]၏ခင်ပွန်း၊ ဒေါ်ခင်ရွှေ၊ ဦးသိန်းရွှေ-ဒေါ်ငွေစိန်၊ ဦးထွန်းစိန်-ဒေါ်လှရှိန်၊ (ဒေါ်ငွေကြည်)၊ ဒေါ်သိန်းတို့၏အစ်ကို၊ မချိုချိုအောင်၊ (ကိုမျိုးဦး)၊ ကိုကျော်ကျော်နိုင်-မစန်းစန်းဝေ၊ ကိုကျော်နေစိုး-မရီရီအောင်၊ မောင်ရဲအောင်-မဆွေဆွေအောင်၊ မောင်ဇေယျာအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) နံနက် ၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်ချိုမာသိန်း
**B.E (Mech)**
### အသက်(၅၁)နှစ်

ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အနောက်အောင်မြေသာစည် အိမ်ရာ၊ တိုက် ၁၅၊အခန်း၅၀၃နေ(ဦးခင်သိန်း)-ဒေါ်တင်တင်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏သမီး၊ ဦးသစ်လွင်ငြိမ်း၏ဇနီး၊ဒေါ်နွယ်နီသိန်း(အထပြ၊အထက-၂၊ ကမာရွတ်)၊ ဒေါက်တာဒေါ်ဥမ္မာသိန်း (ပါမောက္ခ၊ ဌာနမှူး၊ ဝါဏိဇ္ဇဗေဒဌာန၊ မိတ္ထီလာ စီးပွားရေးတက္ကသိုလ်)တို့၏ ညီမ၊ဒေါ်ခင်လက်လက်သိန်း၊ ဦးမောင်မောင်ဝင်း(ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ် ကျေးလက်ဦးစီးဌာန) - ဒေါ်ခင်နီလာသိန်းတို့၏အစ်မ၊မဆုဆုစံ(G-10၊ အထက-၂၊ ကမာရွတ်)၊ မောင်ဖြူစင်မျိုးမြတ်(G-8၊ အထက-၂၊ကမာရွတ်)၊ မောင်ဖြူစင်မြင့်မြတ်(G-8၊ အထက-၂၊ကမာရွတ်)တို့၏မိခင်သည် ၁၄-၄-၂၀၁၅ရက် (အင်္ဂါနေ့) ည ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြမြသိန်း

အိုးအိမ်ဦးစီးဌာန(ငြိမ်း)

### အသက်(၈၄)နှစ်

ပဲခူးမြို့နေ(ဦးသိန်းဖေ-ဒေါ်မြင့်မြင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၂၈၊ မြေညီ၊ ၈၈လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှတင်)(တပ်မတော်-ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကျော်စွာ-(ဒေါ်တင်တင်နွဲ့)တို့၏အစ်မ၊ ဦးဝင်းအောင်တင်-ဒေါ်လွင်လွင်ကျော်၊ ဦးတင်ဝင်း-ဒေါ်မော်မော်တင်တို့၏မိခင်၊ မောင်ဆက်ထွဋ်တင်(CTI, NCL,USA)၊ မခင်ဦးသစ္စာတင်(CORE TEAM, KBZ Bank)တို့၏အဘွားသည် ၁၆-၄-၂၀၁၅ရက် ညနေ၄း၁၀နာရီတွင်ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းစန်းလွင် (ချစ်ချစ်)

အထပြ(ငြိမ်း)၊ အထက(၁)ဒေါပုံ
**St.Francis** အထက(၄)တာမွေ

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၀/ဘီ၊ ကုန်းမြင့်ရိပ်သာလမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်နေ (ဒေါက်တာနာယား-ဒေါ်သိန်းမေ)တို့၏သမီးထွေး၊ (ဦးဘစိမ်း-ဒေါ်ကြည်ကြည်)ပိဋကတ်တော်ပြန့်ပွားရေးမဏ္ဍလေးတို့၏သမီးချွေးမ၊ ဦးဖေသန်း (ပိဋကတ်တော် ပြန့်ပွားရေး ရန်ကုန်)၏ဇနီး၊ Capt. အောင်ဖေသန်း (Assistance Operations Manager, Raffles Shipping International)-ဒေါ်ခင်လှနွယ် (ပိဋကတ်တော်ပြန့်ပွားရေးရန်ကုန်)၊ ဒေါက်တာလင်းဖေသန်း (ကထိက၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ ရန်ကုန်)-ဒေါ်ဝင်းမင်းပ၊ ဦးအုပ်စိုးဖေသန်း (Fortune International Ltd.)၊ ဦးဇင်ပိုင်ဖေသန်း - ဒေါ်ကေသီထွန်း (ရွှေနဂါးဆိုင်ကယ်အပိုပစ္စည်း ရောင်းဝယ်ရေး ရန်ကုန်)တို့၏မိခင်၊ မထက်ဦးဝေ၊ မအေးမြတ်စု၊ မမြတ်ခန့်ဝေ၊ မမြတ်ပြည့်စု၊ မယွန်းလဲ့ဝေ၊ မဖူးပြည့်စုံ၊ မောင်သာလင်းထက်၊ မချစ်သက်နှင်းတို့၏အဘွားသည် ၁၆-၄-၂၀၁၅ရက် (ကြာသပတေးနေ့)ည ၈း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ သဘောဆန္ဒအရ ၁၇-၄-၂၀၁၅ရက် (သောကြာနေ့) ညနေ ၅း၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၀၀နာရီမှ ၁၀း၀၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# နှစ်ဆန်း ၁ ရက်တွင် နေပြည်တော်ရေပန်းဥယျာဉ်၌ အပန်းဖြေသူများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် ကုန်ဆုံး၍ နှစ်သစ် ၁၃၇၇ ခုနှစ်အစ မြန်မာနှစ်ဆန်း ၁ ရက်နေ့သို့ စတင်ရောက်ရှိပြီဖြစ်သည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် နှစ်သစ်မင်္ဂလာအခါသမယတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၊ မြို့နယ်ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများ၌ သက်ကြီးဝါကြီးသည့် ဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှု ကုသိုလ်ပြုလုပ်ခြင်းများ၊ ဘုရားပုထိုးများ၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းကပ်လှူခြင်းများ၊ ဇီဝိတဒါန သက်လွှတ်ပွဲများ၊ နှစ်သစ်ပရိတ်တရားတော်နာယူကြည်ညိုခြင်းများ စသည့် ကောင်းမှုကုသိုလ်အစုစုတို့ကို မြန်မာတို့၏ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့်အညီကျင်းပ၍ ကုသိုလ်ယူဘာဝနာပွားများလျက်ရှိနေကြသည်။

ထိုသို့ ကုသိုလ်ယူဘာဝနာပွားများကြရာ၌ ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ သတ္တမအကြိမ်နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ပျော်ရွှင်စွာလာရောက်အပန်းဖြေသူများအား တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

## အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

အချပ်ပို-က

## အမြန်လမ်းမကြီးများဥပဒေ ပြဋ္ဌာန်း

အချပ်ပို-ဂ

## ပြင်ဦးလွင် ရေပြာအိုင်စခန်း၌ အပန်းဖြေသူနည်းပါး

စာ-၉





mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
R/488

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပြဋ္ဌာန်း

**အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)**

**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အသေးစားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုး မပါဝင်သည့်အောက်ပါလုပ်ငန်းတို့ကို ဆိုသည်-

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၅၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ ထက်မပိုသော လုပ်ငန်း၊

(၂) လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ ထက်မပိုသော လုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက်မပိုသောလုပ်ငန်း၊

(၅) ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊

(၆) အထက်ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄)နှင့် (၅) တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၃၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ ထက်မပိုသော လုပ်ငန်း။

(ခ) **အလတ်စားစီးပွားရေးလုပ်ငန်း** ဆိုသည်မှာ မတည်ရင်းနှီးငွေတွင် မြေတန်ဖိုးမပါဝင်သည့် အောက်ပါလုပ်ငန်းတို့ကို ဆိုသည်-

(၁) ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၃၀၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသောလုပ်ငန်း၊

(၂) လုပ်အားအခြေပြုထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် ဝန်ထမ်းဦးရေ အမြဲတမ်း ၆၀၀ ဦးထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေ ကျပ်သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသော လုပ်ငန်း၊

(၃) လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၆၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၃၀၀ ထက်မပိုသော လုပ်ငန်း၊

(၄) လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၆၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း ၁၀၀ ထက်မပိုသော လုပ်ငန်း၊

(၅) ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၁၀၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၂၀၀ ထက်မပိုသော လုပ်ငန်း၊

(၆) အထက်ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) နှင့် (၅) တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် ဝန်ထမ်းဦးရေအမြဲတမ်း ၆၀ ဦးထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ ကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်း။

(ဂ) **လုပ်ငန်းဆောင်ရွက်သူ** ဆိုသည်မှာ အသေးစားစီးပွားရေးလုပ်ငန်း သို့မဟုတ် အလတ်စားစီးပွားရေးလုပ်ငန်း သို့မဟုတ် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သည့် ရာနှုန်းပြည့်နိုင်ငံသားစီးပွားရေးလုပ်ငန်းလုပ်ဆောင်သူ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

(ဃ) **စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့** ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်သူများကတည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော အကျိုးအမြတ်မယူသည့် အသင်းအဖွဲ့၊ ၎င်းတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသောအဖွဲ့အစည်း၊ တစ်ဆင့်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲတစ်ခုခုကို ဆိုသည်။

(င) **ဗဟိုကော်မတီ** ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဆိုသည်။

(စ) **လုပ်ငန်းကော်မတီ** ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဆိုသည်။

(ဆ) **အေဂျင်စီ** ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီကို ဆိုသည်။

(ဇ) **အေဂျင်စီရုံးခွဲများ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သို့မဟုတ် ပြည်ထောင်စုနယ်မြေတို့တွင် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ရုံးခွဲများကို ဆိုသည်။

(ဈ) **တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသည့်အဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ပြည်ထောင်စုနယ်မြေတို့တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် တစ်နေရာတည်း၌ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုမိန့်များ လျှောက်ထားရာတွင်ဝန်ဆောင်မှုပေးခြင်းနှင့် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ပေးရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

(ည) **ရန်ပုံငွေ** ဆိုသည်မှာ ဤဥပဒေအရ ထူထောင်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ဆိုသည်။

(ဋ) **ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့** ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို စီမံခန့်ခွဲသည့်အဖွဲ့ကို ဆိုသည်။

(ဌ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် အဓိကတာဝန်ယူဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **သက်ဆိုင်ရာဝန်ကြီးဌာနများ** ဆိုသည်မှာ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ဆက်စပ်ပါဝင်နေသော ဝန်ကြီးဌာနများကို ဆိုသည်။

(ဎ) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဖြစ်စေ၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဖြစ်စေဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့်ကုမ္ပဏီကိုဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်လည်းပါဝင်သည်။

(ဏ) **စွန့်ဦးတီထွင်မှု** ဆိုသည်မှာ ဈေးကွက်ဝင် ပိုမိုအသုံးတည့်သော နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုများကို ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုကို ဆိုသည်။

(တ) **မှတ်ပုံတင်ခွင့်ပြုခြင်း** ဆိုသည်မှာ ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အေဂျင်စီက မှတ်ပုံတင်ခွင့်ပြုခြင်းကို ဆိုသည်။

(ထ) **ချေးငွေဆိုင်ရာသတင်းအချက်အလက်ဌာန** ဆိုသည်မှာ ချေးငွေဆိုင်ရာ သတင်းအချက်အလက်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးရန် ထိုက်တန်မှုကို အကဲဖြတ်သုံးသပ်ရန် ဆီလျော်သက်ဆိုင်သောအခြားသတင်းအချက်အလက်များကို စုစည်းနိုင်ရန်နှင့်စုစည်းရရှိသည့် သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် တည်ထောင်ထားသောဌာနကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးနှင့်ဆက်စပ်သည့်သတင်းအချက်အလက်၊ နည်းပညာအထောက်အကူများနှင့်ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာ ရရှိနိုင်စေရန်၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ပြည်တွင်း ပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊

(ဂ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့်ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများကို လျော့ပါးစေရန်။

**အခန်း (၃)**

**အခြေခံမူများ**

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများကို လျှော့ချစေရန်လည်းကောင်း လိုအပ်သည့်ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးခြင်း၊ ဥပဒေရေးရာအကြံဉာဏ်ပေးခြင်းနှင့် စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများချမှတ်ပေးခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များတွင်ပါ နိုင်ငံတကာစံချိန်စံညွှန်းမီ အရည်အသွေးရှိသော ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြင့်မားရေးနှင့် ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်ပေးခြင်း၊

(ဂ) မှတ်ပုံမတင်ရသေးသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် တိုက်တွန်းအားပေးခြင်း၊

(ဃ) အသစ်စတည်မည့် သို့မဟုတ် လက်ရှိဆောင်ရွက်လျက်ရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးရရှိစေရန် အထောက်အကူပေးခြင်း၊

(င) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှုအနည်းဆုံးဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ်တိုးတက်ရရှိစေရေးအတွက် စီမံဆောင်ရွက်စေခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များကို ဆန်းသစ်တီထွင်သည့် ကုန်စည်များထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုများတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု စွမ်းရည်တိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဖြန့်ဝေမှုတို့တွင် ခေတ်မီနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကို လိုက်လျောညီထွေ အသုံးပြုရေးတို့အတွက် အားပေးတိုက်တွန်းခြင်း၊

(ဆ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူသားအရင်းအမြစ် တိုးတက်ရေးကို အားပေးခြင်းနှင့် လုပ်ငန်းခွင်သင်တန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်ခြင်း၊

(ဇ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အားပေးမြှင့်တင်ခြင်း။

**အခန်း (၄)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ**

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) နိုင်ငံတော်သမ္မတ — ဥက္ကဋ္ဌ

(၂) ဒုတိယသမ္မတများ — ဒုတိယဥက္ကဋ္ဌများ

(၃) သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ — အဖွဲ့ဝင်များ

(၄) စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များမှ သင့်လျော်သောကိုယ်စားလှယ်နှင့် စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ပုဂ္ဂိုလ်များ — အဖွဲ့ဝင်များ

(၅) တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ တွဲဖက်အတွင်းရေးမှူးကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ဗဟိုကော်မတီဖွဲ့စည်းခြင်းကို နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံးပါဝင်နေသည့်အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများ ရရှိရေးအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် စွမ်းအင်ကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာနှင့် စက်ကိရိယာများအသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းလမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့်အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

**အခန်း (၅)**

**လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၇။ (က)ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ဒုတိယသမ္မတတစ်ဦး — ဥက္ကဋ္ဌ

(၂) တာဝန်ခံဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး — ဒုတိယဥက္ကဋ္ဌ

(၃) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးများ — အဖွဲ့ဝင်

(၄) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ — အဖွဲ့ဝင်

(၅) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(၆) အသင်းအဖွဲ့များမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ — အဖွဲ့ဝင်

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော အဖွဲ့ဝင်များအနက်မှ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ကို ဗဟိုကော်မတီက သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

*အချပ်ပို (ခ) သို့*

*အချပ်ပို (က)မှ*

၈။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သောသတင်းအချက်အလက်များကို ဗဟိုကော်မတီသို့ စုဆောင်းသုံးသပ်တင်ပြခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) ဈေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ စီးပွားရေးဈေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(င) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်းပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့်စီးပွားရေးဆိုင်ရာ အကြံပြုချက်များရယူ ဖြန့်ဖြူးနိုင်ရန် ပြည်တွင်းပြည်ပအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) အစိုးရဝန်ကြီးဌာနများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာသုတေသနဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုကော်မတီ၏သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့်လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဌ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

( ဎ ) ဒေသအသီးသီးရှိ ထုတ်လုပ်မှုကဏ္ဍများနှင့် ရောင်းဝယ်မှု ကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း။

**အခန်း(၆)**

**လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းရမည်။ ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၁၀။ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို လေ့လာသုံးသပ်ခြင်း၊

(ခ) အေဂျင်စီနှင့် အေဂျင်စီရုံးခွဲများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို သုံးသပ်ခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ သင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သုံးသပ်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း၊

(င) ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ဆန်းစစ်သုံးသပ်၍ မိမိနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် သုံးသပ်ခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ပါဝင်မှု၊ ပြည်ပသို့တင်ပို့မှုနှင့် ပြည်ပမှ တင်သွင်းမှုများအပေါ် သုံးသပ်ခြင်း၊

(ဆ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် အနိမ့်ဆုံးရရှိသည့် လုပ်ခလစာ၊ လုပ်ငန်းအမျိုးအစားအလိုက် ရင်းနှီးမြှုပ်နှံမှုများနှင့် ထွက်ကုန်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် အလုပ်အကိုင်ရရှိမှုများကို စိစစ်သုံးသပ်ခြင်း၊

( ဇ ) လုပ်ငန်းသုံးသပ်ချက်များနှင့် သက်ဆိုင်သည့် အစီရင်ခံစာများကို လုပ်ငန်းကော်မတီမှတစ်ဆင့်ဗဟိုကော်မတီသို့ တင်သွင်းခြင်းနှင့်အများပြည်သူသို့ အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း။

**အခန်း (၇)**

**အေဂျင်စီနှင့်အေဂျင်စီရုံးခွဲများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၁။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ သင့်လျော်သည့် ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်သည့် အေဂျင်စီကို ဖွဲ့စည်းရမည်။

၁၂။ ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့်တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်က အေဂျင်စီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ တာဝန်ခံဝန်ကြီးဌာနမှညွှန်ကြားရေးမှူးချုပ်သည် အေဂျင်စီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၁၄။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် နှစ်ပတ်လည်တိုးတက်မှုအစီရင်ခံစာကို လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့တင်သွင်းခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘောသဘာဝအလိုက် ကြုံတွေ့နေရသောအခက်အခဲများ၊ လိုအပ်ချက်များကို လျော့နည်းစေရန် ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို လိုအပ်သည့် ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဒေသဆိုင်ရာ အေဂျင်စီရုံးခွဲများ တည်ထောင်ခြင်းနှင့် တစ်နေရာတည်း ဝန်ဆောင်မှုပေးသည့်အဖွဲ့များ တည်ထောင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း၊

(ဆ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ဘဏ်များနှင့်ပူးပေါင်းလျက် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ငွေကြေးထောက်ပံ့မှု တိုးမြှင့်ရရှိစေရန် ငွေကြေးမဟုတ်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးခြင်း၊

(ဈ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများပူးပေါင်း၍ စီးပွားရေးကွန်ရက်များ တည်ထောင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ည) တီထွင်ကြံဆမှုနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးကို မြှင့်တင်နိုင်ရန်အတွက် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အချင်းချင်း ယှဉ်ပြိုင်ဆောင်ရွက်မှုကို တွန်းအားပေးခြင်း၊ ကုန်စည်နှင့် နည်းပညာပြပွဲများ ကျင်းပပေးခြင်း၊

(ဋ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သော အငြင်းပွားမှုများကိုအကြံပေးခြင်း၊ ညှိနှိုင်းဖျန်ဖြေပေးခြင်းနှင့် ခုံသမာဓိနည်းဖြင့် ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဌ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ ဥပဒေ အတိုင်ပင်ခံ အဖွဲ့အစည်းများ၊ လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဍ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိန်းဂဏန်းဆိုင်ရာ စာရင်းများကို ကောက်ယူခြင်း၊ အဆင့်ဆင့်စစ်ဆေးခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်း၊

(ဎ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခွင့်ပြုနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊ မှတ်ပုံတင်သက်တမ်းသတ်မှတ်ပေးခြင်း၊

(ဏ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီများ၊ စီးပွားရေး အသင်းအဖွဲ့များ၊ ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊

(တ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရေးနည်းလမ်းများ အကောင်အထည်ဖော်ရန်အတွက် ငွေကြေးအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်ရယူခြင်း၊

(ထ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း အမျိုးအစားမှ ပြောင်းလဲဖြစ်ပေါ်လာပြီးနောက် ၃ နှစ်အထိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း၏ အဆင့်အတန်းကို ထိန်းသိမ်းထားရှိခြင်း။

၁၅။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဒေသအလိုက် အကောင်အထည်ဖော်မည့်အေဂျင်စီရုံးခွဲများသည် သက်ဆိုင်ရာနယ်မြေအတွင်း တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများကို တာဝန်ခံရမည်။

**အခန်း(၈)**

**စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၏ အခန်းကဏ္ဍ**

၁၆။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် ဤဥပဒေ၏ အခြေခံမူဝါဒများကို လိုက်နာဆောင်ရွက်နိုင်စေရန် ဗဟိုကော်မတီ၊ အခြားဆက်စပ်သည့် အဖွဲ့အစည်းများနှင့် နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၇။ စီးပွားရေးလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ကြီးထွားလာစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းတို့၏ စီးပွားရေးအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလာစေရေးတို့အတွက် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရမည်။

**အခန်း(၉)**

**လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့်အခွင့်အရေးများ**

၁၈။ လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်ရန် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း၊

(ခ) စီးပွားရေး သို့မဟုတ် လူမှုပတ်ဝန်းကျင်ပြောင်းလဲဖြစ်ပေါ်မှုများကို တုံ့ပြန်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် စီမံခန့်ခွဲမှုပုံစံနှင့် တိုးတက်သော နည်းပညာများကို လွတ်လပ်စွာ ပြောင်းလဲဆောင်ရွက်ခြင်း၊

(ဂ) ဤဥပဒေအရ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအဖြစ် အကျုံးဝင်သည့်မတည်ရင်းနှီးငွေ၊ လုပ်သားဦးရေနှင့် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် မကိုက်ညီသည့်အခါ လုပ်ငန်းဆောင်ရွက်သူက အေဂျင်စီသို့ သတင်းပေးပို့တင်ပြခြင်း၊ ခွင့်ပြုကာလအတွင်း ပြောင်းလဲမှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ဃ) မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ စစ်ဆေးမှုကို ခံယူခြင်း၊

(င) နစ်နာမှုများနှင့်စပ်လျဉ်း၍အေဂျင်စီ ရုံးခွဲမှတစ်ဆင့် အေဂျင်စီသို့ တင်ပြခွင့်ရှိခြင်း၊

(စ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိ ထိရောက်စွာ အသုံးချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် စက်ကိရိယာများအသုံးပြုရေးတို့အတွက် အစိုးရနှင့်အစိုးရမဟုတ်သော နည်းပညာဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် အေဂျင်စီမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်း၊

(ဇ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ထောက်ပံ့သည့်ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစီမံချက်များအလိုက်ချေးငွေရယူ ဆောင်ရွက်နိုင်ရန်အေဂျင်စီသို့ လျှောက်ထားနိုင်ခြင်း၊

(ည) ပြည်တွင်းပြည်ပ စီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း။

**အခန်း(၁၀)**

**ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၉။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကိုသင့်လျော်သောပုဂ္ဂိုလ်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည်။ ဗဟိုကော်မတီက တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်။

၂၀။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလို့ငှာ အတိုးသက်သာသော ချေးငွေများရရှိနိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်အတွက် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် လုပ်ငန်းကော်မတီသို့ တွက်ချက်တင်ပြခြင်း၊

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေတစ်ရပ်အား လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ အဆိုပြုတင်ပြခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်ကထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်းများမှ အကူအညီရရှိငွေ၊ အလှူရှင်များက လှူဒါန်းငွေ၊ မိမိဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်ခရရှိငွေ တို့နှင့်ထူထောင်ထားရှိခြင်း၊

(ဃ) ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်နိုင်ရန်တည်ဆဲဥပဒေများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(င) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အတိုးသက်သာစွာ သတ်မှတ်သော အထူးချေးငွေတစ်ရပ်နှင့် ပြည်တွင်းပြည်ပဘဏ်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများမှ ရရှိနိုင်သည့် အတိုးမဲ့ချေးငွေ၊ အတိုးသက်သာသောချေးငွေ၊ ချေးငွေတစ်ရပ်ရပ်ကို ရယူပြီး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်နှင့် သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် မှတ်ပုံတင်ထားရှိသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့်တိုက်ရိုက်ချိတ်ဆက် ချေးယူနိုင်ရန်စီစဉ်ပေးခြင်း၊ အသိအမှတ်ပြုပေးခြင်း၊

(စ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ငွေကြေးကျခံသုံးစွဲခြင်း၊

(ဆ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအား သာမန်ချေးငွေ၊ အတိုးနှုန်းသက်သာသောချေးငွေ၊ အတိုးမဲ့ချေးငွေ၊ ပြန်လည်ပေးဆပ်စရာမလိုသော အကူအညီငွေများရရှိရန်အတွက် အထောက်အကူပြုရန် ချေးငွေဆိုင်ရာ သတင်းအချက်အလက်ဌာနကို တည်ထောင်ခြင်း၊

( ဇ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ချေးငွေအာမခံကုမ္ပဏီများ၊ ချေးငွေအာမခံကော်ပိုရေးရှင်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

*အချပ်ပို (ဂ)သို့*

*အချပ်ပို (ခ) မှ*

၂၁။ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သည် ငွေကြေးဆိုင်ရာကိစ္စများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ ဆောင်ရွက်ရမည်။

**အခန်း(၁၁)**
**တစ်နေရာတည်းတွင်ဝန်ဆောင်မှုပေးသောစနစ်**

၂၂။ သက်ဆိုင်ရာ ဝန်ကြီးဌာနများသည် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောစနစ်ကို ဆောင်ရွက်နိုင်စွမ်းရှိသောဝန်ထမ်းများအား လုပ်ပိုင်ခွင့် အခွင့်အာဏာများ ပေးအပ်၍ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော အဖွဲ့များတွင် ပူးတွဲတာဝန်ပေးရမည်။

၂၃။ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသော စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ထမ်းများသည် အေဂျင်စီရုံးခွဲများနှင့်ပူးပေါင်းဆောင်ရွက်ရမည်။

**အခန်း (၁၂)**
**သတင်းအချက်အလက်စုဆောင်းထိန်းသိမ်းခြင်းနှင့် ထုတ်ပြန်ခြင်း**

၂၄။ အေဂျင်စီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ဈေးကွက်၊ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်စနစ်များဖြင့် ပံ့ပိုးပေးခြင်း၊ သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးခြင်း၊

(ခ) ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ဆိုင်ရာ အကြံပေးဌာနများ ထူထောင်ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပဝယ်ယူသူနှင့် ရောင်းချသူများအတွက် အွန်လိုင်းကုန်သွယ်မှုစနစ် ဖွံ့ဖြိုးစေရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

**အခန်း (၁၃)**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နည်းပညာအထောက်အပံ့ပေးခြင်း**

၂၅။ အေဂျင်စီသည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်မှု မြင့်တင်နိုင်ရေးတို့အတွက် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) သင့်လျော်သည့် နည်းပညာများကို ရှာဖွေဖော်ထုတ် လွှဲပြောင်းပေးခြင်း၊

(ခ) ကုန်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအကြံဉာဏ်များပေးခြင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်စေရန် လေ့ကျင့်ပညာပေးခြင်း၊

(ဂ) ထုတ်ကုန်များ၏ အရည်အသွေးကို စစ်ဆေးပေးမည့် ဓာတ်ခွဲခန်းများ တည်ထောင်မှုကို အားပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအကြား နည်းပညာပူးပေါင်းဖလှယ်ခြင်း၊

(င) တီထွင်ဖန်တီးမှုစွမ်းရည် မြှင့်တင်နိုင်ရန် လုပ်ငန်းစွမ်းဆောင်ရည်အလိုက် ထိုက်တန်သော ချီးမြှောက်မှုများ စီစဉ်ပေးခြင်း၊

(စ) သုတေသနလုပ်ငန်းများမှ ရရှိလာသည့် နည်းပညာသစ်များကို ရွေ့ပြောင်းအဆင့်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အပံ့များပေးခြင်း၊

(ဆ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် ပံ့ပိုးကူညီဆောင်ရွက်ခြင်း။

**အခန်း (၁၄)**
**ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်း**

၂၆။ အေဂျင်စီသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဈေးကွက် မြှင့်တင်ရေးအတွက် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) ပို့ကုန်ဦးစားပေးလုပ်ငန်း ဆောင်ရွက်မှုများကို အားပေးခြင်း၊

(ခ) နိုင်ငံတကာဈေးကွက်များ၏ ကျင့်ဝတ်နှင့် စည်းမျဉ်းများကို လုပ်ငန်းဆောင်ရွက်သူများ သိရှိကျွမ်းဝင်စေခြင်း၊

(ဂ) ဈေးကွက်ထိုးဖောက်ရေးနှင့် ဈေးကွက် ဝေစုများရရှိစေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတကာဈေးကွက်ကို ချိတ်ဆက်မိစေမည့်စံနှုန်းသတ်မှတ်ချက်များ ဖော်ဆောင်နိုင်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးတို့ကို စီစဉ်ပေးခြင်း၊

(င) အကောက်ခွန်နှင့် ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကို လုပ်ငန်းဆောင်ရွက်သူများ သိရှိကျွမ်းဝင်စေခြင်းနှင့် ထိုက်သင့်သည့် ဖြေလျှော့မှုများ ရရှိစေခြင်း။

**အခန်း (၁၅)**
**အခွန်အကောက်ဆိုင်ရာညှိနှိုင်းဆောင်ရွက်ပေးခြင်း**

၂၇။ အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ယှဉ်ပြိုင်နိုင်စွမ်းရည်ရှိစေရန် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်လျှော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြံပြုတင်ပြရမည်-

(က) သုတေသနပြုပြီး တီထွင်ဆန်းသစ်သော ကုန်ပစ္စည်းအသစ် ထုတ်လုပ်ခြင်း၊

(ခ) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသောဒေသ၌ ဦးစားပေးစာရင်းဝင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) ဘေးထွက်ပစ္စည်းများနှင့် အလေအလွင့်ပစ္စည်းများကို အသုံးပြု၍ ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့် အကျိုးရှိရှိ ထိရောက်စွာအသုံးချရေးနှင့် ပြန်လည်သုံးစွဲရေးတို့အတွက် အလုပ်ရုံအတွင်း ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

**အခန်း (၁၆)**
**စွန့်ဦးတီထွင်မှုနှင့် လုပ်ငန်းသစ်စတင်မှုကို ပံ့ပိုးဆောင်ရွက်ခြင်း**

၂၈။ အေဂျင်စီသည်လုပ်ငန်းကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ စွန့်ဦးတီထွင်မှုပြုသော လုပ်ငန်းရှင်များ အနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ်ဆောင်ရွက်ရမည်-

(က) အခွန်လျှော့ပေါ့ကောက်ခံခြင်း၊

(ခ) စက်ရုံများတည်ထောင်ရန် မြေ သို့မဟုတ် လုပ်ငန်းနေရာကို သက်သာသည့်နှုန်းထားဖြင့် ငှားရမ်းခြင်း၊

(ဂ) လုပ်ငန်းထူထောင်ရေး အတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင် ဆောင်ရွက်ခြင်းနှင့် အခက်အခဲများကို အကြံပြုဖြေရှင်းခြင်း၊

(ဃ) အကျိုးတူကုန်ထုတ်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း။

**အခန်း (၁၇)**
**မှတ်ပုံတင်ခြင်း**

၂၉။ အေဂျင်စီသည်-

(က) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်လက်မှတ်တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် မလိုအပ်သည့် လုပ်ငန်းဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း၊

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်း၊ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း၊

(၃) မီးဘေးအန္တရာယ်ကင်းရှင်းခြင်း၊

(၄) လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှု မရှိခြင်း။

၃၀။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်အဖွဲ့များ၌ မှတ်ပုံတင်ခြင်း၊ စီးပွားရေး လုပ်ငန်းလိုင်စင်ထုတ်ယူခြင်းနှင့် လိုအပ်သောထောက်ခံချက်များ လျှောက်ထားခြင်းတို့ ပြုနိုင်သည်။

၃၁။ အေဂျင်စီသည် အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ မှတ်ပုံတင်ခွင့်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) လုပ်ငန်းဆောင်ရွက်သူက မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ငန်းရပ်စဲခံရခြင်း၊

(ဂ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ထက်ကျော်လွန်၍ စီးပွားရေးလုပ်ငန်းများ ပြောင်းလဲဖြစ်ပေါ်မှုသည် ကန့်သတ်ကာလ ၃ နှစ်ထက် ကျော်လွန်ခြင်း။

**အခန်း (၁၈)**
**အထွေထွေ**

၃၂။ ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ လုပ်ငန်းကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆက်ခံ၍ ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် တာဝန်ခံ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့၊ အေဂျင်စီရုံးခွဲနှင့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသောအဖွဲ့တို့၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကို ကျခံရမည်။

၃၅။ တာဝန်ခံဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်နှင့် လုပ်ငန်း သုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၃၆။ ဤဥပဒေပါ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တာဝန်ခံဝန်ကြီးဌာနတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီသည် လုပ်ငန်းကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

# အမြန်လမ်းမကြီးများဥပဒေ ပြဋ္ဌာန်း

**အမြန်လမ်းမကြီးများဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ။)**
**၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်**
**( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **အမြန်လမ်းမကြီး** ဆိုသည်မှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသည့်လမ်းမကြီးကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းလမ်းမကြီး၏ လမ်းတစ်ဖက်တစ်ချက်ရှိ လမ်းနယ်နိမိတ်နှင့် ယင်းလမ်းမကြီးပေါ်ရှိ တံတားများလည်း ပါဝင်သည်။

(င) **တိရစ္ဆာန်** ဆိုသည်မှာ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။

(စ) **မော်တော်ယာဉ်** ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အားလုံးသော်လည်းကောင်း၊ အချို့အဝက်သော်လည်းကောင်းအသုံးပြု၍ လမ်းပေါ်တွင် မောင်းနှင်သွားလာသည့် သို့မဟုတ် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ဆ) **လမ်းကွန်ရက်** ဆိုသည်မှာ အမြန်လမ်းမကြီးများနှင့် လမ်းမကြီးများကို ဆက်သွယ်ချိတ်ဆက်ထားသည့် လမ်းအစုအဝေးကိုဆိုသည်။

(ဇ) **ကူးပြောင်းလမ်း** ဆိုသည်မှာ အမြန်လမ်းမကြီးနှင့် အခြားလမ်းများဆုံသည့် နေရာတွင် မော်တော်ယာဉ်များ ကူးပြောင်းဝင်ထွက်သွားလာနိုင်ရန် တည်ဆောက်ထားသော တံတားနှင့် လမ်းအဆောက်အအုံကိုဆိုသည်။

(ဈ) **လမ်းတာပေါင်** ဆိုသည်မှာ လမ်းဖောက်လုပ်ရေးအတွက် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းနှင့်အညီ မြေဖို့တည်ဆောက်ထားသော တာပေါင်ကို ဆိုသည်။

(ည) **လမ်းပခုံး** ဆိုသည်မှာ ယာဉ်သွားလမ်း၏ တစ်ဖက်တစ်ချက်စီ၌ရှိပြီး လမ်းတာပေါင်ပေါ်တွင် မော်တော်ယာဉ် အရေးပေါ် ရပ်နားနိုင်ရန်နှင့် လမ်းမပျက်စီးစေရန် ထိန်းသိမ်းထားသော အစိတ်အပိုင်းကို ဆိုသည်။

(ဋ) **လမ်းဆိုင်းဘုတ်** ဆိုသည်မှာ အမြန်လမ်းမကြီးတစ်လျှောက်နှင့် လမ်းဆုံ၊ လမ်းခွဲများတွင် အကွာအဝေးသိရှိစေရန် ဖော်ပြထားသည့် ဆိုင်းဘုတ်၊ လမ်းညွှန်ဆိုင်းဘုတ်၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ်စေရန် သတိပေးဆိုင်းဘုတ်နှင့် စည်းကမ်းတကျ မောင်းနှင်သွားလာနိုင်ရေး အတွက် တားမြစ်ချက်ဆိုင်းဘုတ်များကို ဆိုသည်။

(ဌ) **ယာဉ်ရပ်နားစခန်း** ဆိုသည်မှာ မော်တော်ယာဉ်နှင့် ခရီးသည်များ ခေတ္တရပ်နားရန် သတ်မှတ်ထားသော ရပ်နားစခန်းကိုဆိုသည်။

(ဍ) **အမြန်လမ်းမကြီးအင်္ဂါရပ်များ** ဆိုရာတွင် အမြန်လမ်းမကြီးပေါ်တွင် ဖွဲ့စည်းပါဝင်သည့်လမ်းကွန်ရက်၊ ကူးပြောင်းလမ်း၊ လမ်းတာပေါင်၊ တံတား၊ ရေထုတ်ပြွန်၊ ယာဉ်သွားလမ်း၊ လမ်းပခုံး၊ လမ်းလယ်ကျွန်း၊ ရေမြောင်း၊ မိုင်တိုင် သို့မဟုတ် ကီလိုမီတာတိုင်၊ လမ်းနယ်တိုင်၊ လမ်းဆိုင်းဘုတ်၊ သတိပေးခြင်းဆိုင်ရာ အီလက်ထရောနစ်ကိရိယာ၊ ယာဉ်ရပ်နားစခန်း၊ ဆက်သွယ်ရေးလမ်း သို့မဟုတ် ကုန်ထုတ်လမ်း၊ အကာအကွယ်၊ လမ်းအသုံးပြုခကောက်ခံရေးစခန်း၊ အုပ်ချုပ်မှုနှင့်ထိန်းသိမ်းရေးစခန်းတို့ ပါဝင်သည်။

(ဎ) **အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမြန်လမ်းမကြီးများကို ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် မော်တော်ယာဉ်များသွားလာမှုကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းအသုံးပြုခ ကောက်ခံခြင်းတို့ကိုစနစ်တကျဆောင်ရွက်နိုင်ရန်၊

(ခ) အမြန်လမ်းမကြီးများကိုအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လမ်းလုံခြုံမှုနှင့် သက်ဆိုင်သောကိစ္စများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်၊

(ဂ) အမြန်လမ်းမကြီးများကို အသုံးပြု၍ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ နိုင်ငံသားတို့၏လူမှုစီးပွားဘဝတိုးတက်ပြီးလူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊

(ဃ) အမြန်လမ်းမကြီးများကို ဒေသတွင်းနိုင်ငံများ၏ အမြန်လမ်းမကြီးများနှင့် ကွန်ရက်ချိတ်ဆက်ခြင်းဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးမြှင့်ဆောင်ရွက်နိုင်စေရန်။

*အချပ်ပို (ဃ) သို့*

*စာမျက်နှာ (၇)မှ*

**အခန်း(၃)**

**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ ဝန်ကြီးဌာနသည် အမြန်လမ်းမကြီးများနှင့်စပ်လျဉ်း၍ အောက်ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

( ခ ) အမြန်လမ်းမကြီးများဖောက်လုပ်ရေးနှင့် လမ်းကွန်ရက် ပေါ်ထွန်းလာစေရေးတို့အတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

( ဂ) အိမ်နီးချင်းနိုင်ငံများနှင့်ဆက်သွယ်သည့် အမြန်လမ်းမကြီးများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများဆိုင်ရာ စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စည်းကမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ အခြားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းညွှန်ခြင်း၊

(စ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စံချိန်စံညွှန်းနှင့် စည်းမျဉ်းသတ်မှတ်ခြင်း၊ သုတေသနပြုခြင်းအပါအဝင် အမြန်လမ်းမကြီးဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများတစ်လျှောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဖွဲ့စည်းနိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဇ) အစိုးရအဖွဲ့ကတာဝန်ပေးအပ်သည့် အမြန်လမ်းမကြီးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၅။ ဝန်ကြီးဌာနသည် ဤဥပဒေကို အကောင်အထည်ဖော်ရန် အောက်ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်-

(က) အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အမြန်လမ်းမကြီးအဖြစ် သတ်မှတ်ကြေညာခြင်း၊

( ခ ) အမြန်လမ်းမကြီး၏ နယ်နိမိတ်၊ လမ်းအမည်၊ လမ်းအမှတ်၊ စတင်သည့်နေရာ၊ လမ်းဆုံးရောက်ရှိသည့်နေရာ၊ ဖြတ်သန်းသွားသည့်နေရာများ၊ အမြန်လမ်းမကြီးပေါ်သို့ ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းခြင်းပြုနိုင်သည့် နေရာများ၊ လမ်းအသုံးပြုခကောက်ခံမည့်နေရာများ၊ ယာဉ်ရပ်နားစခန်းနေရာများနှင့်အခြား လိုအပ်သည်တို့ကို သတ်မှတ်ကြေညာခြင်း၊

(ဂ) အမြန်လမ်းမကြီးများဖောက်လုပ်ရန်၊ ထိန်းသိမ်းပြုပြင်ရန်နှင့် တိုးချဲ့ရန်လုပ်ငန်းအစီအစဉ်များချမှတ်ခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများ ထိန်းသိမ်းပြုပြင်ရန် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( င ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်းပြည်ပ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပဋိညာဉ်ချုပ်ဆို၍ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စည်းကမ်းချက်များသတ်မှတ်၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

( စ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းတို့ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့်အဆောက်အအုံဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းဆောင်ရွက်ရာတွင် အသုံးပြုရန်လိုအပ်သည့် ယာဉ်ယန္တရားနှင့် စက်ကိရိယာပစ္စည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းခြင်း၊

( ဇ ) အမြန်လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ပြည်ပနိုင်ငံများနှင့် နည်းပညာဖလှယ်ခြင်းနှင့် အထောက်အပံ့အကူအညီရရှိရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဈ ) အမြန်လမ်းမကြီးများ ဖောက်လုပ်နိုင်ရေးအတွက် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးသက်ရောက်မှုများကို ဆန်းစစ်စေခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ည) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) အမြန်လမ်းမကြီးဆိုင်ရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာအဆင့်တို့တွင်ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ဝန်ကြီးဌာနသည်-

(က) ပြည့်စုံကောင်းမွန်သော လမ်းကွန်ရက်ဖြစ်ပေါ်စေရေး၊ အမြန်လမ်းမကြီး စီမံကိန်းများအကောင်အထည်ဖော်ရန် အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကိုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ လက်အောက်တွင် ဖွဲ့စည်းနိုင်သည်။

( ခ ) ပုဒ်မခွဲ(က)အရ အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတစ်ဦး ဥက္ကဋ္ဌအဖြစ် ပါဝင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သည့်ကိုယ်စားလှယ်များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သက်ဆိုင်ရာအရာထမ်းများ၊ ပြည်ထောင်စုအဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြင်ပပညာရှင်များနှင့် ဖွဲ့စည်းနိုင်သည်။

( ဂ ) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ပေးနိုင်သည်။

**အခန်း (၄)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ကြီးဌာနကချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ခ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများ၊ အဆင့်မြှင့်တင်ခြင်းများနှင့်ထိန်းသိမ်းပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည်စီမံချက်များ၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

( ဂ) အမြန်လမ်းမကြီးများဆိုင်ရာ စီမံကိန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းပြုပြင်ခြင်း၊

( င) အမြန်လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း သတ်မှတ်သည့်အပင်များ စိုက်ပျိုးခြင်းနှင့်အန္တရာယ်ရှိသောအပင်များကို ရှင်းလင်းခြင်း၊ အများပြည်သူသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

( စ) သက်ဆိုင်ရာအမြန်လမ်းမကြီးများ၏ လမ်းအသုံးပြုခနှုန်းထားများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် သတ်မှတ်ကြေညာခြင်း၊

(ဆ) အမြန်လမ်းမကြီးများ၏လမ်းအကျယ်၊ လမ်းပခုံးအကျယ်၊ လမ်းနယ်အကျယ် သတ်မှတ်ချက်ကို ကြေညာခြင်းနှင့်သက်ဆိုင်ရာ အမြန်လမ်းမကြီးအင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်မှု ရှိ မရှိ စိစစ်ကြီးကြပ်ခြင်း၊

( ဇ) အမြန်လမ်းမကြီးများကိုတိုးချဲ့ရာတွင် လည်းကောင်း၊ ထိန်းသိမ်းပြုပြင်ရာတွင်လည်းကောင်း၊ လမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာမှုကို ယာယီအစီအစဉ်အရပိတ်ခြင်း၊ အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့်လမ်းပိတ်ထားစဉ်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) အမြန်လမ်းမကြီးများကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့်အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြုခြင်း၊

(ည) အမြန်လမ်းမကြီးများပျက်စီးခြင်းမှကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူစေရန် ဆောင်ရွက်ခြင်း၊

( ဋ) အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် ယာဉ်များကို သတ်မှတ်ကြေညာခြင်း၊

(ဌ) အမြန်လမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်များ မောင်းနှင်ရမည့် အမြန်နှုန်းများကို သတ်မှတ်ကြေညာခြင်း၊

( ဍ) အမြန်လမ်းမကြီးများ၌ ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဎ) အမြန်လမ်းမကြီးများဖောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့နှင့် စပ်လျဉ်း၍ အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အချိန်နှင့်တစ်ပြေးညီ သတိပေးခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း။

**အခန်း(၅)**

**စည်းကမ်းချက်များနှင့် ကန့်သတ်ချက်များ**

၈။ အမြန်လမ်းမကြီးများကို အသုံးပြုရာတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) အမြန်လမ်းမကြီးသို့ဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်းသွားလာခြင်းပြုနိုင်ရန်သတ်မှတ်ထားသည့်နေရာများတွင် လမ်းမကြီးနှင့် ဆက်သွယ်တည်ဆောက်ထားသည့် ကူးပြောင်းလမ်းများမှတစ်ဆင့်သာဝင်ခြင်း၊ ထွက်ခြင်း၊ ဆက်သွယ်ကူးပြောင်း သွားလာခွင့်ပြုခြင်း၊

(ခ) အမြန်လမ်းမကြီး၏တစ်ဖက်မှ အခြားတစ်ဖက်သို့ ဖြတ်သန်းသွားလာရာတွင် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ဖြတ်သန်းသွားလာခြင်း၊

(ဂ) အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်ချက်များနှင့်ကိုက်ညီသော မော်တော်ယာဉ်များသာ မောင်းနှင်ခြင်း၊

(ဃ) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကအခါအားလျော်စွာ သတ်မှတ်သည့် အမြန်လမ်းမကြီးနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို လိုက်နာခြင်း။

၉။ အမြန်လမ်းမကြီးပေါ်၌ လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသော မော်တော်ယာဉ်များမှအပ အခြားမော်တော်ယာဉ်များသည်-

(က) အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီ သို့မဟုတ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သတ်မှတ်သည့် အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

( ခ ) လိုအပ်သည့်နေရာများ၊ လမ်းအကွေ့နေရာများတွင် သတိပေးညွှန်ပြထားသည့် သတ်မှတ်အမြန်နှုန်းအတွင်းသာ မောင်းနှင်ရမည်။

( ဂ ) ရာသီဥတု ဆိုးရွား၍ဖြစ်စေ၊ အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ မြင်ကွင်းမကောင်းသည့်အခါများတွင် ဘေးအန္တရာယ်ကင်းရှင်းနိုင်သည့် သတ်မှတ်အမြန်နှုန်းထက် ပိုမမောင်းရ။

**အခန်း (၆)**

**ယာဉ်ရပ်နားစခန်းများ**

၁၀။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ဝန်ကြီးဌာန၏အတည်ပြုချက်ဖြင့် အမြန်လမ်းမကြီးနယ်နိမိတ်နှင့် ဆက်စပ်ဧရိယာအတွင်းတွင် -

(က) ယာဉ်ရပ်နားစခန်းကို တည်ဆောက်ခြင်း၊ တည်ဆောက်စေခြင်း ပြုနိုင်သည်။

( ခ ) ယာဉ်ရပ်နားစခန်းများတွင် ရုံး၊ မော်တော်ယာဉ်ပြင်အလုပ်ရုံ၊ ဟိုတယ်၊ မိုတယ်၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ နားနေခန်းနှင့် ယာဉ်ရပ်နားစခန်းအတွက် လိုအပ်သည့်အဆောက်အအုံများကို တည်ဆောက်ခြင်း၊ တည်ဆောက်ခွင့်ပြုခြင်း၊ ယင်းတို့ကို စီမံခန့်ခွဲခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းပြုနိုင်သည်။

(ဂ) မိမိ၏ဝန်ထမ်းများနေထိုင်ရန် အိမ်ရာများ၊ အဆောက်အအုံများ ဆောက်လုပ်နိုင်သည်။

၁၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် အမြန်လမ်းမကြီး နယ်နိမိတ်ပြင်ပတွင် ယာဉ်ရပ်နားစခန်းအဆောက်အအုံများအပါအဝင် အမြန်လမ်းမကြီးနှင့် သက်ဆိုင်သည့်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း၊ အခကြေးငွေကောက်ခံခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ ကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

**အခန်း (၇)**

**ကင်းလွတ်ခွင့်များ**

၁၂။ လူနာတင်ယာဉ်၊ မီးသတ်ယာဉ်နှင့်အရေးပေါ်ကိစ္စရပ်များအတွက် အသုံးပြုသည့် ယာဉ်များသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက သီးခြားသတ်မှတ်သည့် အန္တရာယ်မဖြစ်နိုင်သည့် အမြန်နှုန်းအတွင်း မောင်းနှင်ခွင့်ရှိသည်။

၁၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်ခွင့်မပြုသည့် မော်တော်ယာဉ်၊ လှည်းနှင့် ဖြတ်သန်းသွားလာခွင့်မပြုသည့်အခြားယာဉ်များမောင်းနှင်ခြင်း သို့မဟုတ် ရပ်နားခြင်း၊ လူ၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းကြောင့် လူနှင့်ပစ္စည်းထိခိုက်မှု သို့မဟုတ် သေဆုံးမှုဖြစ်ပေါ်ပါက ဥပဒေနှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ၍ မောင်းနှင်သည့် မော်တော်ယာဉ်၏ ယာဉ်မောင်းတွင် တာဝန်မရှိစေရ။

**အခန်း(၈)**

**တားမြစ်ချက်များ**

၁၄။ အမြန်လမ်းမကြီးပေါ်တွင် လမ်းလုပ်ငန်းဆောင်ရွက်သည့် လုပ်သားများ၊ တာဝန်ယူကြီးကြပ်သူများ၊ မောင်းနှင်ခွင့်ပြုထားသည့် မော်တော်ယာဉ်များ သွားလာခြင်းမှအပ မည်သူမျှ ခြေကျင်သွားခြင်း၊ စက်ဘီး သို့မဟုတ် မော်တော်ဆိုင်ကယ် စီးနင်းသွားလာခြင်း၊ ထော်လာဂျီကဲ့သို့ အနှေးယာဉ်ဖြင့် သွားလာခြင်း၊ လှည်းနှင့် တိရစ္ဆာန်များ အပါအဝင် အခြားတားမြစ်သည့် ယာဉ်များသွားလာခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းခြင်း၊ သွားလာခြင်း၊ နားနေခြင်း မပြုရ။

၁၅။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုရ-

(က) အမြန်လမ်းမကြီးအင်္ဂါရပ်များကို ပျက်စီးစေခြင်း၊

(ခ) အမြန်လမ်းမကြီးအင်္ဂါရပ်များကို ဖယ်ရှားခြင်း သို့မဟုတ် ယာဉ်သွားလာမှုကို အဟန့်အတားဖြစ်စေခြင်း၊

(ဂ) အမြန်လမ်းမကြီး၏နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်ခြင်း၊

(ဃ) အမြန်လမ်းမကြီးကို အသုံးပြုသွားလာနေသော မော်တော်ယာဉ်များနှင့် စီးနင်းလိုက်ပါလာသူများကို အန္တရာယ်ဖြစ်စေခြင်း။

၁၆။ မည်သူမျှ ဝန်ကြီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုရ-

(က) အမြန်လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ်ဆောက်လုပ်ခြင်း၊

( ခ ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊

( ဂ ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးယူခြင်း။

၁၇။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုရ-

(က) အမြန်လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

( ခ ) အမြန်လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါ ယာဉ်ကို ခွင့်ပြုချက်မရှိဘဲ မောင်းနှင်ခြင်း၊

( ဂ ) အမြန်လမ်းမကြီး၏ နယ်နိမိတ်အတွင်း အမြန်လမ်းမကြီးအုပ်ချုပ်မှုကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသည်ဟု သတ်မှတ်သောသစ်ပင်များကို ရှင်းလင်းခြင်းနှင့်လမ်းတိုးချဲ့ရန်အတွက် သစ်ပင်များကိုရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ဃ) အမြန်လမ်းမကြီး၏နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

**အခန်း(၉)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၁၈။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၁၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုသုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုရှိပါက ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

၂၂။ မည်သူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက် သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်တစ်ခုခုပါ ပြဋ္ဌာန်းချက်တစ်ခုခုကို ဆန့်ကျင်လျှင် ထိုပြစ်မှုအတွက် သီးခြားပြစ်ဒဏ်ပြဋ္ဌာန်းမထားပါက ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှအများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည့်အပြင် အမြန်လမ်းမကြီးဆိုင်ရာ ပစ္စည်းပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နှစ်သစ်မင်္ဂလာဆုမွန်တောင်း

ပျော်ရွှင်စရာအတာသင်္ကြန်ကို ဖြတ်သန်းခဲ့ပြီး မြန်မာတို့၏ နှစ်သစ်အခါသမယတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်းနှင့် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေကြောင်း ကောင်းသန့်(မြန်မာဒံပေါက်)မိသားစုမှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ကောင်းသန့် (မြန်မာဒံပေါက်)**
**မိသားစု**


## သဇင်

အာမခံ စိန်၊ ရွှေ၊ ပလပ်တီနမ် ဆိုင်

"နှစ်သစ်တွင် မိတ်ဟောင်းမိတ်သစ်များ မင်္ဂလာအပေါင်းနှင့် ထာဝရပြည့်စုံနိုင်ကြပါစေ"

- ရောင်းသူနှင့် ဝယ်သူကြား သစ္စာတရားကို လက်ကိုင်ထား၍ ရောင်းချပေးနေသော သစ္စာရွှေဆိုင်မှ ဆိုင်သစ်ကြီးကို ထပ်မံဖွင့်လှစ်လိုက်ပါသည်။
- ဆိုင်သစ်ကြီးတွင် အရည်အသွေးမြင့် ခေတ်မီဆန်းပြားဒီဇိုင်းဆန်း ပလက်တီနမ်၊ စိန် နှင့် ရွှေထည် လက်ဝတ်ရတနာများကို တိကျမှန်ကန်သော Digital စက်ဖြင့်ချိန်တွယ်၍ ပွင့်လင်းမှန်ကန်စွာဖြင့် ရောင်းချပေးမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆိုင်(၁)- အမှတ် (၄၃၆)၊ မဟာဗန္ဓုလလမ်း၊ ၂၉-လမ်းထိပ်၊ ဖုန်း - ၀၁-၃၈၄၈၆၆၊ ၀၉-၄၄၈၂၀၇၇၇၇
ဆိုင်(၂)- အမှတ် (၅၃၀)၊ မဟာဗန္ဓုလလမ်း၊ ၂၇-လမ်းထိပ်၊ ဖုန်း - ၀၁-၂၄၆၁၂၀၊ ၀၉-၂၅၉၂၅၉၁၈၈



ပညာမြင်းမိုရ်၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ်-ဏတ၁၃/၀၉/၀၂၈

၅-တန်းမှ ၁၀-တန်းအထိ

## ပညာမြင်းမိုရ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

၈တန်း၊ ၉တန်း၊ ၁၀တန်း ဧပြီ (၂၃)စမည်။

ဖုန်း- 09 31233275, 01-562830, 09 73004720, 09 259258407

Guide



## ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

Ph:09-512-1284, 09-420-707802



Beauty Salon, KTV, Restaurant

## ဝန်ထမ်းအလိုရှိသည်

Supervisor
Waiter

Ph:09-252541155, 09-30735773



## ပညာပါရမီ

ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း

(၉)တန်း၊ (၁၀)တန်း အဆင့်မြင့်ဘော်ဒါ


## သိရှိစေရန်

ကျိုင်းတုံမြို့၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၈၃)၊ ဧရိယာ ၀ဒသမ ၀၁၈ဧကရှိ ဦးအိုက်မတ် အမည်ပေါက် ပိုင်ဆိုင်သောမြေကွက်အား ဦးအိုက်မတ်၏သမီး ပါဆမ်အွန်ထံမှ ကျွန်မ ဒေါ်နန်းခမ်းတစ်မှ ဝယ်ယူပြီး မှတ်ပုံတင်စာချုပ် ပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ မှတ်ပုံတင်စာချုပ်ပြုလုပ်ခြင်းကို ကန့်ကွက်ရန်ရှိသူများ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

**ဒေါ်နန်းခမ်းတစ်**
**၁၃/ကတန(နိုင်)၁၁၂၁၃၁**
**အမှတ် ၉၁၊ နောင်ကွမ်း၊**
**ရပ်ကွက်(၄)၊ ကျိုင်းတုံမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ ၈၊ ဈေးတန်းလမ်းနေ ဦးဇော်ဝင်း ၅/ကဘလ(နိုင်)၀၆၂၁၆၄ နှင့် ဒေါ်နွယ်ရင် ၁၃/လရန(နိုင်)၁၄၄၁၉၂ တို့၏သား မောင်စိုင်းထွန်းစိန် ၁၃/လရန(နိုင်)၁၈၅၄၇၈ သည် မိဘများခွင့်မလွှတ်နိုင်သည့်အပြုအမူများ ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။)

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးဇော်ဝင်း-ဒေါ်နွယ်ရင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၃-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(ဃ)ပါ ဒေါ်သင်းသင်းခိုင် ၁၂/သကတ(နိုင်)၁၂၃၀၉၅ ၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာပါ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေအစား ၃/မာန်ပြေ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ် မြို့နယ်အသီးသီးရှိ ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီဓာတ်အားခွဲရုံများအား ပုတ်ပြတ်(Turn Key)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအတွက် ချိပ်ပိတ်ဈေးနှုန်းများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၂၂-၄-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၁-၅-၂၀၁၅ ရက်၊ မွန်းတည့် ၁၂:၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၅၆၈၀၆၃၅၊ ၀၄၃-၂၂၅၉၁ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3959 ယာဉ်လက်ဝယ်ရှိသူ ဦးမလမ်နော်မော် ၁/မကတ(နိုင်)၀၄၅၁၈၀က ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ တင်ပြသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ် ၃၈၈ နှင့် ၃၈၉ မြေကွက်(၂)ကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

(က) မြေတိုင်း ၃၄၊ မြေကွက်အမှတ် ၃၈၈၊ ဧရိယာ ၀ဒသမ ၀၅၇ဧက၊ အမည်ပေါက် ဦးခင်မြ (DH-၀၀၂၄၉၂)
(ခ) မြေတိုင်း ၃၄၊ မြေကွက်အမှတ် ၃၈၉၊ ဧရိယာ ၀ဒသမ ၀၅၇ဧက၊ အမည်ပေါက် ဦးကျော်ဝင်း (TRY-၀၉၀၉၄၀)တို့ထံမှ

၂၁-၃-၂၀၀၃ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၂၀၄/၂၀၀၃ နှင့် ၂၀၅/၂၀၀၃ တို့အရ ဝယ်ယူပိုင်ဆိုင်ခဲ့သူ လီအိုင်တင်(ခ)ဒေါ်မို့မို့ခိုင် ၁၁/စတန(ပြု)၀၀၀၀၁၆ထံမှ မှတ်ပုံတင်ကိုယ်စားလှယ်စာအမှတ် ၇၂၈၅/၂၀၀၃ (၉-၁၂-၂၀၀၃)အရ ဦးစိုးလွင် ၁၂/ဒဂန(နိုင်)၀၁၂၆၁၆ ကေပိုင်အိုင်-၀၀၀၅၀၅ မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းထံမှ မှတ်ပုံတင်ကိုယ်စားလှယ်စာအမှတ် ၇၁၁၈/၂၀၀၃ (၅-၁၀-၀၀၅) အရ ဒေါ်ခင်မမငွေး ၁၂/မဂတ(နိုင်)၀၁၆၆၃၈ မှ ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)
**ဦးသန့်ဇော်** တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား တစ်ဦးတစ်ယောက်က တရားစွဲဆိုရန် သို့မဟုတ် ခုခံချေပနိုင်ရန် ချအပ်သည့်နို့တစ်စာ

**(တရားကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈)**

**လားရှိုးခရိုင်တရားရုံး၊ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၇**

ဦးကျန်ကွယ်ဖျင် (ကိုးကန့်နှစ်ခြင်းခရစ်ယာန်အသင်းတော် အတွင်းရေးမှူး) မန်နားရွာသစ်၊ ဟူးမွန်ကျေးရွာအုပ်စု၊ လားရှိုးမြို့
**နှင့်**
၁။ ဦးရန်ချင်းဂူ
၂။ မောင်ရန်ခိုင်ဟွာ } အတူနေသားအဖ

**တရားလို** **တရားပြိုင်များ**

ကိုးကန့်နှစ်ခြင်းအသင်းတော်အဖွဲ့ဝင်များနှင့် အကျိုးသက်ဆိုင်သူများအားလုံး သိစေရမည်။ တရားလို ဦးကျန်ကွယ်ဖျင်၊ အတွင်းရေးမှူး(ကိုးကန့်နှစ်ခြင်းအသင်းတော်နှင့် အဖွဲ့ဝင်များကိုယ်စား)က အထက်ပါတရားမှု တရားလိုသည် အသင်းတော်ပိုင် လားရှိုးမြို့၊ ဟူးမွန်ကျေးရွာအုပ်စု၊ အကွက်အမှတ်(မန်နား)၊ ဦးပိုင်အမှတ်(လ/၈၂)၊ မြေချိန်ဧရိယာ ၃ဒသမ ၁၀ဧကရှိ ရွာမြေကွက်အတွင်း ဝင်ရောက်ကျူးကျော်ရှင်းလင်းစိုက်ပျိုးခြင်းမပြုရန် အမြဲတမ်းတားဝရမ်း ထုတ်ပေးစေလိုကြောင်း စွဲဆိုသည်ဖြစ်၍ အငြင်းမပွားသည့် အကြောင်းအရာအရပ်ရပ်ကို ရုံးတော်က ကောင်းမွန်စွာအပြည့်အစုံ(စီရင်ဆုံးဖြတ်)ရှင်းလင်းရန်။ ၂၀၁၅ခုနှစ် မေ ၁၁ရက်တွင် သို့မဟုတ် ၎င်းရက်မတိုင်မီ ဤကဲ့သို့အကျိုးတစ်ရပ်တည်းတွင် သက်ဆိုင်သူအားလုံးကိုယ်စား ထည့်သွင်းရန် သဘောတူ၊ မတူကို ရုံးတော်တွင် လျှောက်ထားရမည့်အကြောင်း နို့တစ်ချအပ်ပါသည်။ ၂၀၁၅ခုနှစ် ဧပြီ ၉ရက်တွင် ယခု ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**လားရှိုးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

[illegible]

B.G.P, LL.B, D.B.L, D.M.L, D.I.L

[illegible] MAC Tower [illegible]

[illegible]

[illegible]

(LL.B)

[illegible]

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ နှစ်(၆၀)တန်းစား မြေကွက်အမှတ် ၉၇၄/A၊ အလျားပေ ၈၀×အနံပေ ၆၀ ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇင်ကိုကို ၁၂/ဥကတ(နိုင်)၁၄၈၉၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ရက် ၂၀ အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးဝင်း(LL.B)**
**အထက်တန်းရှေ့နေ**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၅၈၄၄၇၂၆၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁-၂၀၁၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၄) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၈) ဦးကျော်ရင်သန်း၏ ဂရန်သစ်တွင် မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၀၆၀၃၈ အစား ၁၂/တမန(ယ)၀၀၆၀၃၈ ဟု ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ(၂) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၃) ဦးဝင်းမြင့်၏ ဂရန်သစ်တွင် လျှောက်ထားသူအမည် ဦးဝင်းမြင့်အစား ဟာဘီအူလ္လာ(ခ)ဝင်းမြင့်ဟု ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၈) ဦးဝင်းမြင့်၏ ဂရန်သစ်တွင်လျှောက်ထားသူအမည် ဦးဝင်းမြင့်အစား ဟာဘီအူလ္လာ(ခ)ဝင်းမြင့် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ(၈) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁၉) ဦးဝင်းမြင့်၏ ဂရန်သစ်တွင် လျှောက်ထားသူအမည် ဦးဝင်းမြင့်အစား ဟာဘီအူလ္လာ(ခ)ဝင်းမြင့်ဟု ဖတ်ရှုပါရန်။

[illegible]

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၃ ၊ မြေကွက်အမှတ် ၁၉၄၊ မြေကွက်တည်နေရာအမှတ်-၁၉၄၊ လှော်ကားလမ်း၊ (၁၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (ဒေါ်သန်းမြင့်) CE-၀၇၆၅၉၁၊ ၁၂/သကတ(နိုင်)၁၀၄၁၄၂ မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အကွက်အမှတ်(၃၃/၃)၊ ဦးပိုင်အမှတ် (၁၁၁)၊ မြေဧရိယာ ၀ဒသမ ၁၁၀ဧကရှိ မြေကွက်သည် ဦးလဇတ်လွန်းဒေါင် ၁/မကန(နိုင်)၀၂၅၃၁၇ အမည်ဖြင့် အမှုတွဲအမှတ် ၇၈၄/V(၈၉-၉၀)အရ ၃၀-၆-၁၉၉၉ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိထားရာ ၎င်းမြေငှားဂရန်မှာ နေအိမ်သန့်ရှင်းရေးလုပ်ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် မိတ္တူကူးယူခွင့်ပြုရန် ဦးလဇတ်လွန်းဒေါင် ၁/မကန(နိုင်)၀၂၅၃၁၇ မှ တင်ပြတောင်းခံ လျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန် မိတ္တူကူးယူခွင့် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသွားသည်ဟု တင်ပြသော မြေငှားဂရန်မူရင်းကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible]

[illegible] Win Progress Co., Ltd [illegible] Sale Man [illegible]

[illegible] (H.G.P, LL.B, D.B.L) [illegible] (H.G.P, LL.B, D.B.L) [illegible]

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊မြေကွက်အမှတ် ၄၇၁/ခ၊ မြေကွက်တည်နေရာအမှတ်-၄၇၁/ခ၊ (၁၀) ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဟန်သိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဟန်သိန်းထံမှ ပိုင်ဆိုင်ကြောင်း စာချုပ် ၁၁၂၅(၁၈-၃-၁၃)ဖြင့် ရရှိသူ ဒေါ်လုံးပု ၁၂/ဥကတ(နိုင်)၀၂၆၈၂၂ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ်(၁၀၉၃ ၁/၂) မြေကွက်တည်နေရာအမှတ်(၁၀၉၃ ၁/၂)၊သုခမ္မာ ၅လမ်း ဦးသန်းနိုင် ၁၂/ဥကမ(နိုင်)၀၉၆၅၇၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးသန်းနိုင်ကွယ်လွန်သဖြင့် ဒေါ်လှကြည် ၁၂/ဥကမ(နိုင်)၀၉၆၅၆၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၇၂၈/၁၅)ဖြင့်ရရှိသူ ဦးပြည့်ဖြိုးအောင် ၁၂/ရပသ(နိုင်)၀၃၉၈၀၄ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၉)နေ ဒုအရာခံဗိုလ်ခင်ထွန်း(ငြိမ်း) ၇/ပခန(နိုင်)၀၁၉၂၁၃-ဒေါ်မြင့်မြင့်ဦး ၇/ပခန(နိုင်)၀၀၄၆၃၂တို့၏သား မောင်ဉာဏ်ဝင်းထွန်း ၆/သရခ(နိုင်)၀၈၄၄၄၄သည် မိဘများ၏ဆိုဆုံးမမှုကို နားမထောင်၊ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မိဘနှစ်ဖက်ဆွေမျိုးများနှင့် မသက်ဆိုင်တော့ပါ။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝ တာဝန်မယူပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဒုအရာခံဗိုလ်ခင်ထွန်း(ငြိမ်း)-ဒေါ်မြင့်မြင့်ဦး**

[illegible]

[illegible]

[illegible]

| စဉ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂၀ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/တောင်)၊ မြေကွက်အမှတ်(၁၈၆/က)၊ မြေကွက်တည်နေရာအမှတ်(၁၈၆/က)၊ မေတ္တာလမ်းသွယ် ၂လမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးပီအမ်ပန်ဒစ် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးပီအမ်ပန်ဒစ်(ဖခင်)နှင့် ဒေါ်ရှကူဆိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဦးမနီး ၁၂/သဃက(နိုင်)၁၄၄၃၄၂၊ ၂။ ဦးကနကရာကြီး ၁၂/သဃက(နိုင်)၁၅၁၀၁၃၊ ၃။ ဦးမော်ဂန် ၁၂/သဃက(နိုင်)၀၃၅၃၇၀၊ ၄။ ဦးဘာနီ(အက်စ်စီဂျီ-၀၁၂၇၄၀)၊ ၅။ ဒေါ်ဘေဘီ ၁၂/သဃက(နိုင်)၁၄၄၆၇၇၊ ၆။ ဦးချာကရာဘာနီ ၁၂/သဃက(နိုင်)၁၅၆၅၆၇၊ ၇။ ဒေါ်ကစ္စနာဒဖေးနီး ၁၂/သဃက(နိုင်)၁၄၄၆၇၅၊ ၈။ ဦးမနီဂါ ၁၂/သဃက(နိုင်)၁၇၂၅၈၀၊ ၉။ ဒေါ်ကတ်စ်တူးရီ ၁၂/သဃက(နိုင်)၁၈၃၂၂၆၊ ၁၀။ ဦးရာဂျန်း ၁၂/သဃက(နိုင်)၁၃၉၉၆၇ တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၉-၉-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ (၇) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ ဒေါပုံမြို့နယ် ဒေါ်သန်းမြင့်၏ မြေပုံကူးတွင် ပိုင်ဆိုင်ကြောင်းစာချုပ်ရန်အစား ပိုင်ဆိုင်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးဟု ဖတ်ရှုပါရန်။

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာရှိ တိုက်အမှတ် ၃၅၊ အခန်းအမှတ် ၁၀၂ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထိန်လင်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်သွယ်သွယ်သိန်း ၁၂/သဃက(နိုင်)၀၁၃၇၇၇က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့်ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးတင်မြင့် ၁၂/လမန(နိုင်)၀၇၀၂၂၁(မှ) ဦးတင်လှ AD-၀၆၈၉၈၂(မှ) | ဦးသက်နိုင် ၁၂/စခန(နိုင်)၀၂၄၇၈၃ | တိုက် ၄၊ အခန်း ၆၂၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၂၁၁၆/က၊ မြေကွက်တည်နေရာအမှတ် ၂၁၁၆/က၊ ဇေယျာဝတီ ၂ လမ်း၊ သာကေတမြို့နယ် (ဒေါ်မြင့်သောင်း၊ ဦးစိုးရင်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစိုးရင် ၁၂/သကတ(နိုင်)၀၈၉၇၂၈ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၆၄၆/၁၄/၃၀-၅-၂၀၁၄ ရသူ ဒေါ်ကြည်ကြည်မြင့် ၁၂/သကတ(နိုင်)၁၀၂၄၇၈ မှ ကျန်အမည်ပေါက် ဒေါ်မြင့်သောင်း ၁၂/သကတ(နိုင်)၀၈၉၇၇၉နှင့်ပူးတွဲ၍ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကျင်တီ

### အသက်(၈၅)နှစ်

Dr. နေဝင်းရှိန်(အထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ ပဲခူးမြို့)-Dr. ဒေါ်မြင့်မြင့်ကြူ (အထူးကုဆရာဝန်ကြီး၊ မျက်စိ၊ အထွေထွေရောဂါကုဆေးရုံကြီး၊ တောင်ငူမြို့)၏ မိခင်ကြီးသည် ၉-၄-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တောင်ငူပြည်သူ့ဆေးရုံကြီးမိသားစု**

[illegible]

| စဉ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂၀ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]

[illegible]

| စဉ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၃ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၄ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၅ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၆ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၇ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၈ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၉ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

[illegible]